ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

**ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 23 July 2019 ၉၇၁၉

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်၌ ရှင်းလင်း

နေပြည်တော် ဇူလိုင် ၂၂

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ဧရာဝတီမြစ်ရေလမ်း ဖွံ့ဖြိုးရေးလုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဖလမ်း လေဆိပ်သစ် တည်ဆောက်ရေးလုပ်ငန်းနှင့် သံတွဲလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏ မြန်မာဂြိုဟ်တုစနစ်စီမံကိန်းနှင့် GMDSS စက်ပစ္စည်းများ အဆင့်မြှင့်တင်၍ ကမ်းရိုးတန်းတစ်လျှောက် ရေဒီယိုစခန်း ၁၉ ခု အသစ်တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တွန်းရေယာဉ်သစ် တိုးချဲ့တည်ဆောက်ခြင်းနှင့် တန် ၁၅၀၀ ကုန်တင်တွဲ ရေယာဉ်တည်ဆောက်ခြင်း လုပ်ငန်းများ၊ မြန်မာ့စာတိုက်လုပ်ငန်း၏ ခေါင်လံဖူး၊ ရွှေပြည်သာ၊ အင်းတော်၊ မြိတ်တပ်မြေ၊ ရေနီ၊ ရွှေသောင်ယံ၊ ငွေဆောင်နှင့် မာန်အောင်တို့တွင် စာတိုက်ရုံခွဲ ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ တွန်းဆွဲရေယာဉ်တည်ဆောက်ခြင်းနှင့် ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်းကို အထွေထွေမွမ်းမံခြင်းလုပ်ငန်းများအတွက် အဓိကလျာထားပါကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

## ကြေးမုံ ယနေ့ ဖတ်စရာ

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စာပေအနုပညာရှင်များ၏ မိတ်ဆုံညစာစားပွဲ**
မောင်မိုးသူ၏ ဆောင်းပါး - စာမျက်နှာ » ၆

**ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရမှုအတွက် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား အသိအမှတ်ပြု ဂုဏ်ပြုပွဲကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ**
စာမျက်နှာ » ၃

**လွှတ်တော်အတွင်း ဆွေးနွေးခဲ့သည့် မြို့ပြနှင့် ကျေးလက်ကွာဟချက် လျော့နည်းစေမည့် ပညာရေးအဆိုတစ်ခု**
မိုးကေနိုင်၏ ဆောင်းပါး - စာမျက်နှာ » ၁၀

## ဧရာဝတီမြစ်ရေ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**မိုး/ဇလ**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

(ဇူလိုင် ၂၂ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**



ကြေးမုံ

# စည်းကမ်းလိုက်နာခြင်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်

စည်းကမ်းဟူသည် ဆင်းရဲချမ်းသာမရွေး လိုက်နာကျင့်သုံးအပ်သော ကိစ္စဖြစ်သည်။ စည်းကမ်းလိုက်နာခြင်း၊ မလိုက်နာခြင်းသည် မိမိတို့၏ အသိစိတ်ဓာတ်ရှိ၊ မရှိအပေါ်တွင် မူတည်သည်။ စည်းကမ်းလိုက်နာတတ်သောသူသည် မည်မျှပင် ဆင်းရဲနွမ်းပါးသော်လည်း ဂုဏ်ကျက်သရေရှိသော နိုင်ငံကြီးသားတစ်ယောက် ဖြစ်ပေလိမ့်မည်။ စည်းကမ်းမလိုက်နာသူသည် မည်မျှပင် ချမ်းသာကြွယ်ဝစေကာမူ ဂုဏ်သိက္ခာမရှိသော အဆင့်အတန်းနိမ့်သူသာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် စည်းကမ်းသည် ဆင်းရဲချမ်းသာနှင့်မသက်ဆိုင်၊ ပင်ကိုအသိစိတ်ဓာတ်နှင့်သာ သက်ဆိုင်သည်။ စည်းကမ်းသည် လူတိုင်း လူတိုင်းနှင့်သက်ဆိုင်သည်။ လူ့စည်းကမ်း၊ အိမ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ကျောင်းစည်းကမ်း၊ မြို့စည်းကမ်း၊ နိုင်ငံစည်းကမ်း စသည့်စည်းကမ်းအားလုံးတို့သည် လူတိုင်း လူတိုင်းနှင့်သက်ဆိုင်သည်။ သူစည်းကမ်းမရှိလျှင် ငါစည်းကမ်းမရှိ၊ ငါစည်းကမ်းဖောက်လျှင် သူစည်းကမ်းဖောက်မည်ဟု ခံယူထားလျှင် ဘယ်သောအခါမျှ စည်းကမ်းရှိသော လူ့အသိုင်းအဝိုင်း ဖြစ်လာလိမ့်မည်မဟုတ်ချေ။

စည်းကမ်းဟူသည် လူတစ်ဦးချင်း၊ လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်းတစ်ခုလုံးအတွက် လူတိုင်းလိုက်နာစောင့်ထိန်းအပ်သည့် ကျင့်ဝတ်ဖြစ်သည်။ မကြာသေးမီက ရန်ကုန်မြို့တွင် ဂျပန်နိုင်ငံမှ ဆောက်လုပ်လှူဒါန်းပေးသော အလွန်ကောင်းမွန်လှပသည့် တံတားအသစ်လက်ရန်းပေါ်တွင် လူတို့၏အဝတ်အထည်များကို လျှော်ဖွပ်လှမ်းထားသည့်မြင်ကွင်းမှာ စည်းကမ်းမရှိသော ပတ်ဝန်းကျင်နှင့် ထိန်းသိမ်းကြပ်မတ်မှု အားနည်းခြင်းကိုဖော်ပြသည့် အကျည်းတန်သော မြင်ကွင်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ထုတ်ဖော်ပြသမည်ဆိုပါက ရန်ကုန်မြို့ကို စံနမူနာပြဖြစ်အောင် ပြသရမည်ဖြစ်သည်။ စည်းကမ်းရှိသော ရန်ကုန်မြို့ဖြစ်မှသာ နိုင်ငံတကာမှ အထင်ကြီးလေးစားမည်ဖြစ်သည်။ စည်းကမ်းလိုက်နာခြင်း ရှိ၊ မရှိနှင့်ပတ်သက်၍ ရန်ကုန်မြို့ရှိ အများပြည်သူသုံး ပလက်ဖောင်းများက သက်သေပြနေသည်။ ပြည်သူများ စည်းကမ်းမလိုက်နာ၍ မော်တော်ယာဉ်များ စည်းကမ်းမလိုက်နာခြင်းလော၊ မော်တော်ယာဉ်များ စည်းကမ်းမလိုက်နာ၍ ပြည်သူများ စည်းကမ်းမလိုက်နာခြင်းလော ဝေခွဲမရဖြစ်ရသည်။ အမှန်တကယ်တွင် ကိုယ်စီကိုယ်စီ စည်းကမ်းလိုက်နာပါမှ စည်းကမ်းရှိသောမြင်ကွင်းဖြစ်မည်။

စည်းကမ်းသည် ကျင့်ကြံလိုက်နာအားထုတ်ရမည့် အလုပ်ဖြစ်သည်။ စည်းကမ်းသည် လူတို့အား ချုပ်ချယ်ခြင်းမဟုတ်၊ လူ့ပတ်ဝန်းကျင်ကောင်းမွန်တင့်တယ်ရေးအတွက် ပြဋ္ဌာန်းချက်ဖြစ်သည်။ စည်းကမ်းရှိလျှင် နိုင်ငံတိုးတက်ကောင်းမွန်ပြီး စည်းကမ်းမရှိလျှင် နိုင်ငံဖရိုဖရဲဖြစ်၍ အခြားနိုင်ငံများ၏ အထင်သေး အမြင်သေးခံရနိုင်သည်။ ယုတ်စွအဆုံး နိုင်ငံပျက်စီးယိုယွင်းသည်အထိဖြစ်နိုင်၍ စည်းကမ်းဖောက်လျှင် ထီးနန်းပျောက်မည်ဟု ဥပမာပေးထားခြင်းဖြစ်သည်။

စည်းကမ်းသည် ကူးစက်တတ်သည့်သဘောရှိသည်။ ရေများ ရေနိုင်၊ မီးများ မီးနိုင်ဆိုသကဲ့သို့ စည်းကမ်းဖောက်မှုများလာလျှင် စည်းကမ်းထိန်းမှုပြုလုပ်နိုင်တော့မည်မဟုတ်သည်ကို ယနေ့မြင်ကွင်းများက သက်သေပြနေသည်။ စည်းကမ်းကို လူတို့၏ပင်ကိုအသိစိတ်ဖြင့် ပြုပြင်နိုင်ပြီး စည်းကမ်းလိုက်နာစေရန် သက်ဆိုင်ရာတို့က တိတိကျကျ ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်သည်။

ယနေ့ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် အတော်များများ စည်းကမ်းမဲ့နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ စည်းကမ်းမဲ့မှုများလျှင် ကျွန်ုပ်တို့ပတ်ဝန်းကျင်၊ ကျွန်ုပ်တို့နိုင်ငံ ဂုဏ်သိက္ခာမြင့်မားရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေနိုင်၍ အသိတရားဖြင့် သတိထား၍ သတ်မှတ်ထားသော စည်းကမ်းများကို အားလုံးလိုက်နာကြရမည် ဖြစ်ပါသတည်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် အာရှဗဟိုဘဏ်များငွေစာရင်းရှင်းလင်းရေးအဖွဲ့(အေစီယူ)၏ (၄၈) ကြိမ်မြောက် ဒါရိုက်တာအဖွဲ့အစည်းအဝေးတက်ရောက်

**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်အထိ ဘူတန်နိုင်ငံ ပါရိုမြို့တွင် ကျင်းပသည့် (၄၈)ကြိမ်မြောက် အေစီယူဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။




**တက်ရောက်**

အစည်းအဝေးသို့ အေစီယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အီရန်၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာနှင့် မော်လဒိုက်နိုင်ငံများ၏ ဗဟိုဘဏ်များမှ ဒါရိုက်တာအဖွဲ့ဝင် ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**အပြန်အလှန်ဆွေးနွေး**

အစည်းအဝေး၌ အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလားအလာ၊ ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်အတွင်း အေစီယူ၏ ဆောင်ရွက်မှုများနှင့် တိုးတက်အောင်မြင်မှု၊ အေစီယူစနစ်အတွင်း ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးဆိုင်ရာများ၊ ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား စည်းမျဉ်းဆိုင်ရာထိန်းကျောင်းမှု၊ ဗဟိုဘဏ်များအနေဖြင့် ငွေရေးကြေးရေးနည်းပညာတိုးတက်လာမှုများနှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေး၊ အေစီယူ၌ အဖွဲ့ဝင်နိုင်ငံများ ပိုမိုတိုးတက်လာစေရေးနှင့် အားကောင်းခိုင်မာလာစေရေးဆိုင်ရာတို့နှင့်စပ်လျဉ်း၍ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**






# အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ်(၉၈)၊ (၉၉)၊ (၁၀၀) သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၂၂**

အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ်(၉၈)၊ (၉၉)၊ (၁၀၀)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခ်ခန်းမတွင် ယနေ့ နံနက် ၈ နာရီကကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)ဦးဇော်မိုးဝင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ယင်းသင်တန်းဖွင့်ပွဲသို့ ကျောင်းအုပ်ကြီး/ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခ (ပညာဌာနမှူး)များ၊ ဌာနမှူး/ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၉၈)၊ (၉၉)၊ (၁၀၀)သို့ တက်ရောက်ကြသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဦးစီးမှူးအဆင့်ရှိ အရာထမ်းငယ် သင်တန်းသား ၁၆၅ ဦး၊ သင်တန်းသူ ၂၀၆ ဦး စုစုပေါင်း ၃၇၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၂၂**

ရန်ကုန်(ရွှေဈေး) ၁၁၄၉၀၀၀ - ၁၁၄၉၀၀၀ မန္တလေး(ရွှေဈေး) ၁၁၄၉၀၀၀ - ၁၁၄၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၀/၉၃၀ ကျပ် | ၉၄၀/၉၅၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၉၁၀ ကျပ် | ၉၅၀/၉၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၂၀ ကျပ် | ၈၅၀/၈၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၄၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၀/၇၇၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၀.၈ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၄.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၉.၅၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၉၈၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၃၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၀၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၀.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၃၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၃.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၀.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်၊

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဒီ ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမ အထွေထွေလျှောက်ထားမှု(စာချွန်တော်) လေးမှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးအောင်ဇော်သိန်းနှင့် ဦးမျိုးတင့်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)တွင် ရုံးထိုင်ပြီး တရားမ အထွေထွေလျှောက်ထားမှု(စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု(စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေ လျှောက်ထားမှု (စာချွန်တော်) လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရမှုအတွက် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား အသိအမှတ်ပြုဂုဏ်ပြုပွဲကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရမှုအတွက် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များအား အသိအမှတ်ပြုဂုဏ်ပြုပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်လုပ်ငန်းရှင်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစားသောက်ကုန်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အလှူငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယနေ့အခမ်းအနားမှာ ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရနိုင်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များကို အသိအမှတ်ပြုဂုဏ်ပြုပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များက အလှူလာရောက်လှူဒါန်းကြခြင်းဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသတစ်ခုဖြစ်သော ပုဂံယဉ်ကျေးမှုဒေသကို UNESCO အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်မြောက်ရေးအတွက် နှစ်ကာလရှည်ကြာစွာ ဦးဆောင် ဆောင်ရွက်ခဲ့သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တကွ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အခြားသောဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပုဂံဒေသကို စနစ်ကျနသော ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်မြောက်ရေးအတွက် လိုက်နာရမည့် လိုအပ်သော ဥပဒေလုပ်ထုံးလုပ်နည်းများ၊ စီမံချက်များချမှတ်ရာတွင်လည်း ခရီးသွားလုပ်ငန်းကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အခမ်းအနားကို တက်ရောက်ချီးမြှင့်ပေးပါသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တကွ ဌာနအကြီးအကဲများ၊ အလှူငွေ ပေးအပ်လှူဒါန်းပါသော အသင်းအဖွဲ့များကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်လုပ်ငန်းရှင်များက စုပေါင်းအလှူငွေကျပ် သိန်း ၁၀၀၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းက အလှူငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက အလှူငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ စားသောက်ကုန်လုပ်ငန်းရှင်များအသင်းက အလှူငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သက္ကယ်ကျင်း-ဖောင်းပြင်လမ်း၊ ဂန့်ဂေါ - ကလေးလမ်းနှင့် ကမ္မားနီတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးကျော်လင်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ဇူလိုင် ၂၀ ရက်က သက္ကယ်ကျင်း - ဖောင်းပြင်-ဟုမ္မလင်း - ခန္တီးလမ်း (သက္ကယ်ကျင်း - ဖောင်းပြင်အပိုင်း) မိုင်တိုင်(၂၇/၂)ကြား မုဆိုးလမ်းကူးနေရာတွင် လမ်းသားပြိုကျနေ၍ စက်ယန္တရားများဖြင့် လမ်းတာဖို့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဂန့်ဂေါ-ကလေးလမ်း မိုင်တိုင် (၇၂/၀ - ၇၂/၁) ကြားတွင် လမ်းပေါ် ရေကျော်သဖြင့် လမ်းတာပေါင်မြှင့်၍ ၁၈ ပေ အကျယ်ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြေသားတာပေါင်မြှင့်တင်ရာတွင် မြေသားသိပ်သည်းမှုရရှိအောင် စနစ်တကျဆောင်ရွက်ပြီး ကတ္တရာလမ်းခင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားအထူးအဖွဲ့(၅)မှ တည်ဆောက်သော ကမ္မားနီ သံကူကွန်ကရစ်တံတားသစ်တည်ဆောက်နေသော လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။ ကမ္မားနီတံတားသည် အရှည် ၅၉၅ ပေရှိ နှစ်လမ်းသွားတံတားဖြစ်ပြီး အောက်ထည် ဘိုးပိုင် အုတ်မြစ်နှင့်အပေါ်ထည် သံကူကွန်ကရစ်တံတား အမျိုးအစား ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ လမ်းမိုင်တိုင် (၆၆/၄) ရှိ မှန်တောရွာမှ ဟားခါးသို့ လမ်းသစ် ဖောက်လုပ်မည့် Alignment အသစ်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၁ ရက်တွင် ဂန့်ဂေါ - ထီးလင်း - ကျောက်ထု -ဆောလမ်းတစ်လျှောက်နှင့် ကျောက်ထုမြို့အဝင် ဂုံးဘိုရှိ အရှည်ပေ ၆၉၀ ဘေလီတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တံတား၏ Bailey Parts များဖြစ်သော Bolts & Nuts များနှင့် အခြားအစိတ်အပိုင်းများတွင် ပြည့်စုံကောင်းမွန်မှုရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်သွားရန် မှာကြားသည်။

**မှာကြား**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သီးကုန်း - လောင်းရှည်-စေတုတ္တရာလမ်းနှင့် ပဒါန်း- ငဖဲ- စေတုတ္တရာလမ်း တစ်လျှောက်နှင့် ပုသိမ် - မုံရွာလမ်း(မကွေးတိုင်းဒေသကြီးအပိုင်း) မင်းတုန်းမြို့နယ် မိုင်တိုင်(၂၀၅/၂ - ၂၀၅/၆) ကြား ယာဉ်အန္တရာယ်အဖြစ်များသော မွေးကြိုင်ကွေ့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါလမ်းအကွေ့နေရာ၌ လတ်တလော သိသာမြင်သာအောင် အန္တရာယ်သတိပေးဆိုင်းဘုတ်များ စိုက်ထူ၍ Guard Rail များဆောင်ရွက်ပေးရန်နှင့် လမ်းပုံထုတ်ဌာနနှင့် ညှိနှိုင်း၍ Super Elevation မှန်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သရက်-မင်းတုန်းလမ်း မိုင်တိုင် (၂၂/၀) အနီးတွင် Slope Protection အား နည်းပညာအသစ်ဖြင့်ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ယခုမိုးရာသီတွင် မြေသားတည်ငြိမ်မှုအခြေအနေကို စောင့်ကြည့်မှတ်တမ်းတင်ထားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့ပြည်သူ့ဆေးရုံကြီးတွင် မက်သာဒုန်းဆေးရည် တိုက်ကျွေးရေးဌာနသစ်ဖွင့်လှစ်

**ရွှေဘို ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ပြည်သူ့ဆေးရုံကြီးတွင် မက်သာဒုန်းဆေးရည်တိုက်ကျွေးရေးဌာနသစ် ဖွင့်လှစ်ခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၂ရက် နံနက် ၁၀ နာရီက ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်စိုးက မူးယစ်ဆေးစွဲရောဂါကာကွယ်ရေးနှင့် မူးယစ်ဆေးစွဲရောဂါကုသရေး ဝန်ဆောင်မှုများ ပိုမိုလုပ်ဆောင်ရန်လိုအပ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးစွဲရောဂါကုသရေးဌာန စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာပြည့်ပြည့်ဖြိုးက မက်သာဒုန်းဆေးရည် အစားထိုးတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မက်သာဒုန်းဆေးအစားထိုး တိုက်ကျွေးခြင်းကြောင့် မူးယစ်ဆေးသုံးစွဲသူများအနေဖြင့် မူးယစ်ဆေးသုံးစွဲရန် မလိုအပ်တော့သဖြင့် မူးယစ်ဆေးထိုးရာတွင် ဆေးထိုးအပ်မျှဝေသုံးစွဲခြင်းကြောင့် ကူးစက်နိုင်သော HIV ရောဂါ၊ အသည်းရောင် ဘီပိုးနှင့် အသည်းရောင် စီပိုး ရောဂါများ ကူးစက်မှုလျော့နည်းသွားပြီး ဆေးလွန်သေဆုံးမှုများ လျော့နည်းပပျောက်သွားမည်ဖြစ်ကြောင်း ရွှေဘိုမြို့ပြည်သူ့ဆေးရုံကြီး စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးစွဲရောဂါကုသရေးဌာန စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာသစ်သစ်ထွန်းက ပြောကြားသည်။ **မိုးသောက် (ရွှေဘို)**


ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း


ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ


ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ချို


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး

✪ ရှေ့ဖုံးမှ

ထို့ပြင် ပြည်ပအကူအညီနှင့် ပြည်ပချေးငွေတို့ဖြင့် ဆောက်ရွက်မည့် လုပ်ငန်းများတွင် နိုင်ငံတော်အပိုင်းမှ ဆက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် မဖြစ်မနေကျခံရမည့် အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လျာထားပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ရငွေကျပ် ၂၁၆၈ ဒသမ ၃၃၃ ဘီလီယံရရှိရန်လျာထားပြီး သုံးငွေကျပ် ၂၀၂၇ ဒသမ ၂၂၁ ဘီလီယံ လျာထားသည့်အတွက် အသားတင်ပိုငွေ စုစုပေါင်းငွေကျပ် ၁၄၁ ဒသမ ၁၁၂ ဘီလီယံဖြင့် လျာထားခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ရှင်းလင်းပြောကြား**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါစီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဝန်ကြီးဌာနအနေဖြင့် မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်စီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို ဥပဒေကြမ်း၌ တင်ပြထားသည့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေကျပ် ၁၄၆၆ ဒသမ ၅၇၅ ဘီလီယံဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် သာမန်ရငွေလျာထားချက်များကိုပြည့်မီအောင် အကောင်အထည်ဖော်နိုင်ရေး၊ အနာဂတ်ကာလတွင် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှဆောင်ရွက်သော ကော်ပိုရေးရှင်းများအပါအဝင် သာမန်၊ ငွေလုံးငွေရင်း၊ ကြွေးမြီရငွေ စုစုပေါင်းငွေကျပ် ၉၅၆၉ ဒသမ ၉၄၉ ဘီလီယံနှင့် အသုံးစရိတ် စုစုပေါင်းငွေကျပ် ၁၀၂၅၀ ဒသမ ၉၇၃ ဘီလီယံကို ခွင့်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရှင်းလင်းပြောကြား**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများအား ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒ (၅) ရပ်၊ ရည်မှန်းချက် (၄)ရပ်နှင့်အညီ ထိန်းသိမ်းစိစစ်ကြပ်မတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုရေးဆွဲထားသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများတွင် အဓိကအားဖြင့် လွှတ်တော်တွင် ကတိကဝတ်ပြုထားသည့် စီမံကိန်းများကို ဦးစားပေးထည့်သွင်းထားပါကြောင်း၊ ထို့ပြင် Myanmar Sustainable Development Plan (MSDP) အရ မဏ္ဍိုင် (၃)ရပ်၊ ပန်းတိုင်(၅)ရပ်၊ လုပ်ငန်းစဉ် (၂၈)ရပ်တို့နှင့် ကိုက်ညီအောင် ရေးဆွဲထားသည့် စီမံကိန်းများဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ ရငွေလျာထားချက် ငွေကျပ် ၈၀၄ ဒသမ ၄၉၀ ဘီလီယံနှင့် သုံးငွေလျာထားချက် ငွေကျပ် ၁၂၆၅ ဒသမ ၉၅၁ ဘီလီယံတို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးကော်မရှင်တို့က အဆင့်ဆင့်စိစစ်ခဲ့ပြီး ဘတ်ဂျက်သတ်မှတ်မှုဘောင်အတွင်း ရေးဆွဲထားခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရှင်းလင်းပြောကြား**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ဗဟိုဘဏ်အနေဖြင့် နိုင်ငံတော်ထည့်ဝင် ငွေကျပ် ၄၄၂ ဒသမ ၄၈၅ ဘီလီယံ ဖြစ်ပေါ်လာရခြင်းသည် သာမန်ရငွေအနေဖြင့် ငွေကျပ် ၈၈၈ ဒသမ ၀၁၆ ဘီလီယံခန့်မှန်းလျာထားခဲ့ပြီး ကုန်သွယ်မှုအသုံးစရိတ်အနေဖြင့် ငွေကျပ် ၁၅၀ ဒသမ ၆၅၆ ဘီလီယံ ခန့်မှန်းလျာထားခဲ့သည့်အတွက် အမြတ်ရရှိ ငွေကျပ် ၇၃၇ ဒသမ ၃၆၀ ဘီလီယံ ရရှိမည်ဖြစ်ပါကြောင်း၊ အမြတ်ရရှိငွေကျပ် ၇၃၇ ဒသမ ၃၆၀ ဘီလီယံအနက် ၆၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၄၄၂ ဒသမ ၄၈၅ ဘီလီယံအား နိုင်ငံတော်သို့ ထည့်ဝင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ပမာဏ ငွေကျပ် ၄၄၂ ဒသမ ၄၈၅ ဘီလီယံကို သာမန်အသုံးစရိတ်တွင် ထည့်သွင်းလျာထားရသည့်အတွက် သာမန်အသုံးစရိတ် ငွေကျပ် ၅၈၄ ဒသမ ၃၀၃ ဘီလီယံ လျာထားရခြင်းဖြစ်ပါကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ်တွင် ငွေကျပ် ၆၀ ဒသမ ၄၂၃ ဘီလီယံ လျာထားပြီး တည်ဆောက်ရေးလုပ်ငန်း ၁၂ ခုအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ငွေကျပ် သုည ဒသမ ၄၈၈ ဘီလီယံ အပါအဝင် ငွေကျပ် ၁ ဒသမ ၈၉၁ ဘီလီယံ၊ ရုံးသုံးစက်ပစ္စည်းများဝယ်ယူခြင်းအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဝယ်ယူမည့် ငွေကျပ် သုည ဒသမ ၁၅၃ ဘီလီယံ အပါအဝင် ငွေကျပ် သုည ဒသမ ၁၉၈ ဘီလီယံ၊ ရုံးသုံးပရိဘောဂများ ဝယ်ယူခြင်းအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဝယ်ယူမည့် ငွေကျပ် သုည ဒသမ ၁၂၂ ဘီလီယံအပါအဝင် ငွေကျပ် သုည ဒသမ ၁၃၈ ဘီလီယံ၊ ရုံးသုံးယာဉ်များအတွက် ငွေကျပ် သုည ဒသမ ဝ၆ဝ ဘီလီယံ၊ အခြားရုံးသုံးပစ္စည်းများအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဝယ်ယူမည့်ငွေကျပ် ၂ ဒသမ ၅၆၂ ဘီလီယံနှင့် JICA အထောက်အပံ့ ငွေကျပ် ၆ ဒသမ ၁၃၇ ဘီလီယံအပါအဝင် ငွေကျပ် ၉ ဒသမ ၅၂၃ ဘီလီယံ၊ အခြားအသုံးစရိတ်များအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ငွေကျပ် ၃ ဒသမ ၄၅၄ ဘီလီယံနှင့် JICA အထောက်အပံ့ ငွေကျပ် ၄၅ ဒသမ ဝ၈ဝ ဘီလီယံ အပါအဝင် ငွေကျပ် ၄၈ ဒသမ ၆၁၃ ဘီလီယံတို့ လျာထားပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေသုံးငွေလျာထားချက်များကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ရှင်းလင်းပြောကြား**

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စက်မှုဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ပညာရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က ရှင်းလင်းပြောကြားကြသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရှင်းလင်းပြောကြား**

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဦးလှတင့်၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်တို့ ရှင်းလင်းပြောကြားကြသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရှင်းလင်းပြောကြား**

အလားတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းနှင့် နေပြည်တော်ကောင်စီ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းတို့က ရှင်းလင်းပြောကြားကြသည်။

**ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးပြောကြား**

ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် နိုင်ငံသား ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် အမျိုးသားစီမံကိန်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်မှုလုပ်ငန်းစဉ်များကို ညီညွတ်မျှတစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း စီမံကိန်းနှင့် ဘဏ္ဍာငွေစစ်ဆေးရေးလုပ်ငန်းစဉ်များတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအပါအဝင် သက်ဆိုင်ရာ စိစစ်စစ်ဆေးရေးအဖွဲ့များလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့နှင့်ပတ်သက်ပြီး စိစစ်ရေးပူးပေါင်းအဖွဲ့အသီးသီး၏ စိစစ်တွေ့ရှိချက်များကို သတ်မှတ်ရက်အတိုင်း ပေးပို့ကြရန်နှင့် ပူးပေါင်းကော်မတီများ၏ လေ့လာစိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီအရင်ခံစာများကိုလည်း သတ်မှတ်ရက်အမီ လွှတ်တော်သို့ တင်သွင်းနိုင်အောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြရန် ထပ်မံနှိုးဆော်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးချင်းအနေဖြင့်လည်း မိမိတို့ဆွေးနွေးလိုသည့် အခြားဌာနအဖွဲ့အစည်းများ၏ ကိစ္စရပ်များရှိပါက သက်ဆိုင်ရာစိစစ်ရေး ပူးပေါင်းအဖွဲ့များနှင့် ဆက်သွယ်ဆွေးနွေး ဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ »»


ပြည်ထောင်စုဝန်ကြီး
ဦးသောင်းထွန်း


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး


ပြည်ထောင်စုစာရင်းစစ်ချုပ်
ဦးမော်သန်း


မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း


ပြည်ထဲရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ


ကာကွယ်ရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်

››› စာမျက်နှာ ၄ မှ

အစည်းအဝေးတွင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က အထောက်အကူပေးရေးအဖွဲ့၏ ၆ လတာ ကာလ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ရုံးများဖွင့်လှစ်ခြင်း၊ ဝန်ထမ်းရေးရာလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ ပြည်သူများထံမှ ပေးပို့လာသော တင်ပြစာကိစ္စရပ်များအပေါ် ဆောင်ရွက်ချက်၊ အစီရင်ခံစာ ကာလအတွင်း ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လွှဲပြောင်းပေးပို့လာသော အမှုများ အပေါ် ဆောင်ရွက်ချက်၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းရေးဆွဲရေး ကော်မတီ၏ အစည်းအဝေးများတက်ရောက်ဆွေးနွေးခြင်း၊ ပြည်တွင်း ပြည်ပ ဆက်ဆံရေးကော်မတီ၏ ဆောင်ရွက်ချက်၊ ဆင်းရဲနွမ်းပါးသူနှင့် ရှေ့နေ ငှားရမ်းရန် ငွေကြေးမပြည့်စုံသော ဆင်းရဲနွမ်းပါးသူများအတွက် အမှုလိုက်ပါ ဆောင်ရွက်ပေးခြင်း၊ ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းဆောင်ရွက်ချက် များ၊ ဥပဒေဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အစီရင် ခံစာကာလအတွင်း ဘဏ္ဍာရေးကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်ချက်များကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါအစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး**က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Memorandum of Understanding on the Improvement of Safety Standards and Inspection for Non-Convention Ships Within ASEAN Member States တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး**က နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော The Protocol of 1988 relating to the International Convention on Load Lines, 1966 (LLPROT 1988)တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုး နိုင်ရေးနှင့်စပ်လျဉ်း၍ International Convention on Load Lines, 1966 ၏ Protocol of 1988 ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် IMO ၏ ပြဋ္ဌာန်းချက်များကို အခြားနိုင်ငံများနည်းတူ လိုက်နာကျင့်သုံးလျက်ရှိကြောင်း အထောက်အထားတစ်ခုအဖြစ် ပေါ်လွင်စေခြင်း၊ Load Lines Certificate များကို ထုတ်ပေးနိုင်ရန်အတွက် တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်နှင့် စစ်ဆေးမှုခံယူရန် ကြန့်ကြာချိန်တို့ သက်သာစေနိုင်မည့်အပြင် သင်္ဘောဝန်ထမ်းများ ဆောင်ရွက်ရမည့် အလုပ်တာဝန်များကို လျှော့ချနိုင် မည်ဖြစ်ခြင်း၊ Load Lines Convention အဖွဲ့ဝင် နိုင်ငံများ၏ ဆိပ်ကမ်း များသို့ မြန်မာသင်္ဘောများ ဝင်ရောက်ရာ၌ Load Lines Certificate ပုံစံ သည် Protocol 1988 ပါ သတ်မှတ်ချက်များနှင့် မကိုက်ညီမှုများကြောင့် ဆိပ်ကမ်းစစ်ဆေးရေးအဖွဲ့များသို့ ဖြေရှင်းရသည့်အခက်အခဲများ ပပျောက် စေခြင်း၊ အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုစစ်ဆေးရေးအဖွဲ့များက မြန်မာ သင်္ဘောများကို Load Lines Certificate များထုတ်ပေးရာ၌ အခြားနိုင်ငံ များ၏ သင်္ဘောများနည်းတူ Protocol ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော လက်မှတ်များကို အတည်ပြုထုတ်ပေးနိုင်ခြင်းနှင့် IMO ၏ Audit အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်ဖြစ်သည့် သဘောတူလက်မှတ်ရေးထိုးရန် ကျန်ရှိနေမှုအား ဆောင်ရွက်ပြီးဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါ ကြောင်း။

သို့ဖြစ်ပါ၍ The Protocol of 1988 relating to the International Convention on Load Lines, 1966 တွင် မြန်မာနိုင်ငံက နောက်မှ အတည်ပြုပါဝင်ခြင်း နည်းလမ်းဖြင့် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ရန် ပြောကြားသည်။

**အမည်စာရင်းတင်သွင်းနိုင်**

ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်း က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အဆိုတင်သွင်းသည်။

**အသိပေးကြေညာ**

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုပြီး ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် နိုင်ငံတော် သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်ကဆုံးဖြတ်ထားသည့် အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ သည်။

ဆက်လက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူးက လွှတ်တော် နှစ်ရပ် သဘောကွဲလွဲသော မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အဆိုတင်သွင်းသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်း လည်းကောင်း ပြန်လည်ပြင်ဆင်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက် သည်။

**သတင်း-မော်စီ၊ မွေးကြူဇင်**
**ဓာတ်ပုံ-ထန်းဖုန်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ဓာတ်ပြားနှင့် ဓာတ်ပြားစက်များ လှူဒါန်းနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနသို့ အလှူရှင် များက ခေတ်ဟောင်း(အင်္ဂလိပ်/မြန်မာ) ဓာတ်ပြား များနှင့်ဓာတ်ပြားစက်များအား ဆက်သွယ်လှူဒါန်း လျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် အောင်မေတ္တာ(၁) လမ်းနေ ဦးဆွေဦးမိသားစုက မြန်မာခေတ်ဟောင်း ဓာတ်ပြားအချပ် ၃၀၊ အင်္ဂလိပ်ခေတ်ဟောင်း ဓာတ်ပြား ၄၃ ချပ်၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၇/၂)ရွှေတောင်ကြားလမ်းနေ ဦးဝင်း- ဒေါက်တာဒေါ်ရီရီမြင့် (စီးပွားရေးတက္ကသိုလ် ပါမောက္ခ) မိသားစုက အင်္ဂလိပ်ခေတ်ဟောင်း ဓာတ်ပြား ၁၁၂ ချပ်၊ ရန်ကုန်မြို့တောင်ဥက္ကလာပ မြို့နယ် (၄)ရပ်ကွက် သီလ(၉)လမ်း အမှတ် (၂၈၈)နေ ဦးငွေစိုး၊ ဒေါ်မြရွှေမိသားစုက မြန်မာ ခေတ်ဟောင်းဓာတ်ပြား ၂၆ ချပ်၊ ရန်ကုန်မြို့ဒဂုံ မြို့သစ်(တောင်ပိုင်း) (၆၄)ရပ်ကွက် B/62-63 ရတနာသိင်္ဂီလမ်း စက်မှုဇုန်(၃)နေ ဦးအေးမြင့် (စိန်ဘရားသား)မိသားစုက အင်္ဂလိပ်ခေတ်ဟောင်း ဓာတ်ပြား ၂၅ ချပ်၊ ရန်ကုန်မြို့ ရွှေဘုံသာလမ်း (အလယ်)၊ အမှတ်(၂၂၄)နေ ဒေါ်စန္ဒာလွင် မိသားစု က မြန်မာခေတ်ဟောင်းဓာတ်ပြား ၁၆ ချပ်၊ အင်္ဂလိပ် ခေတ်ဟောင်းဓာတ်ပြား တစ်ချပ်၊ ဓာတ်ပြားစက် တစ်လုံး၊ ဗီဒိုတစ်လုံး၊ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း အမှတ် ၇၉(က)နေ ဒေါ်ခင်နှင်းလွင်မိသားစုက အင်္ဂလိပ်ခေတ်ဟောင်း ဓာတ်ပြား ၅၅ ချပ်၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဗိုလ်စောပုလမ်း၊ ပင်မစက်ပြင်အလုပ်ရုံသစ်စက်၊ အရာရှိရိပ်သာနေ စန္ဒရားဦးသိန်းဇော်အား ရည်စူး၍ ဦးစိုးလှိုင်-ဒေါ်မြင့်မြင့်ဆွေမိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြား ၄၇ ချပ်၊ ဓာတ်ပြား စက်တစ်လုံး၊ ရန်ကုန်မြို့ ဘားလမ်း အမှတ်(၂၂၅) ပထမထပ်နေ ဦးထွန်းကြင်မိသားစုက အင်္ဂလိပ် ခေတ်ဟောင်း ဓာတ်ပြား ၁၈၃ ချပ်တို့ကို မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ(ရန်ကုန်)သို့ ဆက်သွယ် လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ခေတ်ဟောင်း (အင်္ဂလိပ်/မြန်မာ) ဓာတ်ပြားများ နှင့် ဓာတ်ပြားစက်များအား ထိန်းသိမ်းထားရှိလို သဖြင့် လှူဒါန်းလိုသူများရှိပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(အသံလွှင့်) ဖုန်း-၀၆၇-၇၉၂၁၂၂၊ ၀၉-၂၅၀၁၀၇၉၀၃၊ ဦးရန်နိုင်ထွန်း လက်ထောက်ညွှန်ကြားရေးမှူး(မှတ်တမ်း) ဖုန်း- ၀၉-၂၅၂၄၁၂၈၁၃၊ နေပြည်တော်(တပ်ကုန်း)နှင့် ဦးတင်အုန်း (ဦးစီးအရာရှိ) ဖုန်း-၀၉-၄၂၀၂၅၂၀၆၈၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ(ရန်ကုန်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂလိပ်ဘာသာသင်ကြားရေးနှင့် သုတေသနဆိုင်ရာညီလာခံ မန္တလေးတက္ကသိုလ်၌ ကျင်းပ

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတက္ကသိုလ် အင်္ဂလိပ်စာဌာနနှင့် အမေရိကန်သံရုံးတို့ ပူးပေါင်းကျင်းပသည့် အင်္ဂလိပ်ဘာသာသင်ကြားရေးနှင့် သုတေသနဆိုင်ရာညီလာခံ(5th Annual International ELT Conference)ကို မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမ၌ ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါညီလာခံကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ် အသီးသီးမှ အင်္ဂလိပ်စာသင်ကြားရေး ဆရာ ဆရာမများ တွေ့ဆုံဆွေးနွေးဖလှယ်ခြင်းဖြင့် သင်ကြားရေးနည်းလမ်းများ အပြင် သုတေသနဆိုင်ရာလုပ်ငန်းများ တိုးတက်လာစေရန်နှင့် အင်္ဂလိပ်ဘာသာလေ့လာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများအတွက်လည်း အကျိုးတရားရရှိလာစေရန် ရည်ရွယ်၍ ယခုနှစ်တွင် ငါးကြိမ်မြောက်အဖြစ် ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

“ဒီညီလာခံကို တစ်နိုင်ငံလုံးမှာရှိတဲ့ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တွေနဲ့ ကွန်ပျူတာတက္ကသိုလ် စတဲ့ တက္ကသိုလ်ပေါင်း ၆၀ ကျော်က အင်္ဂလိပ်စာ ဆရာ ဆရာမတွေ တွေ့ဆုံပြီး နှစ်စဉ်သင်ကြားရေးမှာ ကြုံတွေ့ရတဲ့ အခက်အခဲ တွေ စိန်ခေါ်မှုတွေကို ဒီညီလာခံမှာချပြပြီး ဘယ်လိုကျော်လွှား ကြမလဲဆိုတဲ့ နည်းလမ်းတွေကို အချင်းချင်း တိုင်ပင်နှီးနှော ဖလှယ်ပြီး ရရှိလာတဲ့ နည်းလမ်းတွေကို လက်တွေ့စာသင်ခန်း ထဲမှာ အသုံးချနိုင်အောင် ကျင်းပတာဖြစ်ပါတယ်။ ဒီနှစ်မှာ ကျင်းပတဲ့ညီလာခံကတော့ နည်းနည်းထူးခြားပါတယ်။ ပြောင်းလဲ လာတဲ့ ခေတ်ကာလနဲ့ကိုက်ညီတဲ့ သင်ကြားရေးစနစ်တွေ ဖြစ်ရဲ့လားဆိုတာ ပြန်သုံးသပ်ဖို့နဲ့ သင်ကြားရေးအပြင် သုတေသနလုပ်ငန်းတွေ လုပ်ပြီး ပြန်လည်အသုံးချဖို့ အလုပ်ရုံ ဆွေးနွေးပွဲတွေ စာတမ်းဖတ်ပွဲတွေ ဆောင်ရွက်ကြမှာပါ။ ဒီညီလာခံကို ကျင်းပနိုင်ဖို့ ခွင့်ပြုပေးတဲ့ ပညာရေးဝန်ကြီးဌာနနဲ့ ထောက်ပံ့ကူညီတဲ့ အမေရိကန်သံရုံးကိုလည်း ကျေးဇူးတင် ကြောင်း ပြောလိုပါတယ်”ဟု မန္တလေးတက္ကသိုလ်အင်္ဂလိပ်စာ ဌာနမှ ပါမောက္ခဌာနမှူး ဒေါ်သန္တာစိုးက ပြောသည်။

အဆိုပါညီလာခံတွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံရုံးမှ ဒုတိယသံအမတ် Mr. George Sibley က ယခု ကျင်းပသည့် ညီလာခံမှ သိသာထင်ရှားသည့် အကျိုးကျေးဇူး အနေဖြင့် သုတေသနလုပ်ငန်းများ၊ နိုင်ငံတကာနှင့် ချိတ်ဆက် ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများတွင် များစွာ အထောက်အကူဖြစ်စေနိုင်မည့်အပြင် အတွေးအခေါ်သစ်များ ရရှိစေနိုင်ကြောင်းနှင့် အနာဂတ်ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးနိုင်ရန် အထောက်အကူဖြစ်စေမည့် ညီလာခံတွင် တစ်စိတ်တစ်ပိုင်း ပါဝင်ကူညီခွင့်ရရှိသည့်အတွက် ဝမ်းမြောက်မိ ပါကြောင်း ပြောကြားခဲ့သည်။

ယခုကျင်းပသည့် ညီလာခံကို ဇူလိုင် ၂၂ ရက်မှ ၂၃ ရက် အထိ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများနှင့်အတူ ကျင်းပသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ တက္ကသိုလ်အသီးသီးမှ အင်္ဂလိပ်စာသင်ကြားရေး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ကြောင်း သိရ သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ကြေးမုံ
ဇူလိုင် ၂၃၊ ၂၀၁၉

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စာပေအနုပညာရှင်များ၏ မိတ်ဆုံညစာစားပွဲ

## မောင်မိုးသူ



ဇူလိုင် ၁၇ ရက် ညနေ ၅ နာရီခွဲ နိုဗိုတယ်ဟိုတယ်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စာပေအနုပညာရှင်များ မိတ်ဆုံစားပွဲပြုလုပ်ကျင်းပဖို့ ဖိတ်စာကို ဗိုက်ဘာမှတစ်ဆင့် မောင်မိုးသူဆီကို ပို့ကြပါတယ်။ ဖိတ်ကြားသူတွေကတော့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖြစ်ပါတယ်။ မောင်မိုးသူရဲ့မျက်စိအာရုံမှာ လူမှုကွန်ရက်မှာဖော်ပြတဲ့စာများကို မဖတ်နိုင်တော့ပါ။ ထိုနည်းတူ ဗိုက်ဘာမှ ပို့လိုက်တဲ့ ဖိတ်စာကိုလည်း သားငယ်ကို ဖတ်ခိုင်းရတယ်။ ဘာပဲပြောပြော အဲဒီတွေ့ဆုံပွဲကိုတော့ တက်ရောက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

နောက်ထပ် ဖိတ်ကြားခြင်းခံရတဲ့ သူငယ်ချင်း ဂုဏ်ထူးဦးသိန်းနိုင်နဲ့လည်း ပထမ အတူသွားဖို့ချိန်းဆိုကြပါတယ်။ ဖိတ်ကြားထားတာက နိုဗိုတယ်ဟိုတယ်ရဲ့ လေးထပ်လေးလွှာ ညှော်ခန်းမဆောင်မှာဖြစ်ပါတယ်။ ဖိတ်စာအရ မောင်မိုးသူတို့တစ်တွေက ညနေ ၅ နာရီခွဲမှာ ရောက်ရှိနေကြဖို့ဖြစ်ပါတယ်။ အဲဒီညနေက မိုးရွာပါတယ်။ မိုးရွာကြီးထဲမှာ သားငယ်နဲ့အတူ မောင်မိုးသူ နိုဗိုတယ်ဟိုတယ် မိန်းခန်းမဆောင် အပေါက်ဝကိုရောက်တော့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတွေက လာရောက်ကြိုဆိုကြပါတယ်။ မောင်မိုးသူကို အောက်ထပ်ညှော်ခန်းခံတစ်ခုမှာ ထိုင်စေပါတယ်။ အပေါ်ထပ်လေးလွှာကို တက်ဖို့အရေးမှာ ဝှီးချဲနဲ့တက်ကြရမှာဖြစ်ပါတယ်။

ဝှီးချဲက နှစ်လုံးသာရှိပြီး ဝှီးချဲနဲ့တက်ရမယ့်ပုဂ္ဂိုလ်က သုံးဦးဖြစ်ပါတယ်။ အဲဒီ သုံးဦးကတော့ မောင်မိုးသူရယ်၊ ဦးသော်ကောင်းရယ်၊ မိုးလေဝသ ဦးထွန်းလွင်ရယ် ဖြစ်ပါတယ်။ ယခင့်ယခင်နှစ်တွေကတော့ အင်မတန်သန်စွမ်းပြီး ဟောပြောပွဲတွေလိုက်ဟောပြောနေတဲ့ ဦးထွန်းလွင်က ဒီနှစ်ကျန်းမာရေးမကောင်းတော့ ဝှီးချဲနဲ့တက်ရသူဖြစ်ပါတယ်၊ ဦးထွန်းလွင်ဟာ မောင်မိုးသူထက်ငယ်ပါတယ်။ နောက်ထပ်ဝှီးချဲနဲ့တက်ရမယ့်သူက စာကြည့်တိုက်မှူး ဦးသော်ကောင်းဖြစ်ပါတယ်။ မောင်မိုးသူနဲ့ ဦးသော်ကောင်းတို့ဟာ ၁၉၃၇ တစ်နှစ်တည်း မွေးဖွားကြသူများဖြစ်ပေမယ့် မောင်မိုးသူက မေလမှာမွေးပြီး ဦးသော်ကောင်းက ဒီဇင်ဘာလမှာမွေးလေတော့ မောင်မိုးသူထက် ငါးလငယ်တယ်ထင်ပါတယ်။

အဲဒီလို ညှော်ခန်းမဆောင်မှာ ထိုင်ကြရင်း ဝှီးချဲ နှစ်လုံးသာရှိတဲ့အတွက် ဦးသော်ကောင်းနဲ့ ဦးထွန်းလွင်တို့ကို ပထမတက်စေပါတယ်။ မောင်မိုးသူရောက်တဲ့အခါကျတော့ မောင်မိုးသူနဲ့ ဦးသော်ကောင်းတို့ အပေါ်ထပ် စားသောက်ပွဲညှော်ခန်းမရဲ့ နံဘေးမှာ ဝှီးချဲကိုယ်စီနဲ့ ထိုင်စောင့်ရပါတယ်။ မောင်မိုးသူနဲ့ ဦးသော်ကောင်းတို့ နှစ်ယောက်စလုံးဟာ ထိပ်စားပွဲ နံပါတ်တစ်မှာ အတူတူထိုင်ရမယ်လို့ သိရပါတယ်။ စားပွဲပေါ်မှာလည်း မောင်မိုးသူတို့ နာမည်တွေကို ရေးသားထားတာ ဖတ်ရှုရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ ညနေ ၆ နာရီမှာ ရောက်ရှိလာပါတယ်။ ရောက်ရှိလာပြီးနောက် စင်မြင့်ပေါ်မှာ အားလုံးစုပေါင်း ဓာတ်ပုံရိုက်ကြဖို့ စီစဉ်ပါတယ်။ ရှေ့ဆုံးအလယ်ခုံမှာတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထိုင်ပါတယ်။ ထိုနည်းတူ စာပေသက်ကြီးဝါကြီးများဖြစ်ကြတဲ့ ဦးသော်ကောင်းတို့၊ မောင်မိုးသူတို့၊ ဦးသိန်းနိုင်တို့ကိုလည်း ရှေ့တန်းမှာ နေရာသတ်မှတ်ထားပါတယ်။

အဲဒီတက်ရောက်လာကြတဲ့ လူပုဂ္ဂိုလ် ၉၀ လောက်ကို စင်မြင့်ပေါ်မှာ ရှေ့တန်းက ကုလားထိုင်များနဲ့ထိုင်ကြပြီး နောက်တန်းများကတော့ မတ်တတ်ရပ်ကြဖို့ဖြစ်ပါတယ်။ မောင်မိုးသူတို့၊ ဦးသော်ကောင်းတို့ဟာ ဝှီးချဲကိုယ်စီနဲ့ ရှိနေကြသူများ ဖြစ်လေတော့ နေရာချထားပေးသူများက စင်မြင့်ပေါ်ကို တင်ပို့ရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အလယ်မှာထိုင်ပြီး သူ့နံဘေးညာဘက်မှာ စာရေးဆရာမကြီး နတ်မောက်အနီချိုထိုင်ပါတယ်။ သူ့ဘေးမှာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထိုင်ပြီး ဒေါက်တာမျိုးသိမ်းကြီးရဲ့ နံဘေးမှာ မောင်မိုးသူ ထိုင်ရပါတယ်။ မောင်မိုးသူနံဘေးမှာတော့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ထိုင်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဘယ်ဘက်မှာတော့ စာရေးဆရာမ မမိုးမြေထိုင်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဆရာ ဦးသော်ကောင်းတို့တွေ ထိုင်ကြပါတယ်။ စုပေါင်းဓာတ်ပုံရိုက်ပြီးနောက် စင်ပေါ်က ဆင်းကြပါတယ်။ မောင်မိုးသူနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဖြစ်ပါတယ်။ မောင်မိုးသူနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ပြောဖြစ်တဲ့စကားကတော့ ဒေါ်အောင်ဆန်းစုကြည်က ဆရာမိုး နေကောင်းလားလို့ မေးပါတယ်။ မောင်မိုးသူက ကောင်းပါတယ်လို့ ဖြေပါတယ်။ ဒါပါပဲ။ မောင်မိုးသူနောက်မှာ ဆင်းလာကြတဲ့ စာပေအနုပညာရှင်တွေကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့တုန်းတွေ့ခိုက် စကားတွေအများကြီး ပြောကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း တွေ့ဆုံဖို့လာတာဖြစ်လေတော့ စကားတွေအများကြီး ပြောဖြစ်ကြပါတယ်။ မူလအစီအစဉ်ကတော့ ညစာစားဖို့ စားပွဲဝိုင်းတွေမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တစ်ဝိုင်းချင်းသွားရောက်ဖို့ စီစဉ်ထားပုံရပါတယ်။ ယခုတော့ စုပေါင်းဓာတ်ပုံရိုက်အပြီးမှာပဲ စာပေအနုပညာရှင်များအားလုံးနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ အားပါးတရ စကားပြောဖြစ်သွားပါတော့တယ်။

မောင်မိုးသူရဲ့ နံပါတ်တစ်ထမင်းစားဝိုင်း ထိပ်ခုံက ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ညာဘက်ထိုင်ခုံမှာတော့ ဆရာဦးသော်ကောင်း၊ ဦးသော်ကောင်းနံဘေးမှာ စာရေးဆရာမကြီး နတ်မောက်အနီချို၊ သူ့နံဘေးမှာ မောင်မိုးသူ၊ မောင်မိုးသူနံဘေးမှာ မောင်ပေါ်ထွန်း၊ မောင်ပေါ်ထွန်း နံဘေးမှာ စာရေးဆရာမ မမိုးမြေ၊ မမိုးမြေ နံဘေးမှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာဖေမြင့် နံဘေးမှာ မောင်ခင်မင် (ဓနုဖြူ)ဖြစ်ပါတယ်။ ကျွန်တော်တို့ရှစ်ယောက်ကတော့ နံပါတ်တစ်စားပွဲမှာဖြစ်ပါတယ်။ စာပေ အနုပညာရှင်များနဲ့ ဒေါ်အောင်ဆန်းစုကြည် တစ်ဦးချင်းစကားပြောနေစဉ်ကာလအတွင်း ဆရာဦးသော်ကောင်း၊ ဆရာမ နတ်မောက်အနီချို၊ မောင်မိုးသူ၊ မောင်ပေါ်ထွန်း၊ ဆရာမ မမိုးမြေ၊ မောင်ခင်မင်(ဓနုဖြူ)တို့ နေရာယူထိုင်နေကြပြီး ဖြစ်ပါတယ်။

> **ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့တုန်းတွေ့ခိုက် စကားတွေအများကြီး ပြောကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း တွေ့ဆုံဖို့လာတာဖြစ်လေတော့ စကားတွေအများကြီးပြောဖြစ်ကြပါတယ်။**

စာပေအနုပညာရှင် ၉၀ နီးပါးတို့ကလည်း တစ်ဦးချင်းအားပါးတရ စကားပြောဖြစ်ကြပါတယ်။ မောင်မိုးသူတို့ကတော့ ကိုယ့်ထိုင်ခုံမှာထိုင်နေပြီး စောင့်နေကြရတာပေါ့။ ထိုင်နေစဉ်အတွင်းမှာ ညှော်ကြိုတွေက ဝိုင်ခွက်၊ ဘီယာခွက်များ လာရောက်ချပေးပါတယ်။ မောင်မိုးသူက ဝိုင်သောက်ပြီး မောင်ပေါ်ထွန်းက ဘီယာသောက်ပါတယ်။ အမျိုးသမီးများကတော့ အချိုရည်များ သုံးဆောင်ကြပါတယ်။

အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က စာပေပညာရှင်များအား တိုင်းကျိုးပြည်ကျိုးပြုတဲ့စာများ ရေးသားဖို့ လိုအပ်ကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ဖွံ့ဖြိုးအောင် ရေးသားကြဖို့ လိုအပ်ကြောင်း ပြောပါတယ်။

အဲဒီနောက် ဖိတ်ကြားထားသူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိတ်ဆုံညစာစားပွဲ စီစဉ်ရတဲ့အကြောင်းကို ပြောပြီး မူလကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စားပွဲတွေအားလုံးကို သွားရောက်ဖို့ စီစဉ်ထားသော်လည်း ယခုတော့ စုပေါင်းဓာတ်ပုံရိုက်ပြီး အားပါးတရစကားပြောဖြစ်သွားတဲ့အကြောင်း ပြောပါတယ်။

ပြီးတော့ ဆရာမောင်ခင်မင်(ဓနုဖြူ)က စာပေအနုပညာရှင် အားလုံးရဲ့ကိုယ်စား ကျေးဇူးတင်စကား ပြောကြားပါတယ်။ မောင်ခင်မင်က ယခုလို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဖိတ်ကြားမှုနဲ့ အတူ တွေ့ဆုံစကားပြောရတဲ့အတွက် အားလုံးကိုယ်စား ကျေးဇူးတင်ကြောင်း ပြောပါတယ်။ အားလုံးအတူတကွ ညစာသုံးဆောင်ပါတယ်။ စားပွဲမှာထိုင်ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်က မောင်မိုးသူရဲ့ သားကြီး မောင်ပန်းသီးကို မေးပါတယ်။ မောင်မိုးသူက မောင်ပန်းသီး ယခုအမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမှာ နေထိုင်ကြောင်း ဖြေကြားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ခြံထဲမှာ မောင်ပန်းသီးတို့ရှိစဉ်က မောင်ပန်းသီး အတော်ငယ်သေးတယ်လို့ ထင်မြင်ပုံရပါတယ်။ အဲဒီအချိန်မှာ မောင်ပန်းသီးက ဘွဲ့ရပြီးပါပြီ။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည် နံဘေးစင်မြင့်ပေါ်မှာ ဝန်းရံလိုက်ကြတဲ့ သုံးရောင်ခြယ်ဝင်တစ်ဦးပေါ့။ မောင်မိုးသူလည်း ဝိုင်တစ်ခွက်သောက်ပြီး ညှော်ခံကျွေးမွေးတဲ့ ညစာကို စားပါတယ်။ အားလုံးညစာစားသုံးပြီးနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခန်းမထဲမှ ပြန်လည်ထွက်ခွာပါတယ်။ ထို့အတူ အသီးသီးသော စာပေပညာရှင်များ၊ ညှော်သည်များလည်း ပြန်ကြပါတယ်။

ဒါပေမယ့် ဝှီးချဲနဲ့ တက်လာကြသူ သုံးဦးအနက် ဝှီးချဲက နှစ်လုံးသာရှိတဲ့အတွက် ဦးထွန်းလွင်နဲ့ ဦးသော်ကောင်းတို့ကို ဦးစားပေးတဲ့ မောင်မိုးသူတစ်ယောက် ဝှီးချဲ နောက်တစ်ခေါက်ပြန်အလာကို စောင့်ရင်းထိုင်နေရပါတော့တယ်။ စောစောက ခန်းမဆောင်ကြီးတစ်ခုလုံးမှာ လူအပြည့်ဖြစ်လေတော့ လူရဲ့ကိုယ်ငွေ့တွေနဲ့ နွေးနေပေမယ့် ညှော်ကြိုပုဂ္ဂိုလ်တွေနဲ့ မောင်မိုးသူတစ်ယောက်တည်း ကျန်တဲ့အချိန်မှာတော့ ခန်းမကြီးက အတော်အေးလာပါတယ်။ နောက်ဝှီးချဲ တက်လာတော့ မောင်မိုးသူလည်း အောက်ထပ်ကို ဆင်းခဲ့ပါတယ်။

အောက်ထပ်ရောက်တော့ ဂုဏ်ထူးဦးသိန်းနိုင်ရဲ့ကားတစ်စီးပဲ ရှိပါတော့တယ်။ ဦးသိန်းနိုင်ကတော့ မောင်မိုးသူကို စောင့်ဆိုင်းပြီး အိမ်ပြန်ပို့ဖို့ တာဝန်ယူထားသူဖြစ်ပါတယ်။ ဦးသိန်းနိုင်ရဲ့ကားပေါ်ကိုရောက်တော့ မောင်မိုးသူက ကားဆရာ ရှေ့လေးဘေးမှာထိုင်ပြီး ဆရာဦးသိန်းနိုင်နဲ့ သူ့မိတ်ဆွေ ကျောင်းဆရာတွေကတော့ နောက်ခန်းမှာ ထိုင်ကြပါတယ်။ ပထမဆုံး အဲဒီကျောင်းဆရာတွေရဲ့ နေအိမ်တွေကို လိုက်လံပို့ဆောင်ပြီးမှ မောင်မိုးသူကို မြို့ထဲပြန်လိုက်ပို့ပါတယ်။ ဦးသိန်းနိုင်က "မင်းရဲ့သမီး အေးသီတာ တစ်ချိန်လုံး ဖုန်းဆက်နေလို့ ငါကိုယ်တိုင်လိုက်ပို့မှာပါလို့ ပြောထားကြောင်း" ပြောပါတယ်။ ဗိုလ်ချုပ်လမ်းပေါ်ရောက်တော့ လေ့ကားထစ်မှာလာကြိုဖို့ သမီးကို ဖုန်းဆက်ပြောလိုက်ပါတယ်။

အဲဒီကားပေါ်မှာ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ လက်ဆောင်အိတ်အပြာကြီး တစ်လုံးလည်း ပါသေးတယ်ခင်ဗျ။ အဲဒီအိတ်က အင်မတန်လေးလံပါတယ်။ အစိုးရအဖွဲ့ရဲ့ ဒုတိယနှစ်သက်တမ်း အစီရင်ခံစာ ဓာတ်ပုံနဲ့တကွ သတင်းအချက်အလက်များ ပါတော့ စာအုပ်တွေက အထူကြီးဖြစ်ပါတယ်။ မောင်မိုးသူ အိမ်ပေါ်ရောက်တဲ့အခါကျတော့ ည ၁၁ နာရီ နီးပါးရှိနေပါပြီ။ ဒီလိုဒီလိုနဲ့ ၁၇ ရက်နေ့မှာ ကျင်းပတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ စာပေအနုပညာရှင်များရဲ့ မိတ်ဆုံညစာစားပွဲကို မောင်မိုးသူ ညနေ ၅ နာရီမှာ အရောက်သွားပြီး ည ၁၁ နာရီမှာ အိမ်ပြန်ရောက်ရှိပါကြောင်း။ ။

# လူငယ်များနှင့် သက်ဆိုင်သည့် စာပေဟောပြောပွဲ စစ်ကိုင်းမြို့တွင် ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၂**

စစ်ကိုင်းမြို့နယ် ပညာရေးမိသားစုက ဦးဆောင်ကျင်းပသော လူငယ်များနှင့်သက်ဆိုင်သည့် စာပေဟောပြောပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၃ နာရီခွဲအထိ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**လက်တွေ့နယ်ပယ်တွင် အသုံးချ**

ရှေးဦးစွာ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက စာပေဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ သင်ယူတတ်မြောက်ထားသည့် ပညာရပ်များနှင့် ယခုစာပေဟောပြောပွဲမှ ရရှိလာသည့် သုတ/ရသ စာပေ ဗဟုသုတများနှင့်ပေါင်းစပ်ကာ မိမိတို့၏ဘဝ အနာဂတ်အတွက် လက်တွေ့နယ်ပယ်တွင် အမှား/အမှန်ခွဲခြား၍ အသုံးချဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကြီးက မိတ်ဆက်စကားပြောကြားပြီး စာရေးဆရာမောင်စိန်ဝင်း (ပုတီးကုန်း)နှင့် ဆရာကောင်းသန့်တို့က ဟောပြောကြသည်။

ထို့နောက် စာပေဗဟုသုတပညာရပ်များကို ဟောပြောခဲ့ကြသော စာရေးဆရာများအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

အဆိုပါ စာပေဟောပြောပွဲအတွက် တိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ဇနီးတို့က အလှူငွေကျပ် ငါးသိန်း၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒုတိယပညာသင် ကာလတွင် ကျောင်းသား ကျောင်းသူ ကိုးဦးစာအတွက် ပညာသင်ဆုငွေကျပ် ၁၀၈၀၀၀၀ ကိုလည်းကောင်း၊ သမဝါယမတက္ကသိုလ်အတွက် ဖူဂျီ ၅၂ လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် ဌာန ငါးခုအတွက် ငွေကျပ် တစ်သိန်းနှုန်းစီဖြင့် ငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပါမောက္ခချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တစ္ဆေများနှင့် ပျော်မြူးခြင်း ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁ ရက်တွင် ရုံတင်မည်

**ရန်ကုန် ဇူလိုင် ၂၂**

တစ္ဆေများနှင့် ပျော်မြူးခြင်းရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁ ရက်တွင် တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင် ပြသသွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၁ ရက် ညပိုင်းက ရန်ကုန်မြို့ Gold Class ရုပ်ရှင်ရုံ၌ ပြုလုပ်သည့် အဆိုပါရုပ်ရှင်အထူးပြပွဲမှ သိရသည်။




အကယ်ဒမီ မြင့်မြတ်က "ဒီကားကို ရိုက်တဲ့ဒါရိုက်တာနဲ့ အဖွဲ့တစ်ခုလုံးက မလေးရှားကပါ။ စတန့်အက်ရှင်တွေလည်းပါတယ်။ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာတွေလည်း ပါတယ်။ ဒရာမာလည်းပါတယ်။ လူကုန်ကူးလိုမျိုး ပညာပေးအခန်းလည်း ပါပါတယ်။ ကြည့်လို့ကောင်းမယ့် ဇာတ်ကားတစ်ကားပါ"ဟု ပြောသည်။

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ကိုအုန်းဝင်းက "ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာ ဇာတ်ကားကိုက မလေးရှား၊ အိန္ဒိယနိုင်ငံတို့က အိုင်ဒီယာယူတဲ့ သဘောပါ။ ကျွန်တော်တို့ နိုင်ငံကလူငယ်တွေ ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာ ဇာတ်ကားသန့်သန့်လေးတွေ ရိုက်ကူးတာ တဖြည်းဖြည်းပေါ်လာမှာပါ။ ကျွန်တော်တို့ နိုင်ငံမှာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ရိုက်ကူးမှုက အားနည်းနေပေမယ့် လူငယ်တွေကတော့ တော်ကြပါတယ်။ ဒီဇာတ်ကားကို တစ်နှစ်ခွဲလောက် စီစဉ်ထုတ်လုပ်ခဲ့ပါတယ်။ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ၊ စိတ်ကူးယဉ်ဆန်ဆန်နဲ့ ဇာတ်မြူး သုံးမျိုးလုံးပါအောင် ရိုက်ထားပါတယ်"ဟု ပြောသည်။

ယင်းရုပ်ရှင်ဇာတ်ကားကို ဇာတ်လမ်း/ဇာတ်ညွှန်း အောင်နိုင်၊ ဇာတ်ညွှန်း ရွှန်းမီမီထက်၊ မလေးရှားနိုင်ငံမှ ဒါရိုက်တာ R.Perakas၊ လက်ထောက်ဒါရိုက်တာ Jakan Abe Shake Kumar Lawrance နှင့် Kamal/ ဇော်မြင့်တို့က ရိုက်ကူးထားပြီး လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ထားသည်။

၎င်းဇာတ်ကားတွင် အကယ်ဒမီ မြင့်မြတ်၊ အိချောပို၊ ပက်ထရစ်ရှာ၊ ကိုပေါက်၊ ထူးခြား၊ ကေညီနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

**သန့်ဇင်ဝင်း**

# လိုင်စင်သက်တမ်းတိုးခြင်းများ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်း လိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ ဖားကန့် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး၊ ရေဦး |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ဒိုက်ဦး၊ ပန်းတောင်း၊ အုတ်ဖို |
| ၅။ | မကွေးတိုင်းဒေသကြီး | နတ်မောက်၊ ရေစကြို၊ စေတုတ္တရာ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်း |
| ၇။ | မွန်ပြည်နယ် | မုဒုံ |
| ၈။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင်၊ လှိုင်သာယာ၊ ကျောက်တန်း |
| ၁၀။ | ရှမ်းပြည်နယ် | လဲချား |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း၊ မော်လမြိုင်ကျွန်း၊ ကြံခင်း၊ မြန်အောင်၊ ဒေးဒရဲ |

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၂**

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင် ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခု NRCရုပ်သံလိုင်းထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁ ရက်မှစပြီး နိုဝင်ဘာလ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆နာရီမှ ၇ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၉ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ မွန်းလွဲ ၃ နာရီအထိ 'ဝ'ဘာသာအစီအစဉ်၊ မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၈ နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ ည ၈ နာရီမှ ၉ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၀ နာရီအထိ အရှေ့ပိုးကရင် ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ **သတင်းစဉ်**

# အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ပွဲကျင်းပ

**နောင်ချို ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အမှတ်(၂) အခြေခံပညာအထက်ကျောင်းအဆင့်သို့ တိုးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းမုခ်ဦးဆိုင်းဘုတ်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး(ခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးလင်းအောင်၊ ကျောက်မဲခရိုင်ပညာရေးမှူး ဒေါ်ချိုနွယ်ဦး၊ လွှတ်တော်ကိုယ်စားလှယ်များရုံးတာဝန်ခံ ဦးအောင်မြင့်ထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်မီမီကျော်၊ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ပြုံးကြည်၊ ဘူတာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်ညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ နဝမတန်းကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး တာဝန်ရှိသူများက အသီးသီးအမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ပြုံးကြည်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကာ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# TEDxUM1 Yangon ဟောပြောပွဲကို ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**
TEDxUM1 Yangon ဟောပြောပွဲကို ဇူလိုင် ၂၁ ရက်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ ကျင်းပခဲ့သည်။

အဆိုပါ TEDxUM1 Yangon ဟောပြောပွဲတွင် ဆေးပညာနယ်ပယ်၊ ပညာရေးနယ်ပယ်၊ မွေးမြူရေးလုပ်ငန်းနယ်ပယ်၊ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနှင့် နည်းပညာနယ်ပယ် စသည်တို့မှ ပညာရှင်များ၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ အလုပ်သင်ဆရာဝန်နှင့် ကျောင်းသားကျောင်းသူများက အကြောင်းအရာ ခေါင်းစဉ် ၁၄ ခု တို့ဖြင့် ဟောပြောခဲ့ကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ အလုပ်သင်ဆရာဝန်၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

**အတွေးအမြင်၊ အသိပညာများ သိရှိရယူနိုင်မည်**

အဆိုပါ ဟောပြောပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာတစ်လွှားမှ TED Talks အစီအစဉ်များကို ကြည့်ရှုနားထောင်လေ့လာခြင်းဖြင့် သိပ္ပံပညာ၊အတွေးအခေါ်ပညာရပ်၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အနုပညာ၊ နိုင်ငံရေးစသည့် ပညာရပ်နယ်ပယ်အသီးသီးမှ ကမ္ဘာတစ်ဝန်းမှ ထိပ်တန်းပညာရှင်များ၏ အတွေးအမြင် အယူအဆ အသိပညာများကို သိရှိရယူနိုင်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနရှိ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များနှင့် သင်တန်းကျောင်းများတွင် ယခုကဲ့သို့ TEDx ဟောပြောပွဲမျိုး ကျင်းပခြင်းအားဖြင့် ဆေးနှင့်ဆေးနီးနွယ်ပညာရပ်နယ်ပယ်နှင့် အခြားနယ်ပယ်အသီးသီးမှ ဗဟုသုတနှင့် အသိပညာများ၊ စကားပြောစွမ်းရည်၊ တင်ပြမှုစွမ်းရည်နှင့် အင်္ဂလိပ်စာ အရည်အသွေးများ မြင့်မားလာမည်ဖြစ်ပါကြောင်း၊ စဉ်းစားတွေးခေါ်မှု အတိုင်းအတာနယ်ပယ်ကိုလည်း ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်ကြောင်း၊ ယနေ့ပြုလုပ်သည့် TEDxUM1 Yangon ကဲ့သို့ TEDx ဟောပြောပွဲမျိုးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနအောက်ရှိ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ် ၁၆ ခုနှင့် သူနာပြုသားဖွားသင်တန်းကျောင်း ၅၀ တို့တွင်လည်း ဆက်လက်ပြုလုပ်ကြစေလိုပါကြောင်း။

ဟောပြောသူများအနေဖြင့် မိမိတို့၏ အတွေးအမြင်များ၊ အယူအဆများ၊ ရှုမြင်ချက်များကို ပိုမိုထိရောက်စွာ မျှဝေနိုင်ခွင့်ရရှိပါကြောင်း၊ နားထောင်သူများကိုလည်း တွေးစရာများနှင့် စိတ်ကူးဉာဏ်ကွန့်မြူးစေသည့် အခြေအနေများကို အနည်းနှင့်အများဆိုသလို ရရှိဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း။

**အများပြည်သူအတွက်ပါ ဆင့်ပွားအကျိုးရှိ**

မိမိတို့အနေဖြင့် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံများကို အမီလိုက်နိုင်ရန် ပုံမှန်ရှေးရိုးစဉ်လာ စဉ်းစားတွေးခေါ်ဆောင်ရွက်မှုဖြင့်မဖြစ်နိုင်ဘဲ ဖြန့်ကြက်တွေးခေါ်ခြင်းနှင့် ဆန်းသစ်တီထွင်တွေးခေါ်ခြင်းများ ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့်မီ တွေးခေါ်ရှုမြင်မှုများရရှိစေနိုင်သည့် ယနေ့ ပြုလုပ်သော TEDx UM1 Yangon ဟောပြောပွဲသည် တက်ရောက်သူများအတွက်သာမက မိဘဆွေမျိုးများ၊ သူငယ်ချင်းမိတ်ဆွေများ အများပြည်သူအတွက်ပါ ဆင့်ပွားအကျိုးရှိပါကြောင်း ပြောကြားသည်။

TED ဆိုသည်မှာ ကမ္ဘာတစ်လွှားမှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ သိပ္ပံပညာ၊



ဝိဇ္ဇာပညာ၊ နည်းပညာ၊ အနုပညာ၊ ဖျော်ဖြေရေး၊ ဒီဇိုင်းပညာ စသည့် နယ်ပယ်အသီးသီးမှ အကြောင်းအရာများကို ပညာရှင်များ၊ ထင်ရှားကျော်ကြားသူများ၊ အောင်မြင်ကျော်ကြားသူများက အတွေးအမြင်များ ဝေမျှဟောပြောသည့် talk show ဖြစ်သည်။

**အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်**

"အတွေးအမြင်ကောင်းများကိုမျှဝေခြင်း" ဟူသော ခံယူချက်ဆောင်ပုဒ်ဖြင့် ကျင်းပသည့် အဆိုပါ ဟောပြောပွဲများကို TED Talks ဟုခေါ်ကာ www.TED.com တွင် အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်သည်။ "TEDx" ကို TED conference မှ တိုက်ရိုက်စီစဉ်ခြင်းမပြုသော်လည်း TED license အောက်တွင် ကျင်းပသော talk show ဖြစ်သည်။ "TEDx" ဟု ခေါ်သော ဒေသတွင်း ကိုယ်ထူကိုယ်ထ အဖွဲ့များဖွဲ့ကာ TED Talks များကို ကျင်းပခြင်းဖြစ်သည်။

TEDxUM1Yangon ကို ဟောပြောသူများထံမှ အကြံဉာဏ်ကောင်းများ၊ စိတ်ခွန်အားရဖွယ် အတွေးအကြံများကို မျှဝေနိုင်ရန်နှင့် စိတ်ပါဝင်စားသူများ နားဆင်နိုင်စေရန်အတွက် မြန်မာနိုင်ငံရှိ တက္ကသိုလ်များအားလုံးအနက် TEDx အနေဖြင့် ပထမဆုံးအဖြစ် ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် စတင်ကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အဖွဲ့ အာဆီယံ-တရုတ် ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ် တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၂**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ Connected For A Better Future ဆောင်ပုဒ်ဖြင့် ကျင်းပမည့် အာဆီယံ-တရုတ်ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ် (ASEAN-China High-Level Media Forum) သို့တက်ရောက်ရန် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး (ရုပ်မြင်)ဒေါ်မိုးသူဇာအောင်၊ ရုပ်သံကျွမ်းကျင်(၁) ဒေါ်ခိုင်သဥ္ဇာ၊ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အကြီးတန်းသုတေသနမှူး ဦးအေးမောင်ကျော်တို့ လိုက်ပါသွားကြသည်။

**သတင်းစဉ်**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်ဖတ်ရှုစောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ၊ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံ ဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊

(၄) ရေဘေးအန္တရာယ် ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ် ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



# ခရစ္စတယ်ပဲလေ့တောင်ပံကစားသမား ဇာဟာအား ဘိုင်ယန်မြူးနစ်အသင်း ခေါ်ယူမည်

ဘိုင်ယန်မြူးနစ်အသင်းဟာ အခုအပြောင်းအရွှေ့ကာလတွင်းမှာ ခေါ်ယူဖို့ပစ်မှတ်ထားခဲ့တဲ့ ကစားသမားတွေထဲက တစ်ယောက်မှ မခေါ်ယူနိုင်ခဲ့တာကြောင့် ခရစ္စတယ်ပဲလေ့အသင်းရဲ့တောင်ပံကစားသမား ဇာဟာကို ခေါ်ယူဖို့ စီစဉ်နေပါတယ်။

အိုင်ဗရီကို့စ်ကြယ်ပွင့် ဇာဟာအနေနဲ့ အာဆင်နယ်အသင်းဆီ ပြောင်းရွှေ့ဖို့ဆန္ဒရှိနေတာကြောင့် ခရစ္စတယ်ပဲလေ့အသင်းကနေ ထွက်ခွာဖို့စီစဉ်နေတာဖြစ်ပါတယ်။

ဒါပေမယ့် အာဆင်နယ်အသင်းက ကမ်းလှမ်းထားတဲ့ ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ဟာ ခရစ္စတယ်ပဲလေ့အသင်းက လိုချင်တဲ့ပြောင်းရွှေ့ကြေးရဲ့တစ်ဝက်ပဲရှိနေတာကြောင့် လက်ရှိအချိန်အထိတော့ သဘောတူညီမှုမရရှိသေးပါဘူး။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဝါရင့်တောင်ပံကစားသမားနှစ်ဦးဖြစ်တဲ့ အာဂျန်ရော်ဘင်နဲ့ဖရန့်ရီဘာရီတို့ အသင်းကနေ ထွက်ခွာသွားတာကြောင့် တောင်ပံကစားသမားသစ်တစ်ဦးကို ခေါ်ယူဖို့ပြင်ဆင်လာခဲ့တာဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့ ရီးယဲလ်မက်ဒရစ်တောင်ပံကစားသမား ဂါရတ်ဘေးလ်နဲ့ မန်စီးတီးအသင်းတောင်ပံကစားသမား ဆာနေးတို့ကိုလည်း ခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။

အဲဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်းက တောင်ပံကစားသမားဇာဟာကို ခေါ်ယူဖို့ ပစ်မှတ်ထားလာခဲ့တာဖြစ်ပါတယ်။

○ ဥရောပမှ

ယခုပြိုင်ပွဲမှာ ဥရောပဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပသည့် ပြိုင်ပွဲဖြစ်သည်။ International U-16 Boys Tournament 2019 (AFC - UEFA Assist Program) အနေဖြင့် ကျင်းပမည့် အဆိုပါ လူငယ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဥရောပအသင်းတစ်သင်းဖြစ်သည့် မွန်တီနီဂရိုး ယူ- ၁၆ အသင်းနှင့် အာရှဒေသမှ အိမ်ရှင်မြန်မာ ယူ - ၁၆ ၊ တောင်ကိုရီးယား ယူ-၁၆ ၊ အင်ဒိုနီးရှား ယူ - ၁၆ အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး တစ်နေ့နှစ်ပွဲနှုန်းဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲအဖြစ် ဩဂုတ် ၁၄ ရက်တွင် မြန်မာနှင့် အင်ဒိုနီးရှား၊ တောင်ကိုရီးယားနှင့် မွန်တီနီဂရိုး၊ ဩဂုတ် ၁၆ ရက်တွင် မြန်မာနှင့် တောင်ကိုရီးယား၊ မွန်တီနီဂရိုးနှင့် အင်ဒိုနီးရှား၊ ဩဂုတ် ၁၈ ရက်တွင် မြန်မာနှင့် မွန်တီနီဂရိုး၊ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲကို လက်ရှိဖွဲ့စည်းထားသည့် ယူ-၁၅ အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား တော်စတန်ဖရန့်ခ်က ကိုင်တွယ်မည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - စိုးညွန့်**

❒ ကျောဖုံးမှ

ရောဝတီမြစ်ရေမြင့်တက်လာခြင်းနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများသို့ ရေဝင်ရောက်သည့်အတွက် စာသင်ကြား၍ မရသည့်ကျောင်းများအနေဖြင့် သပိတ်ကျင်းမြို့နယ်တွင် ၁၂ ကျောင်း၊ စဉ့်ကူးမြို့နယ်တွင် ၅၂ ကျောင်း၊ မတ္တရာမြို့နယ်တွင် ၃၉ ကျောင်း၊ တံတားဦးမြို့နယ်တွင် ၁၁ ကျောင်း၊ ပုသိမ်ကြီးမြို့နယ်တွင် ကျောင်း ၂၀၊ မြင်းခြံမြို့နယ်တွင် ၁၉ ကျောင်း၊ အမရပူရမြို့နယ်တွင် ကျောင်း ၂၀၊ စဉ့်ကိုင်မြို့နယ်တွင် နှစ်ကျောင်း၊ ညောင်ဦးမြို့နယ်တွင် နှစ်ကျောင်း၊ အောင်မြေသာစံမြို့နယ်တွင် တစ်ကျောင်းတို့ဖြစ်ကြောင်း သိရသည်။

"မြစ်ရေဝင်လာတဲ့အတွက် ကလေးတွေသွားလာရေးခက်ခဲတဲ့အပြင် အန္တရာယ်လည်းများတဲ့အတွက် ပိတ်လိုက်ရတာဖြစ်ပါတယ်။ အခုပိတ်လိုက်ရတဲ့ရက်တွေအတွက်လည်း ပြန်လည်အစားထိုးသင်ကြားမှုတွေ လုပ်သွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ အခြေခံပညာအထက်တန်းကျောင်း ၂၉၁ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၃၈၄ ကျောင်း၊ အလယ်တန်းကျောင်း ၃၃၁ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၈၄ ကျောင်း၊ မူလွန်ကျောင်း ၅၀၅ ကျောင်း၊ အမကကျောင်း ၂၃၈၀၊ အမက(ခွဲ) ၆၁ ကျောင်း စုစုပေါင်း ၄၂၃၆ ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

# ဂျိမ်းမီနာ လီဗာပူးအသင်း၌ ကာလရှည်ကြာစွာ ဆက်ရှိရန် မသေချာ

လီဗာပူးအသင်းရဲ့ကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ ဂျိမ်းမီနာဟာ အမ်ဖီးလ်မှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေတယ်လို့ အရိပ်အမြွက်ပြောကြားခဲ့ပေမယ့် ကာလရှည်ကြာစွာဆက်ရှိရန်မှာ မသေချာသေးလို့ ပြောကြားလိုက်ပါတယ်။

ကွင်းလယ်ကစားသမား ဂျိမ်းမီနာဟာ ၂၀၁၅ ခုနှစ်တုန်းက မန်စီးတီးအသင်းကနေ လီဗာပူးအသင်းကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး နည်းပြကလော့ရဲ့လက်ထက်မှာ အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ပါတယ်။ ဒါပေမယ့် ဂျိမ်းမီနာရဲ့ လီဗာပူးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ဟာ နောက်ဆုံး ၁၂ လထဲကို ရောက်ရှိနေပြီဖြစ်ပါတယ်။

အဲဒါကြောင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရေးနဲ့ ပတ်သက်ပြီး လီဗာပူးအသင်းနဲ့ ဂျိမ်းမီနာရဲ့ ကိုယ်စားလှယ်တို့အကြား အကြိုဆွေးနွေးမှုတွေပြုလုပ်ဖို့ စီစဉ်နေတယ်လို့လည်း ဆိုပါတယ်။

ဒါပေမယ့် အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျိမ်းမီနာကတော့ လီဗာပူးအသင်းနဲ့ စာချုပ်သစ်အတွက် သဘောတူညီထားတာမရှိသေးဘူးလို့လည်း ဆိုပါတယ်။ ဂျိမ်းမီနာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက လီဗာပူးအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ၄၅ ပွဲပါဝင်ကစားပေးထားပြီး စုစုပေါင်း ပရီမီယာလိဂ်ပွဲစဉ် ၅၁၆ ပွဲအထိ ပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။



**ငွေကြယ် - ရေးသားသည်**

# မြန်မာဂေါက်သီးရိုက်အဖွဲ့ ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၂**

၂၀၁၉ ခုနှစ် ဇူလိုင် ၂၄ရက်မှ ၂၇ ရက်အထိ ဗီယက်နမ်နိုင်ငံ Heron Lake Golf Course and Resort ၌ ကျင်းပမည့် 2019 South East Asian Amateur Golf Team Championship ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာဂေါက်သီးရိုက်အဖွဲ့သည် ယနေ့ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။



ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အဖွဲ့ကို အဖွဲ့ခေါင်းဆောင်အဖြစ် ဦးအောင်ကြည် (ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်)၊ အသင်းအုပ်ချုပ်သူအဖြစ် ဦးမျိုးသီဟတို့ ဦးဆောင်ကာ $59^{th}$ Putra Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လှိုင်မင်းထက်၊ ရာဇာအောင်၊ ပြည့်ဖြိုးသူနှင့် သီဟမျိုးဆက်၊ $13^{th}$ Lion City Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဖြိုးဇံ၊ မင်းသံလွင်အောင်နှင့် ထွန်းသူရိန်၊ $11^{th}$ Santi Cup ပြိုင်ပွဲတွင် ဖူးပွင့်ရတီခိုင်၊ သင်းဝေခိုင်နှင့် ဝင့်ဖူးနဒီခိုင်တို့ လိုက်ပါသွားသည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်သည် ဇူလိုင် ၂၆ ရက်တွင် ကျင်းပမည့်အာဆီယံဂေါက်သီးအဖွဲ့ချုပ် အစည်းဝေးတက်ရောက်မည်ဖြစ်သည်။

မြန်မာဂေါက်သီးရိုက်အဖွဲ့သည် ယင်းပြိုင်ပွဲတွင် နှစ်စဉ်နီးပါး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ကျင်းပသည့်ပြိုင်ပွဲကို နေပြည်တော်၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ကာ Lion City Cup ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းက ပထမ၊ တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအမျိုးသားဂေါက်သီးရိုက်ကစားသမား ပြည့်ဖြိုးသူက ပထမ၊ KARTINI Cup ပြိုင်ပွဲတွင် သင်းဝေခိုင်က ဒုတိယဆု ရရှိခဲ့သည်။

**သတင်း - ဖိုးသော်ဇင်**
**ဓာတ်ပုံ - ဂေါက်သီးအဖွဲ့ချုပ်**

# ၂၀၁၉ အာဆီယံ ဖူဆယ်ပြိုင်ပွဲအတွက် မြန်မာအသင်း ယခုလကုန် စတင်လေ့ကျင့်မည်

**ရန်ကုန် ဇူလိုင် ၂၂**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ အာဆီယံ ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ယခုလကုန် စတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို ပဏာမကစားသမား ၃၀ ဝန်းကျင်ဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ယခုနှစ်အတွင်း ကျင်းပပြီးစီးခဲ့သည့် ဖူဆယ်လိဂ်ပြိုင်ပွဲ၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ကျင်းပခဲ့သည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲမှ အလားအလာရှိသူများဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ ယင်းအသင်းကို ဦးဌေးမြင့်က ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ၎င်းသည် ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယနှင့် ၂၀၁၇ ပြိုင်ပွဲတွင် တတိယဆုရအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ၂၀၀၆ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယတစ်ကြိမ်၊ တတိယနှစ်ကြိမ် ရထားသည်။ ယင်းပြိုင်ပွဲတွင် နာမည်ကြီးထိုင်းအသင်း ကြီးစိုးထားပြီး ၁၄ ကြိမ် ဗိုလ်စွဲထားသည်။ မြန်မာအသင်းသည် ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယဆုရပြီး ၂၀၀၆ နှင့် ၂၀၁၇ ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည်။

ယင်းပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် ထိုင်း၊ မြန်မာ၊ တီမော၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၂၅ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် အောက်တိုဘာ ၂၁ ရက်တွင် တီမောအသင်း၊ အောက်တိုဘာ ၂၂ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ အောက်တိုဘာ ၂၃ ရက်တွင် လက်ရှိချန်ပီယံထိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# လွှတ်တော်အတွင်း ဆွေးနွေးခဲ့သည့် မြို့ပြနှင့် ကျေးလက်ကွာဟချက် လျော့နည်းစေမည့် ပညာရေးအဆိုတစ်ခု

မိုးကေနိုင်

လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သော ဥပဒေပြုခြင်း၊ အပြန်အလှန်ထိန်းညှိထိန်းကျောင်းခြင်း၊ မိမိမဲဆန္ဒနယ်ကို ကိုယ်စားပြုခြင်းတည်းဟူသော တာဝန်များဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဧပြီလ ၂၉ ရက်နေ့က စတင်ခဲ့သော (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဇွန်လ ၅ ရက်နေ့တွင် ပြီးဆုံးပြီး အောင်မြင်စွာ ဖြတ်သန်းခဲ့ကြပါသည်။ ပြည်သူ့အကျိုးအတွက် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းဆွေးနွေးခြင်းသည် ဥပဒေပြုမှုမဏ္ဍိုင်က အခြားမဏ္ဍိုင်များအပေါ် အပြန်အလှန်ထိန်းညှိခြင်းတာဝန်မည်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် နိုင်ငံနှင့်နိုင်ငံသားများအတွက် အကျိုးရှိမည့် အဆိုတစ်ခုကို တင်သွင်းပြီး ယင်းအဆိုကို ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များအကြား ရံဖန်ရံခါ အပြုသဘော ငြင်းခုံဆွေးနွေးမှုများဖြင့် အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းများသည် သက်ဆိုင်ရာနယ်ပယ်နှင့် နိုင်ငံသားများအပေါ် များစွာလွှမ်းမိုးသက်ရောက်မှုရှိပါသည်။

> **ပညာရေးနှင့်ပတ်သက်၍ မေးခွန်းများ၊ အဆိုများသည် လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပတိုင်းတွင် ဦးစားပေးဆွေးနွေးပြောဆိုကြသော ကဏ္ဍပေါင်းများစွာအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ယခုတစ်ကြိမ် အစည်းအဝေးတွင်လည်း ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၃၁ ခုအနက် ပညာရေးနှင့်ပတ်သက်သော မေးခွန်းက ၁၈ ခု၊ တင်သွင်းဆွေးနွေးကြသော အဆို ၁၄ ခုအနက် ပညာရေးနှင့်ပတ်သက်သော အဆိုက လေးခု စသည်ဖြင့် ရှိခဲ့မှုသည် ပညာရေးနှင့်ပတ်သက်သော လိုအပ်ချက်၊ ပြည်သူများ၏အသံနှင့် ကိုယ်စားလှယ်များ၏ စိတ်ပါဝင်စားမှုကို ပြသနေခြင်းပင်ဖြစ်**

### ပညာရေးနှင့်ပတ်သက်သော မေးခွန်း၊ အဆိုများ

(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းက "တိုင်းရင်းသားဒေသကျေးရွာများရှိ ကျောင်းများတွင် အစဉ်အဆက်လိုအပ်ချက်တစ်ရပ်ဖြစ်သော အခြေခံပညာမူလတန်းသင်ဆရာ ဆရာမဝန်ထမ်းများ ရွေးချယ်ခန့်ထားရာတွင် ဒေသခံဘွဲ့ရ တိုင်းရင်းသား တိုင်းရင်းသူများကိုသာ ဦးစားပေးခန့်ထားနိုင်ရေး မူဝါဒတစ်ရပ်ထည့်သွင်းချမှတ် အကောင်အထည်ဖော်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း" အဆိုတစ်ရပ် တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။ ပညာရေးနှင့်ပတ်သက်၍ မေးခွန်းများ၊ အဆိုများသည် လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပတိုင်းတွင် ဦးစားပေးဆွေးနွေးပြောဆိုကြသော ကဏ္ဍပေါင်းများစွာအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ယခုတစ်ကြိမ်အစည်းအဝေးတွင်လည်း ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၃၁ ခုအနက် ပညာရေးနှင့်ပတ်သက်သော မေးခွန်းက ၁၈ ခု၊ တင်သွင်းဆွေးနွေးကြသော အဆို ၁၄ ခုအနက် ပညာရေးနှင့်ပတ်သက်သော အဆိုက လေးခု စသည်ဖြင့် ရှိခဲ့မှုသည် ပညာရေးနှင့်ပတ်သက်သော လိုအပ်ချက်၊ ပြည်သူများ၏အသံနှင့် ကိုယ်စားလှယ်များ၏ စိတ်ပါဝင်စားမှုကို ပြသနေခြင်းပင်ဖြစ်ပါသည်။

### ပညာနှင့်ဆရာ၏တန်ဖိုး

လူတစ်ဦး တစ်ယောက်အတွက် မွေးသည်မှ သေသည်အထိ မပြတ်ရှိနေရမည့်အရာက အသိဉာဏ်ပညာပင်ဖြစ်ပါသည်။ လူတစ်ဦးအတွက် ပညာအထောက်အပံ့အရေးကြီးသလို နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်မှာ ပညာရေးကအရေးကြီးလှပါသည်။ ပညာကအရေးကြီးသလို ပညာပဲ့ကိုင်ဆရာ၏ အခန်းကဏ္ဍကိုလည်း ဂွမဲဆန္ဒနယ်ကိုယ်စားလှယ်က ယင်းအဆိုကို ဆွေးနွေးရန်ထောက်ခံစဉ် ရှင်းပြသွားခဲ့ပါသည်။ ပညာရေးအဆင့်တစ်ခုခုတွင် သင်ယူသူများ၏ အသိ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှု၊ သဘောထားအယူအဆအမြင်များ ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်သင်ကြားပို့ချသည့်တာဝန်များကို ထမ်းဆောင်နိုင်မည့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူကို "ဆရာ" ဟု ခေါ်ဆိုထိုက်သည်ဟု ကိုယ်စားလှယ်က အဓိပ္ပာယ်ဖွင့်ဆိုပြပါသည်။ တိုင်းရင်းသားဒေသကျောင်းများတွင် တာဝန်ထမ်းဆောင်ရသော ဆရာ ဆရာမများ၏ အပြောင်းအရွှေ့နှင့် ကျောင်းသားများ၏ လိုအပ်ချက် အံဝင်ခွင်ကျဖြစ်စေရန်မှာ အရေးကြီးသကဲ့သို့ ကျောင်းဆရာတိုင်းသည် ဆရာဟူသော ဂုဏ်ပုဒ်နှင့်အညီ ဒေသမရွေး၊ အချိန်ကာလမရွေး တာဝန်ထမ်းဆောင်လိုစိတ်ရှိကြသည်ဆိုသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။

### ရင်ဆိုင်ရသည့် အခက်အခဲများ

ကျွမ်းကျင်မှု မြင့်မားစေခြင်းမှတစ်ဆင့် ထုတ်လုပ်မှုတိုးတက်စေမည့်ပညာခေတ်ဝယ် အစွန်အဖျားဒေသများရှိ ဒေသခံကလေးငယ်များ ပါဝင်မှုရစေမည့် အားထုတ်ကြိုးပမ်းမှုကို အစည်းအဝေး၏ ၁၅ ရက်မြောက်နေ့တွင် တပ်မတော်ကိုယ်စားလှယ်တစ်ဦးအပါအဝင် ကိုယ်စားလှယ်ခုနစ်ဦးက ထောက်ခံဆွေးနွေးအကြံပြုခဲ့ကြပြီး အဆိုကို အတည်ပြုပေးနိုင်ရန် တိုက်တွန်းခဲ့ကြပါသည်။ အဆိုတင်သွင်းသူ ကိုယ်စားလှယ်က တင်သွင်းရခြင်းအကြောင်းရင်းကို ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းသော ပညာရေးမူဝါဒကော်မရှင်၏ အစီရင်ခံစာတစ်ရပ်ကို အခြေတည်၍ စတင်ဆွေးနွေးခဲ့ပါသည်။ အစီရင်ခံစာသည် ရန်ကုန်၊ မန္တလေးအခြေခံကျောင်းများတွင် ရင်ဆိုင်နေရသော အခက်အခဲများကို ဖော်ထုတ်ထားပြီး ယင်းအခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သည့် အစီရင်ခံစာဖြစ်ရာ မြို့ပြနှင့် ကျေးလက်ကျန်းမာရေးကွာဟချက် ကြီးမားနေသော အခြေအနေတွင် နယ်ဒေသများရှိ အခြေခံပညာကျောင်းများတွင်ပါ ဆန်းစစ်မှုပြုလုပ်ရန် ထောက်ပြသွားသည်ကို တွေ့ရပါသည်။ မှန်ပါသည်။ မြို့ပြနှင့်မတူညီသော များစွာသော အခက်အခဲများ၊ စိန်ခေါ်မှုများ တိုင်းရင်းသားဒေသများတွင် ရှိနေပါသည်။ ဘာသာစကားခက်ခဲမှုပြဿနာ၊ ဆရာ ဆရာမလစ်လပ်မှုအခက်အခဲ၊ ဝေးလံဒေသရှိ ဆရာ ဆရာမများအတွက် စားဝတ်နေရေးနှင့် ဝန်ထမ်းအိမ်ရာအခက်အခဲ၊ ရန်ပုံငွေအခက်အခဲ၊ ဒေသအလိုက် ယဉ်ကျေးမှုနှင့် အံဝင်ခွင်ကျမဖြစ်၍ ဆရာနှင့် ကျောင်းသားအကြား၊ မိဘများအကြား နားလည်မှုတည်ဆောက်ရန် အခက်အခဲများ ရှိနေပါသည်။ ထိုမှတစ်ဆင့် မြို့ပြနှင့် ကျေးလက်ပညာရေးကွာဟမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ဆင်းရဲချမ်းသာကွာခြားမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုများအပေါ်တွင်ပါ နောက်ဆက်တွဲသက်ရောက်မှုများစွာ ရှိလာနိုင်ပါသည်။

### ကျေးလက်ဒေသပညာရေးစိန်ခေါ်မှုများ

အဆိုတင်သွင်းသူ ကိုယ်စားလှယ်တစ်ဦးက တိုင်းရင်းသားကလေးငယ်များ စာသင်ခန်းကိုကြောက်ပြီး ကျောင်းပြင်ပရောက်နေကြသည့် အခြေအနေများအနက်မှ အကြောင်းတရားတစ်ခုသည် ကလေးငယ်များက သင်ကြားသည့်စာ၏ အဓိပ္ပာယ်ကို မသိနားမလည်၍ ဖြစ်ကြောင်းနှင့် ဘာသာစကားအခက်အခဲရှိပုံကို ရှင်းလင်းစွာဝေဖန်ထောက်ပြသွားပါသည်။ ထို့အပြင် တိုင်းရင်းသားကလေးငယ်များ၏ မူလတန်းပညာရေးပြီးဆုံးမှု၊ အသက်အရွယ်နှင့် အရည်အချင်းနှိုင်းယှဉ်လျှင် မြို့ပြကလေးများနှင့် ကွာဟချက်များရှိနေခြင်း၊ လစ်လပ်သွားသည့်နေရာတွင် မိဘများက အတွေ့အကြုံနည်းသည့် စေတနာလုပ်အားပေးဆရာများ ငှားရမ်းသင်ကြားပေးနေရခြင်းနှင့် သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားရန်ခက်ခဲပြီး စာသင်ချိန်ထိခိုက်ရသည့် အခြေအနေများသည် ကျေးလက်ဒေသပညာရေးအတွက် စိန်ခေါ်မှုများဖြစ်နေကြောင်း ကိုယ်စားလှယ်က ဆွေးနွေးခဲ့ပါသည်။ ကိုယ်စားလှယ်သည် ဒေသခံဘွဲ့ရဆရာများ ဦးစားပေးခန့်အပ်ပေးရေးကို တိုက်တွန်းခဲ့ပြီး ၎င်းဒေသခံဘွဲ့ရများတွင် မြန်မာစာဖြေဆိုရာတွင် ရေးဖြေအမှတ်၌ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ကျောင်းပိတ်ရက်များတွင် သင်တန်းများတက်၍ ကုစားမှုအရည်အသွေးများ မြှင့်တင်ရန်လိုအပ်ပုံကိုလည်း အကြံပြုသွားခဲ့ပါသည်။

### ဆရာနှင့် ကျောင်းသား ခံစားမှုထပ်တူဖြစ်ရန်လိုအပ်

ဆရာများနေထိုင်ရန် အိမ်ရာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သင်ကြားမှုအထောက်အပံ့ပစ္စည်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ ပြည်မတွင်ကျန်ရစ်ခဲ့သည့် မိသားစုစားဝတ်နေရေးစသည်တို့က ဒေသခံမဟုတ်သည့် ဆရာများကို ဝေးလံသည့်ဒေသများတွင် တာဝန်ထမ်းဆောင်လိုမှုကို ဆွဲဆောင်ရန် အခက်အခဲရှိနိုင်ပါသည်။ မြန်မာနိုင်ငံတွင် မူလတန်းကျောင်းအရေအတွက် သုံးပုံတစ်ပုံသည် ရာသီဥတုပြင်းထန်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများတွင် တည်ရှိနေသည့်အပြင် ဆရာအင်အားကလည်းနည်းပါးပြီး အတန်းထိန်းရန်အခက်အခဲရှိသည့်အခါ ပညာရေးကို စိတ်ဝင်စားမှုနည်းပါးသည့် မိသားစုများက မိမိကလေးအားကျောင်းမှ နုတ်ထွက်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေပါသည်။ တိုင်းရင်းသားကျေးလက်ဒေသမှ ကလေးငယ်များ၏ ခံစားမှုကို ဒေသခံဆရာ ဆရာမများ၏ ကိုယ်ချင်းစာတရား၊ စာနာစိတ်အပြည့်ပါသော ခံစားမှုကသာ ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။ ထိုတူညီသော ခံစားမှုမှတစ်ဆင့် ဆရာများတွင် စေတနာ၊ ဝါသနာ၊ အနစ်နာ စံများစွာနှင့်ပြည့်စုံမှသာ ပညာသင်ကြားပေး၍ရသော ကျောင်းဆရာအလုပ်ကို ကလေးငယ်များက လေးစားအားကျ အတုယူလာကြလိမ့်မည် ဖြစ်ပါသည်။ ထိုစိတ်ဓာတ်ဖြင့်သာ ရပ်အကျိုး၊ ရွာအကျိုးနှင့် တိုင်းရင်းသားဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဖော်ဆောင်ရာလည်း ရောက်မည်ဖြစ်ပါသည်။ အရည်အသွေးပြည့်ဝသော ပညာရေးစနစ်တစ်ရပ် အကောင်အထည်ဖော်ရာတွင် ကျေးလက်ဒေသလိုအပ်ချက် ကွက်လပ်ကို ဒေသခံဘွဲ့ရများဖြင့်ခန့်အပ်နိုင်ရေး ဦးစားပေးစဉ်းစားသင့်သလို လက်ရှိဆရာ ဆရာမအချိုးမညီမျှမှုဖြစ်နေသည့်အချက်က တိုင်းရင်းသားဒေသများ၏ ပညာရေးအတွက် နောက်ထပ်စိန်ခေါ်မှုတစ်ခု ဖြစ်နေသည်ကိုလည်း သတိပြုမိပါသည်။ ဝေးလံခေါင်ဖျားသည့်ကျေးလက်တောင်ပေါ်ဒေသများတွင် ကြုံတွေ့နေရသော အမျိုးသားဆရာလိုအပ်ချက်ကိုလည်း ဒေသခံဘွဲ့ရဆရာ ဆရာမခန့်အပ်ခြင်းဖြင့်သာ ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။ ဒေသခံအမျိုးသားဆရာများ ခန့်ထားပေးနိုင်လျှင်ဖြင့် ဆရာ ဆရာမအချိုး ကွာဟချက်ကိုလည်း လျော့ပါးစေနိုင်မည် ဖြစ်ပါသည်။

### ထိရောက်မှုရှိမည့် ပညာရေးမျိုးစေ့

ဤနေရာတွင် မိခင်ဘာသာစကားအခက်အခဲကြောင့် ကျောင်းတက်စ မူလတန်းကလေးငယ်တိုင်း ကျောင်းပျော်ပတ်ဝန်းကျင်မဖြစ်နိုင်မည့် အခြေအနေအား အရည်အချင်းပြည့်မီသည့်ဒေသခံတိုင်းရင်းသား ဘွဲ့ရများကို ဦးစားပေးခန့်အပ်ခြင်းဖြင့်သာ ယင်းအခက်အခဲကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ပြီး ခိုင်မာအမြစ်တွယ်မည့်ပညာရေးမျိုးစေ့တစ်ခုကိုလည်း ချပေးနိုင်မည့်အနေအထားများကို အဆိုတင်သွင်းသူ ကိုယ်စားလှယ်များ၏ သဘောထားတွင် တွေ့မြင်နေရပါသည်။ သို့မှသာ ကျွဲကူးရေပါဆိုသလို ဒေသခံတိုင်းရင်းသားဆရာများ၏သင်ကြားမှုကို ကလေးများက လွယ်လွယ်ကူကူနားလည်သဘောပေါက်လာမည်ဖြစ်ကာ ဘာသာရပ်များနှင့် သင်ခန်းစာများတတ်မြောက်မှုအပိုင်းတွင်ပါ ပိုမိုသွက်လက် ထက်မြက်လာနိုင်မည်ဖြစ်ပါသည်။ ကလေးများကျောင်းပျော်ပြီး သင်ခန်းစာများကိုလည်း နားလည်ကာ ပညာ၏သဘောသဘာဝကိုလည်း ခံယူတတ်ပြီဆိုလျှင် ဒီကလေးများကျောင်းပျက်ဖို့၊ ကျောင်းပြင်ပရောက်ဖို့ ဆိုသည်မှာ အလှမ်းဝေးတော့မည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ဆရာနှင့် ကျောင်းသားမိဘများအကြား နားလည်မှု ပိုမိုရှိလာပြီး ဆက်သွယ်ဆက်ဆံမှုလည်း အားကောင်းလာကာ လက်ရှိအားနည်းချက်များကိုလည်း များစွာထိန်းချုပ်နိုင်တော့မည် ဖြစ်ပါသည်။ ယင်းသဘောထားများကို ထင်ဟပ်သော ဆွေးနွေးမှုများကို ကိုယ်စားလှယ်များထံတွင် တွေ့မြင်ရသည်မှာ ပညာရေးအတွက် အားရစရာကောင်းလှပါသည်။

### စားသောက်နေထိုင်ရေးနှင့် ဝန်ထမ်းအိမ်ရာ အခက်အခဲ

ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်များသည် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိရေး ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်ကိုလည်း ထင်ဟပ်စေပြီး အချိန်မတိုင်မီ ကလေးများကျောင်းထွက်သည့်ကိစ္စကိုလည်း ထိန်းချုပ်နိုင်မည့် အခြေအနေကို ဖြစ်ပေါ်စေပါသည်။ နောက်ထပ် အဟန့်အတားများကား ဒေသခံမဟုတ်သည့် ဆရာ ဆရာမများသည် ဝေးလံခေါင်ဖျားဒေသများသို့ မလာချင်သည့် အခက်အခဲ၊ မလာနိုင်သည့် အခက်အခဲ၊ စားသောက်နေထိုင်ရေးနှင့် ဒေသခံပြည်သူများနှင့် နားလည်မှုတည်ဆောက်ရန် အခက်အခဲများပင်ဖြစ်ပါသည်။ ဝန်ထမ်းအိမ်ရာအခက်အခဲကို ဖြေရှင်းပေးနေသော်လည်း ကွာဟချက်က ရှိနေဆဲပင် ဖြစ်ပါသည်။ ပြောင်းရွှေ့မိန့်ထွက်၍ လစ်လပ်သွားသည့်နေရာတွင် အချိန်မီပြန်လည်ခန့်အပ်နိုင်ရေး၊ ဆရာ ဆရာမအချိုးမမျှတဘဲ ဆရာမအများစုဖြစ်နေသည့်အခြေအနေတွင် သားဖွားခွင့်ခြောက်လယူရသည့် ဆရာမများအတွက် အစားထိုးဖြည့်ဆည်းရန်ခက်ခဲမှု စသည်များကို ဒေသခံဆရာ ဆရာမများကို ခန့်ထားခြင်းဖြင့်သာ ပြေလည်သွားမည်ဖြစ်ပါကြောင်း ကိုယ်စားလှယ်က ထောက်ပြသွားပါသည်။

### လက်ရှိဆောင်ရွက်ချက်များအပေါ် ထင်ဟပ်ဆွေးနွေး

ကိုယ်စားလှယ်တစ်ဦးကလည်း ဆရာ ဆရာမများ၏ အတွေ့အကြုံ၊ ကျွမ်းကျင်စွာသင်ကြားနိုင်မှုနှင့် အလုပ်ခွင်တည်မြဲရေးကို ကျောင်းသားများ၏ ထူးချွန်မှု၊ ကြိုးစားမှုတို့နှင့် ပေါင်းစပ်ပါက ဖြစ်ပေါ်နေသော စိန်ခေါ်မှုနှင့် အခက်အခဲများကြောင့် ကျေးလက်ဒေသများရှိ ပညာအရည်အသွေးနှင့် ဖွံ့ဖြိုးမှုနိမ့်ကျနေမှုကို ကုစားနိုင်မည်မှာ သေချာပါကြောင်း ခံယူချက်အပြည့် ဖြင့် ဆွေးနွေးသွားခဲ့သလို ဒေသခံဘွဲ့ရဆရာများ၏ အကူအညီဖြင့်သာ ထူးချွန်သောလူငယ်များ မွေးထုတ်ပေးနိုင်မှာဖြစ်ကြောင်း ၎င်း၏ ယုံကြည်မှုအိပ်မက်ကို ဖွင့်ဟသွားခဲ့ပါသည်။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် နိုင်ငံတော်က အလေးထားဂရုပြုကူညီနေမှုကိုလည်း ၎င်းက အသိအမှတ် ပြုပြောကြားသွားခဲ့ပါသည်။ အချို့ကိုယ်စားလှယ်များက အဆိုကို ထောက်ခံဆွေးနွေးရာတွင် နိုင်ငံတော်အစိုးရ၏ ပညာရေးအကောင်အထည်ဖော်နေမှုများကိုလည်း ရှုမြင်သုံးသပ် ဆွေးနွေးသွားသည်ကို တွေ့ရှိရပါသည်။ ပညာရေးကျောင်းများ ဖွင့်လှစ်ပေးနေပြီး ဆရာ ဆရာမများ မွေးထုတ်နေမှု၊ နေ့စားလပေးဝန်ထမ်း ဆရာများ ခန့်အပ်ပေးနေမှု၊ လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးအစီအစဉ်များနှင့် တိုင်းရင်းသားဘာသာ သင်ရိုးရေးဆွဲရေးအစီအစဉ်များကို အသိအမှတ်ပြုကြပါသည်။

ဒေသခံဘွဲ့ရဆရာများ မရရှိနိုင်လျှင်တောင် အနီးဆုံးဒေသမှ ဆရာ ဆရာမများကို ခန့်အပ်ပေးရန်၊ ဆရာ ဆရာမအပြောင်းအရွှေ့ကို စာသင်နှစ်ပြီးချိန်တွင်သာ ပြုလုပ်ပေးရန်နှင့် ဆရာနှင့်ကျောင်းသား စိတ်ပိုင်းဆိုင်ရာ ဆက်ဆံကိုင်တွယ်ပုံများကိုပါ အလေးထားရန် ကိုယ်စားလှယ်တစ်ဦး၏ အကြံပေးဆွေးနွေးမှုများသည်လည်း မှတ်သားထိုက်ပါသည်။ ကိုယ်စားလှယ်တစ်ဦးကမူ ချင်းပြည်နယ် ဟားခါးပညာရေးကောလိပ်တွင် ဆရာအတတ်သင် သင်တန်းအတွက် ဒေသခံလူငယ်များ လျှောက်ထားသူအရေအတွက်နှင့် ရွေးချယ်ခံအရေအတွက် ကွာဟချက်အလွန်ကြီးမားနေမှုကို ထောက်ပြသွားခဲ့ပြီး လက်တွေ့ကျကျဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ရပ်အဖြစ် ဒေသခံဖြစ်ခြင်းအပေါ် အခြေခံပြီး ဦးစားပေးအစီအစဉ်အနေဖြင့် ဖြေလျှော့စဉ်းစားခန့်ထားပေးနိုင်မည့် နည်းလမ်းကိုလည်း ဖော်ထုတ်တင်ပြသွားခဲ့ပါသည်။ နောက်ဆုံးဆွေးနွေးသည့် တပ်မတော်သားကိုယ်စားလှယ်ကမူ လက်ရှိပညာရေးမူဝါဒနှင့် ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ကိုလည်း အပြုသဘောဆွေးနွေးပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒေသခံတိုင်းရင်းသားလူငယ်ဘွဲ့ရများခန့်ထားရေးတွင် အခက်အခဲရှိနိုင်ပုံကို သုံးသပ်ဆွေးနွေးလျက် အခက်အခဲဖြစ်ရသည့် ကျောင်းများအတွက် ချက်ချင်းအစားထိုးသင်ကြားနိုင်ရေး မြို့နယ်အလိုက် သီးခြားစောင့်ကြည့်ရေး ဖွဲ့စည်းဆောင်ရွက်သင့်ပုံကို ဆွေးနွေးတင်ပြသွားခဲ့ပါသည်။

**နိုင်ငံအချို့၏ အတွေ့အကြုံနှင့်**
**လက်ရှိအကောင်အထည်ဖော်ပေးနေမှုများ**

နိုင်ငံ၏ ဝေးလံခေါင်ဖျားသောဒေသများတွင် ဆရာ ဆရာမများ တာဝန်ထမ်းဆောင်ရာတွင် တွေ့ကြုံရသောစိန်ခေါ်မှုများသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ မဟုတ်၊ အခြားနိုင်ငံများတွင်လည်း ကြုံတွေ့နေကျ အခက်အခဲများဖြစ်ပါသည်။ တူညီသော အခက်အခဲများမှာ အင်ဒိုနီးရှား၊ အိန္ဒိယ၊ နီပေါနိုင်ငံများရှိ ဆရာ ဆရာမများသည်လည်း ဝေးလံဒေသများတွင် တာဝန်ထမ်းဆောင်ရန် တွန့်ဆုတ်ကြခြင်းပင် ဖြစ်ပါသည်။ လိုအပ်ချက်ကို နေ့စားလပေးဆရာများ တိုးမြှင့်ခန့်ထားခြင်း၊ ပညာရေးဘတ်ဂျက်တိုးပေးခြင်း၊ ဗဟိုအစိုးရက အထူးရန်ပုံငွေခွဲဝေချထားပြီး လုပ်ငန်းခွင်တွင် ပျော်မွေ့စေရန် ဆွဲဆောင်ခြင်း၊ ကျောင်းဆရာဥပဒေပြဋ္ဌာန်းခြင်း၊ ပြောင်းရွှေ့မှုအတွက် ပုံမှန်ထောက်ပံ့ခြင်း (နယ်မြေနှင့် ကျောင်းအဆင့်အတန်းအပေါ်မူတည်၍) နည်းလမ်းများဖြင့် ဖြေရှင်းပေးလျက်ရှိသည်ကို မှတ်သားမိပါသည်။ မြန်မာနိုင်ငံတွင်လည်း အစိုးရက မူဝါဒချမှတ်၍ ပညာရေးအသုံးစရိတ်ကို တဖြည်းဖြည်းတိုးမြှင့်သုံးစွဲလာခြင်း၊ (၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်၏ ၈၀ ရာခိုင်နှုန်းကို အခြေခံပညာကဏ္ဍတွင်သုံးစွဲ) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်း (DTEd)နှင့် ဘွဲ့ရရှိသူများအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်ရိုး (PPTT) သင်တန်းများကို ဖွင့်လှစ်ပေးနေပြီး လုပ်ငန်းခွင်အကြို တစ်လသင်တန်းပို့ချ၍ နေ့စားလပေးဝန်ထမ်းဆရာများ ခန့်ထားခြင်းများဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့ပြင် ဆရာ ဆရာမများကို အားပေးမြှင့်တင်သည့် အစီအစဉ်များအနေဖြင့် ရပ်ဝေးဒေသများတွင် တာဝန်ထမ်းဆောင်ရသူများအတွက် သီးသန့်ထောက်ပံ့မှုများ ပေးအပ်နေပြီး ဒေသခံမဟုတ်သည့် ဆရာ ဆရာမများအတွက် လုံခြုံစိတ်ချရသည့် နေအိမ်အဆောက်အဦများ အခမဲ့နေထိုင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးနေကာ အနာဂတ်တွင် ဆရာ ဆရာမများ ကျား၊ မ တန်းတူညီမျှမှု ရှိစေရေးအတွက် UNESCO (STEM) အဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သိရှိရပါသည်။

**အဆိုအား အတည်ပြု**

ကိုယ်စားလှယ်များ၏ ထောက်ခံအကြံပြုဆွေးနွေးမှုများအပြီးတွင် အဆိုနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ခံယူရန်ရှိရာ ယင်းအဆိုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဒုတိယဝန်ကြီးအနေဖြင့် ဒေသခံတိုင်းရင်းသားများအား ထည့်သွင်းစဉ်းစား၍ လက်ရှိအခြေအနေတွင်လည်း အလေးအနက်ထားဆောင်ရွက်ပေးနေပုံကို ဆွေးနွေးသွားပါသည်။ ဒေသခံဖြစ်ရုံအပြင် သတ်မှတ်အရည်အချင်းများနှင့်လည်း ကိုက်ညီအောင် ဆောင်ရွက်ပေးနေကြောင်း တင်ပြသွားပြီး ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကိုလည်း ထောက်ခံသွားပါသည်။ ဒုတိယဝန်ကြီးက တိုင်းရင်းသား ဆရာ ဆရာမများ သင်ကြားပေးခြင်းဖြင့် ဖြစ်ထွန်းနိုင်မည့် အကျိုးကျေးဇူးများကို အသိအမှတ်ပြုသွားပြီး မူဝါဒအဖြစ်ထည့်သွင်းချမှတ် အကောင်အထည်ဖော်ရန် တင်ပြသည့်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကလည်း ယင်းအဆိုကို အတည်ပြုရန် သဘောတူခဲ့ကြပါသည်။

ပညာဟူသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အဖိုးတန်အမွေအနှစ်များ မပပျောက်ရေးအတွက် အမွေအနှစ်တစ်ခုဖြစ်ပါသည်။ ကိုယ်စားလှယ်များ၏ လွှတ်တော်အတွင်း ဆွေးနွေးမှုများသည် ကဏ္ဍတစ်ရပ်၊ လိုအပ်ချက်တစ်ခုကို ကူညီအားဖြည့်၍ ရည်မှန်းချက်ပေါက်မြောက်အောင်၊ နီးသထက်နီးအောင် သက်ဆိုင်ရာမဏ္ဍိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုအဖြစ်လည်း မှတ်ယူနိုင်ပါသည်။ ယင်းအဆိုအား ဆွေးနွေးကြသည့် လွှတ်တော် ကိုယ်စားလှယ်များနှင့် စေတနာပါသော ပြန်လည် ရှင်းလင်းတင်ပြမှုများတွင် နယ်စွန်နယ်ဖျား ဝေးလံဒေသများမှ ကျောင်းသားကျောင်းသူမိဘများ၏ အကျိုးကို သယ်ပိုးလိုသော စေတနာသဒ္ဓါအား၊ ပညာအားနှင့် ဉာဏ်အမြော်အမြင်တို့ကို တွေ့မြင်နိုင်ပါသည်။ ယင်းအဆိုကို အတည်ပြုနိုင်ခဲ့သည်နှင့်အမျှ လူ့စွမ်းအားအရင်းအမြစ်ကို တိုး၍တိုး၍ ဖော်ထုတ်နိုင်တော့မည် ဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုလာနိုင်မည့် အခြေအနေများကို တွေ့မြင်နေရပါသည်။ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးသည် ဒွန်တွဲနေသည့်အားလျော်စွာ အကောင်အထည်ဖော်နေသည့် ပြည်သူများက မျှော်လင့်တောင့်တနေသော ပြည်ထောင်စုငြိမ်းချမ်းရေးအတွက်လည်း အာမခံချက်တစ်ခုဖြစ်မည်ဆိုသည်မှာ အသေအချာပင်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

## အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ ဇွန်လထိ | ၂၀၁၉ ဇွန်လထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၆၅၁၉၈၆ | ၈၃၉၈၈၇ | ၁၈၇၉၀၁ | (+)၂၉% |
| ၂ | အပျော်စီးသင်္ဘောဖြင့် ဝင်ရောက်သူများ | ၆၈၈၀ | ၅၉၇၉ | -၉၀၁ | (-)၁၃% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ လာရောက်သူများ | ၂၃၂၃၄ | ၆၃၆၄၉ | ၄၀၄၁၅ | (+)၁၇၄% |
|  | ဗီဇာဖြင့်လာရောက်သူပေါင်း | ၆၈၂၁၀၀ | ၉၀၉၅၁၅ | ၂၂၇၄၁၅ | (+)၃၃% |
| ၄ | နယ်စပ်တွင် ဝင်ရောက်သူများ | ၁၀၃၉၉၄၉ | ၁၂၃၃၉၅၃ | ၁၉၄၀၀၄ | (+)၁၉% |
|  | စုစုပေါင်း | ၁၇၂၂၀၄၉ | ၂၁၄၃၄၆၈ | ၄၂၁၄၁၉ | (+)၂၄% |

## နိုင်ငံအလိုက်ပြည်ပဧည့်သည် လာရောက်မှု(နှိုင်းယှဉ်ချက်)


| စဉ် | နိုင်ငံ/ဒေသ | ၂၀၁၈ (ဇွန်လအထိ) | ၂၀၁၉ (ဇွန်လအထိ) | ခြားနားမှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
|  | **မြောက်အမေရိကား** | **၄၀၂၃၃** | **၄၀၉၂၁** | ၆၈၈ | **၂%** |
| ၁ | အမေရိကန် | ၃၄၀၂၁ | ၃၄၉၈၆ | ၉၆၅ | ၃% |
| ၂ | ကနေဒါ | ၆၂၁၂ | ၅၉၃၅ | -၂၇၇ | -၄% |
|  | **အခြားအမေရိကား** | **၅၈၃၆** | **၅၄၁၇** | **-၄၁၉** | **-၇%** |
|  | **အနောက်ဥရောပ** | **၉၃၁၃၈** | **၉၀၆၅၆** | **-၂၄၈၂** | **-၃%** |
| ၁ | ပြင်သစ် | ၂၃၆၃၉ | ၂၂၈၈၅ | -၇၅၄ | -၃% |
| ၂ | ယူကေ | ၂၀၁၂၁ | ၁၇၈၉၈ | -၂၂၂၃ | -၁၁% |
| ၃ | ဂျာမနီ | ၁၄၇၉၇ | ၁၄၅၅၉ | -၂၃၈ | -၂% |
| ၄ | အီတလီ | ၇၂၁၄ | ၈၉၆၃ | ၁၇၄၉ | ၂၄% |
| ၅ | ဆွစ်ဇာလန် | ၄၉၁၂ | ၄၄၁၇ | -၄၉၅ | -၁၀% |
| ၆ | နယ်သာလန် | ၄၇၃၈ | ၄၅၉၈ | -၁၄၀ | -၃% |
| ၇ | ဘယ်လ်ဂျီယံ | ၂၇၉၂ | ၂၅၆၉ | -၂၂၃ | -၈% |
| ၈ | သြစတြီးယား | ၁၆၉၇ | ၁၈၉၃ | ၁၉၆ | ၁၂% |
| ၉ | စပိန် | ၃၇၈၈ | ၄၃၁၅ | ၅၂၇ | ၁၄% |
| ၁၀ | အခြား | ၉၄၄၀ | ၈၅၅၉ | -၈၈၁ | -၉% |
|  | **အရှေ့ဥရောပ** | **၉၄၃၂** | **၉၂၈၀** | **-၁၅၂** | **-၂%** |
| ၁ | ရုရှား | ၂၇၉၈ | ၂၆၁၁ | -၁၈၇ | -၇% |
| ၂ | အခြား | ၆၆၃၄ | ၆၆၆၉ | ၃၅ | ၁% |
|  | **အာဖရိက** | **၂၀၅၈** | **၂၁၄၂** | **၈၄** | **၄%** |
|  | **အရှေ့အလယ်ပိုင်း** | **၂၆၁၀** | **၂၈၀၂** | **၁၉၂** | **၇%** |
|  | **အာရှ** | **၅၁၃၀၇၂** | **၇၄၃၅၉၁** | **၂၃၀၅၁၉** | **၄၅%** |
| ၁ | တရုတ် | ၁၃၃၆၉၇ | ၃၂၀၈၈၂ | ၁၈၇၁၈၅ | ၁၄၀% |
| ၂ | ထိုင်း | ၁၅၃၈၁၄ | ၁၃၇၅၇၉ | -၁၆၂၃၅ | -၁၁% |
| ၃ | ကိုရီးယား | ၃၂၃၄၃ | ၅၉၅၆၈ | ၂၇၂၂၅ | ၈၄% |
| ၄ | ဂျပန် | ၄၈၇၄၅ | ၆၀၅၇၄ | ၁၁၈၂၉ | ၂၄% |
| ၅ | စင်ကာပူ | ၂၇၉၇၈ | ၂၇၂၇၄ | -၇၀၄ | -၃% |
| ၆ | ဗီယက်နမ် | ၂၇၃၂၈ | ၂၅၈၈၈ | -၁၄၄၀ | -၅% |
| ၇ | အိန္ဒိယ | ၂၁၆၄၈ | ၂၃၀၈၆ | ၁၄၃၈ | ၇% |
| ၈ | မလေးရှား | ၂၃၅၅၉ | ၂၁၀၂၅ | -၂၅၃၄ | -၁၁% |
| ၉ | ထိုင်ဝမ် | ၁၇၇၈၃ | ၁၈၉၇၉ | ၁၁၉၆ | ၇% |
| ၁၀ | ဟောင်ကောင် | ၈၈ | ၁၆၉၁၀ | ၁၆၈၂၂ |  |
| ၁၁ | မက္ကာအို | ၂ | ၁၃၅၅ | ၁၃၅၃ |  |
| ၁၂ | ဖိလစ်ပိုင် | ၈၄၃၇ | ၈၇၁၈ | ၂၈၁ | ၃% |
| ၁၃ | အခြား | ၁၇၆၅၀ | ၂၁၇၅၃ | ၄၁၀၃ | ၂၃% |
|  | **သမုဒ္ဒရာပိုင်း** | **၁၅၇၂၁** | **၁၄၇၀၆** | **-၁၀၁၅** | **-၆%** |
| ၁ | သြစတြေးလျ | ၁၃၅၇၄ | ၁၂၇၇၈ | -၇၉၆ | -၆% |
| ၂ | နယူးဇီလန် | ၂၀၀၃ | ၁၈၄၉ | -၁၅၄ | -၈% |
| ၃ | အခြား | ၁၄၄ | ၇၉ | -၆၅ | -၄၅% |
|  | **စုစုပေါင်း** | **၆၈၂၁၀၀** | **၉၀၉၅၁၅** | **၂၂၇၄၁၅** | **၃၃%** |

**မှတ်ချက်။ ဗီဇာဖြင့် လာရောက်သူများသာ**

# ချန်ဒရာယန်း-၂ လစူးစမ်းလေ့လာရေးယာဉ် အိန္ဒိယလွှတ်တင်

**နယူးဒေလီ ဇူလိုင် ၂၂**

အိန္ဒိယနိုင်ငံသည် နိုင်ငံအတွက် သမိုင်းဝင်နေ့တစ်နေ့ဟု တင်စားခေါ်တွင်ရမည့် လမျက်နှာပြင်သို့ ဆင်းသက်မည့် ချန်ဒရာယန်း-၂ လစူးစမ်းလေ့လာရေးယာဉ်ကို ယနေ့တွင် လွှတ်တင်လိုက်ကြောင်း အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။




အဆိုပါ လစူးစမ်းလေ့လာရေးယာဉ် ချန်ဒရာယန်း-၂ ကို အန်ဒရာပရာဒေ့ရှ်ပြည်နယ်ကမ်းလွန် ကျွန်းတစ်ကျွန်းပေါ်ရှိ ဆက်တစ်ရှ်ဒါဝန် အာကာသစခန်းမှ ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၃ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

"ဒီနေ့ဟာ အိန္ဒိယနိုင်ငံ အာကာသ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍအတွက် သမိုင်းဝင်တဲ့နေ့တစ်နေ့ဖြစ်ပါတယ်" ဟု အိန္ဒိယအာကာသသုတေသနအဖွဲ့အစည်း(အိုင်အက်စ်အာရ်အို) မှ အကြီးအကဲ ကေဆီဗန်က ပြောကြားခဲ့သည်။

လစူးစမ်းလေ့လာရေး ယာဉ် ချန်ဒရာယန်း-၂ ကို ဇူလိုင် ၁၅ ရက်က လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း နည်းပညာပိုင်း ပြဿနာကြောင့် လွှတ်တင်မည့်ရက်ကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့နောက်ပိုင်း လစူးစမ်းလေ့လာရေးယာဉ်လွှတ်တင်နိုင်သည့် စတုတ္ထမြောက်နိုင်ငံလည်း ဖြစ်လာခဲ့သည်။

အိန္ဒိယနိုင်ငံ သမ္မတ ရမ်နက်ကိုဗင့်သည်လည်း ပြည်သူ ၇၀၀၀ ကျော်နှင့်အတူ လစူးစမ်းလေ့လာရေးယာဉ် ချန်ဒရာယန်း-၂ လွှတ်တင်မှုကို ကြည့်ရှုခဲ့သည်။ အဆိုပါ လစူးစမ်းလေ့လာရေးယာဉ် ချန်ဒရာယန်း-၂ လွှတ်တင်မှုအတွက် အမေရိကန်ဒေါ်လာ သန်း ၁၄၀ ခန့် ကုန်ကျခံခဲ့သည်။

အိန္ဒိယနိုင်ငံသည် အကျိုးအမြတ်ရှိသော စီးပွားဖြစ်ဂြိုဟ်တုနှင့် ဂြိုဟ်တုပတ်လမ်းဆိုင်ရာ အချက်အလက်များကို စူးစမ်းရှာဖွေရန် မျှော်လင့်ထားပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီကလည်း ၂၀၂၂ ခုနှစ်တွင် ဂြိုဟ်တုပတ်လမ်းသို့ လူလိုက်ပါသော မစ်ရှင်တစ်ခုစေလွှတ်ရန် သန္နိဋ္ဌာန်ချထားသည်။

**အေအက်ဖ်ပီ**

## အိုင်အေအီးအေ အကြီးအကဲ ကွယ်လွန်

**ဗီယင်နာ ဇူလိုင် ၂၂**

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ ညွှန်ကြားရေးမှူးချုပ် ယူကီယာအာမာနိုသည် ကွယ်လွန်သွားပြီဖြစ်ကြောင်း ယင်းအေဂျင်စီက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

ကွယ်လွန်သူ အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် ယူကီယာအာမာနိုသည် ဂျပန်လူမျိုးဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် (၇၂) နှစ်ရှိပြီဖြစ်သည်။ ၎င်းသည်လက်ရှိရာထူးတာဝန်ကို ၂၀၀၉ ခုနှစ်ကတည်းက စတင်ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။ ၎င်း၏ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် သက်တမ်းသည် ၂၀၂၁ ခုနှစ်ထိ ဖြစ်သော်လည်း ယခုနှစ် မတ်လအတွင်းကပင် ရာထူးမှနုတ်ထွက်ရန် ပြင်ဆင်ထားခဲ့သည်။ ယူကီယာအာမာနိုသည် တစ်ကြိမ်လျှင် သက်တမ်းလေးနှစ် တာဝန်ထမ်းဆောင်ရသည့် အိုင်အေအီးအေ၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တတိယမြောက် သက်တမ်းတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်သည်။ **ဆင်ဟွာ**

## သီရိလင်္ကာသမ္မတက အရေးပေါ်အခြေအနေ တစ်လထပ်မံတိုး

**ကိုလံဘို ဇူလိုင် ၂၂**

သီရိလင်္ကာနိုင်ငံ သမ္မတ ဆီရိဆီနာသည် နိုင်ငံအတွင်း လုံခြုံရေးအခြေအနေကြောင့် အရေးပေါ်အခြေအနေကို ဇူလိုင် ၂၂ ရက်မှ စတင်ကာ တစ်လထပ်မံတိုးမြှင့်လိုက်ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

သမ္မတဆီရိဆီနာသည် လူဦးရေ ၂၅၀ ကျော်သေဆုံးပြီး ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့သည့် နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီး နောက်တစ်ရက်ဖြစ်သည့် ဧပြီ ၂၂ ရက်တွင် အရေးပေါ်အခြေအနေကို ကြေညာခဲ့ခြင်းဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်ဆက်နွှယ်မှုရှိသည့် သံသယရှိသူများကို နိုင်ငံတစ်ဝန်း ပိုက်စိပ်တိုက်ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေခြင်းကြောင့် မေ ၂၂ ရက်တွင် တစ်ကြိမ်၊ ဇွန် ၂၂ ရက်တွင် တစ်ကြိမ် အရေးပေါ်အခြေအနေကို ထပ်မံတိုးမြှင့်ခဲ့သည်။

လက်ရှိတွင် သီရိလင်္ကာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ သံသယရှိသူ ၁၀၀ ကျော်ကိုလည်း ဖမ်းဆီးထားပြီးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ဆီးရီးယားအနောက်မြောက်ပိုင်း၌ ရုရှားက လေကြောင်းမှတိုက်ခိုက်၊ ၁၉ ဦး သေဆုံးပြီး ၄၅ ဦးထက်မနည်း ဒဏ်ရာရ

**ဘေရွတ် ဇူလိုင် ၂၂**

ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းဒေသရှိ ဈေးတစ်ဈေးကို ဇူလိုင် ၂၂ ရက်တွင် ရုရှားက လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အရပ်သား ၁၆ ဦး အပါအဝင် လူ ၁၉ ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

အီဒလစ်ပြည်နယ် မီဟာရက် အယ်လ်နူမန်မြို့ရှိ ဟင်းသီးဟင်းရွက် လက်ကားရောင်းချသော ဈေးကို ရုရှားက လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုကြောင့် လူ ၄၅ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ထိခိုက်ဒဏ်ရာရသူများထဲတွင် ဒဏ်ရာပြင်းထန်စွာရရှိသူ အများအပြားရှိခဲ့၍ သေဆုံးသူဦးရေမှာ မြင့်တက်လာနိုင်ကြောင်း၊ လူအချို့မှာ အဆောက်အအုံ အပျက်အစီးများအောက်တွင် ပိတ်မိနေကြောင်း လန်ဒန် အခြေစိုက် ယင်းလေ့လာရေးအဖွဲ့က ပြောကြားသည်။

ရုရှား၏ လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၆ ဦး သေဆုံးခဲ့ပြီး အခြားရုပ်အလောင်းများကို အမျိုးအမည် ခွဲခြားနိုင်ရန် ကျန်ရှိနေသေးကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ အကြီးအကဲ ရာမီအဗ္ဗဒဲလ်ရာမန်က ပြောကြားသည်။

ဇူလိုင် ၂၁ ရက်တွင် ဆီးရီးယားအစိုးရနှင့် ရုရှားမဟာမိတ်များက အီဒလစ်ပြည်နယ်တွင်းရှိ ဂျီဟတ်ဝါဒီ သူပုန်များ ထိန်းချုပ်ထားသည့်ဒေသ၌ လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူ ၁၈ ဦး သေဆုံးခဲ့ရသည်။ သေဆုံးသူများထဲတွင် အသက် ၁၈ နှစ်အရွယ် အရပ်သား သတင်းသမားတစ်ဦးပါဝင်ခဲ့သည်။ ယင်းတိုက်ခိုက်မှုအပြီး နောက်တစ်ရက်၌ ရုရှားတို့၏ လေကြောင်းမှစီးနင်းမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။



လွန်ခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက ယင်းဒေသတွင်း၌ နေထိုင်သည့် ပြည်သူ သုံးသန်းကျော်အား ကြီးမားသော စစ်ရေးတိုက်ခိုက်မှု အကာအကွယ်ပေးရန်အတွက် ကြားခံဇုန်တစ်ခု တည်ထောင်ပေးရန် သဘောတူညီမှုတစ်ခုရရှိခဲ့သော်လည်း ဆီးရီးယားအစိုးရနှင့် ၎င်း၏ မဟာမိတ်ရုရှားတို့က ယခုနှစ် ဧပြီလအတွင်းမှ စတင်ကာ လူအသေအပျောက်အများအပြားရှိသည့် ဗုံးခွဲတိုက်ခိုက်မှုများကို အီဒလစ်ပြည်နယ်အတွင်း တိုးမြှင့်ပြုလုပ်ခဲ့သည်။

တိုက်ခိုက်မှုများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ခြင်းကြောင့် အရပ်သား ၆၅၀ ကျော် သေဆုံးခဲ့ရပြီး လူပေါင်းတစ်သောင်းကျော်မှာ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။ ဆေးရုံ၊ ဆေးခန်းအဆောက်အအုံများစွာမှာ လုံးဝပျက်စီးခဲ့ရသည်။

ဆီးရီးယားနိုင်ငံတွင် ၂၀၁၁ ခုနှစ်ကတည်းက ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ကြောင့် ပြည်သူ ၃၇၀၀၀၀ ကျော် သေဆုံးခဲ့ပြီး နေရပ်စွန့်ခွာထွက်ပြေးရသူဦးရေ သန်းနှင့်ချီ ရှိခဲ့သည်။ **အေအက်ဖ်ပီ**

# ဂျပန်ကာကွယ်ရေးဝန်ကြီး အိုင်ဝါယာနှင့် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး တွေ့ဆုံဆွေးနွေး



**တိုကျို ဇူလိုင် ၂၂**

ဂျပန်ကာကွယ်ရေးဝန်ကြီး တာကေးရှီအိုင်ဝါယာနှင့် အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေး ဂျွန်ဘော်လ်တန်တို့သည် ဇူလိုင် ၂၂ ရက်တွင် တွေ့ဆုံဆွေးနွေးကြကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

၎င်းတို့သည် မကြာသေးမီက အမေရိကန်ပြည်ထောင်စုက အဆိုပြုထားသည့် ဟော်မုဇ်ရေလက်ကြားဒေသ၌ ရေကြောင်းသွားလာမှု လုံခြုံရေးအတွက် ညွန့်ပေါင်းရေတပ်ဖွဲ့စည်းရေးကိစ္စကို ဆွေးနွေးခဲ့ကြသည်ဟု သတင်းတွင် ဖော်ပြသည်။

၎င်းတို့နှစ်ဦး တွေ့ဆုံဆွေးနွေးပွဲကို တိုကျိုမြို့ရှိ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နှင့် အမေရိကန်လုံခြုံရေးဆိုင်ရာ မဟာမိတ်ပြုမှုများ ပိုမိုတိုးမြှင့်ရေးအတွက် ဂျွန်ဘော်လ်တန်၏ ဆောင်ရွက်ချက်များကို ကျေးဇူးတင်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဇူလိုင် ၂၂ ရက် အစောပိုင်းတွင် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုအား တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် ၎င်းတို့နှစ်ဦးသည် ဂျပန်နှင့်တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး၌ အဖုအထစ်ဖြစ်စေသော စစ်အတွင်းက အလုပ်အတင်းအကျပ်စေခိုင်းမှုနှင့် ဂျပန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံသို့ အဆင့်မြင့်နည်းပညာသုံးပို့ကုန်များ တင်ပို့မှု ထိန်းချုပ်ခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဂျပန်နိုင်ငံ၏ ရပ်တည်ချက်ကို အမေရိကန်အမျိုးသား လုံခြုံရေးအကြံပေးအား ရှင်းလင်းပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ၁၉၆၈ ခုနှစ်က ပျောက်ဆုံးသွားသည့် ပြင်သစ်ရေငုပ်သင်္ဘော မြေထဲပင်လယ်၌ ရှာဖွေတွေ့ရှိ

**မာဆီးလ်(ပြင်သစ်) ဇူလိုင် ၂၂**

ရှာဖွေရေးအသင်းတစ်သင်းသည် လွန်ခဲ့သည့် ၁၉၆၈ ခုနှစ်က အနောက်မြေထဲပင်လယ်၌ ပျောက်ဆုံးသွားသည့် ပြင်သစ်ရေငုပ်သင်္ဘောတစ်စင်းကို နှစ်ပေါင်း ၅၁ နှစ်ကြာပြီးနောက် ရှာဖွေတွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

အမေရိကန် ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သည့် Ocean Infinity ပိုင် ရှာဖွေရေးသင်္ဘောတစ်စင်းက ပျောက်ဆုံးပြင်သစ်ရေငုပ်သင်္ဘောကို ပြင်သစ်နိုင်ငံတောင်ဘက် တိုလွန်းဆိပ်ကမ်းမြို့မှ ၄၅ ကီလိုမီတာခန့်အကွာရှိ ပင်လယ်ရေအောက် အနက်ပေ ၇၈၀၀ ခန့်တွင် ဇူလိုင် ၂၁ ရက်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရေငုပ်သင်္ဘောအား ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖလိုရဲန်စ်ပါလီက ရှာဖွေရေးအဖွဲ့နှင့် နည်းပညာ၏ စွမ်းဆောင်မှုကြောင့် ပျောက်ဆုံးပြင်သစ်ရေငုပ်သင်္ဘောကို ရှာဖွေတွေ့ရှိနိုင်ခဲ့ခြင်းဖြစ်သည်ဟု တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

ဒီဇယ်နှင့် လျှပ်စစ်ဖြင့် ခုတ်မောင်းရသော Minerve အမည်ရှိ ရေငုပ်သင်္ဘောသည် ပြင်သစ်နိုင်ငံတောင်ဘက် ကမ်းလွန်ပင်လယ်တွင် သင်္ဘောအမှုထမ်း ၅၂ ဦးနှင့်အတူ ၁၉၆၈ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဖလိုရဲန်စ်ပါလီသည် ကျန်ရစ်သူမိသားစုများ၏ မေတ္တာရပ်ခံချက်အရ ရေတပ်သင်္ဘောများနှင့် ပင်လယ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အပါအဝင် ပျောက်ဆုံးရေငုပ်သင်္ဘော ရှာဖွေရေးလုပ်ငန်းကို အသစ်တစ်ဖန်ပြုလုပ်ရန် ယခုနှစ်အစပိုင်းက ကြေညာခဲ့သည်။

ရေအောက်မောင်းသူမဲ့ ဒရုန်းလေယာဉ်များနှင့် အစွမ်းထက်မြက်သော ကင်မရာများ တပ်ဆင်ထားသည့် အမေရိကန်ရှာဖွေရေးသင်္ဘောသည် ပြီးခဲ့သည့်သီတင်းပတ် အင်္ဂါနေ့က ရေငုပ်သင်္ဘောနစ်မြုပ်ခဲ့ရာနေရာကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ အမေရိကန်ရှာဖွေရေးသင်္ဘောသည် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းက အတ္တလန္တိတ်သမုဒ္ဒရာ၌ ပျောက်ဆုံးသွားသည့် အာဂျင်တီးနားပိုင် ရေငုပ်သင်္ဘောတစ်စင်းကိုလည်း ယင်းနှစ် နိုဝင်ဘာလတွင် အောင်မြင်စွာ ရှာဖွေတွေ့ရှိခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



# သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်ပတ်လည်နေ့၌ သမ္မတ အာဆတ်နှင့် သမ္မတ ပူတင် သဝဏ်လွှာများ ပေးပို့

**ဒမတ်စကတ် ဇူလိုင် ၂၂**

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်နှင့် ရုရှားသမ္မတ ဗလာဒီမာ ပူတင်တို့သည် ဇူလိုင် ၂၁ ရက်တွင် ကျရောက်သော နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်သည့် (၇၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယ၌ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

ဆီးရီးယားသမ္မတ အာဆတ်သည် နှစ်ဦးနှစ်ဖက် အကျိုးအမြတ်ရရှိစေမည့် နှစ်နိုင်ငံဆက်ဆံရေးအား ဘက်ပေါင်းစုံမှ တိုးမြှင့်ရန် အရေးကြီးပုံကို အဆိုပါသဝဏ်လွှာ၌ အလေးထားဖော်ပြထားသည်ဟု ဆီးရီးယားနိုင်ငံပိုင် ဆာနာသတင်းအေဂျင်စီက ဖော်ပြထားသည်။

ထို့အပြင် အာဆတ်သည် ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက်နှိမ်နင်းရေးစစ်ပွဲ၌ ဆီးရီးယားတပ်မတော်နှင့်အတူ စစ်ပွဲဆင်နွှဲလျက်ရှိသော ရုရှားတပ်မတော်အပေါ် ဂုဏ်ပြုကြိုဆိုခဲ့ပြီး ရုရှားတပ်မတော်သည် ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက်နှိမ်နင်းရေးစစ်ပွဲများ၌ ဆီးရီးယားအစိုးရတပ်ကို ထိထိရောက်ရောက် အကူအညီပေးခဲ့ကြောင်း ဖော်ပြထားသည်။

တစ်ဆက်တည်းမှာပင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာ ကာကွယ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ဆီးရီးယားနိုင်ငံကို အကူအညီများ ဆက်လက်ပေးသွားမည်ဖြစ်သလို ဆီးရီးယားနိုင်ငံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအတွက်လည်း အကူအညီများ ပေးအပ်သွားမည်ဟု အခိုင်အမာ ပြောကြားခဲ့သည်။

ရုရှားနှင့် ဆီးရီးယားနိုင်ငံတို့သည် အမျိုးမျိုးသော နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်လာခြင်းနှင့်အတူ လွန်ခဲ့သည့် ဆယ်စုနှစ်များကတည်းက ကျယ်ပြန့်သော အတွေ့အကြုံရရှိခဲ့ပြီးဖြစ်ရာ ယခုအခါ ရုရှားနှင့် ဆီးရီးယားနိုင်ငံတို့သည် နိုင်ငံတကာ အကြမ်းဖက်သမားများနှင့် အစွန်းရောက်ဝါဒီများ နှိမ်နင်းရေးစစ်ပွဲတွင်လည်း မဟာမိတ်ဖွဲ့ထားကြောင်း ပူတင်က ဆိုသည်။

ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက်နှိမ်နင်းရေးစစ်ပွဲများ ဆင်နွှဲရာတွင် နှစ်ဦးနှစ်ဖက် ကြိုးပမ်းအားထုတ်မှုများမှသာ နောက်ဆုံးအောင်မြင်မှုကို ရရှိမည်ဟု ယုံကြည်ကြောင်း ပူတင်က ထပ်မံပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**



# မိခင်နှင့် ကလေးများအတွက် ငါးနှစ်အာဟာရစီမံကိန်း ကမ္ဘောဒီးယား စတင်ဆောင်ရွက်

**ဖနောင်ပင် ဇူလိုင် ၂၂**

နိုင်ငံအတွင်းရှိ မိခင်နှင့် ကလေးများသို့ ပံ့ပိုးပေးသည့် အာဟာရဝန်ဆောင်မှုနှင့် ကျန်းမာရေးအရည်အသွေး တိုးတက်စေရန်အတွက် ကမ္ဘောဒီးယားအစိုးရသည် ယနေ့မှစ၍ ငါးနှစ်အာဟာရစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့သည်။

အမေရိကန်ဒေါ်လာ ၅၃ သန်းတန် ယင်းစီမံကိန်းကို ကမ္ဘောဒီးယားအစိုးရ၊ ဩစတြေးလျအစိုးရ၊ ကမ္ဘာ့ဘဏ်၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်နှင့် မိခင်များ၊ ကလေးများနှင့် ဆယ်ကျော်သက်များအတွက် ကမ္ဘာ့ငွေကြေးအထောက်အပံ့အဖွဲ့က ငွေကြေးထောက်ပံ့ခြင်းဖြစ်ကြောင်း စီမံကိန်းဖွင့်ပွဲအခမ်းအနား၌ ကျန်းမာရေးဝန်ကြီး မန်ဘွန်ဟန်းက ပြောကြားသည်။

ပြည်နယ် ခုနစ်ခုဖြစ်သည့် မန်ဒူကီရီ၊ ရတနာကီရီ၊ ကရာတီ၊ စတန်ထရန်၊ ပရီယာဗီဟီးယား၊ ကမ်ပေါင်ရှုနမ်နှင့် ခို့ကောင် ပြည်နယ်တို့မှ နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် စီမံကိန်းအကျိုးခံစားခွင့်ရှိသူများဖြစ်ကြောင်း၊ ကမ္ဘောဒီးယားအာဟာရစီမံကိန်းသည် ချမ်းသာသူနှင့် ဆင်းရဲသူများအကြား၊ မြို့ပြဒေသနှင့် ကျေးလက်ဒေသရှိ မိခင်နှင့် ကလေးများအကြား ထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိခံစားမှု ကွာဟချက်ကို လျှော့ချပေးမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယင်းစီမံကိန်းသည် ကမ္ဘောဒီးယား မိသားစုများနှင့် လူ့အဖွဲ့အစည်းများ အထူးသဖြင့် ထိခိုက်လွယ်သည့်သူများ၏ ဘဝကိုပြောင်းလဲစေနိုင်မည့် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ အာဟာရရလဒ်များသည် ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ တဖြည်းဖြည်း တိုးတက်လာခဲ့ကြောင်း၊ အသက်ငါးနှစ်အောက် ကလေးငယ်သုံးဦးတွင် တစ်ဦးသည် ကြံ့လှီနေကြောင်း၊ ယင်းမှာ အာဟာရချို့တဲ့မှု တာရှည်ခြင်းနှင့် ဖွံ့ဖြိုးမှုနိမ့်ကျခြင်း၏ အမှတ်လက္ခဏာဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ဒေသမန်နေဂျာ အင်ဂူနာ ဒိုဘရာဂျာက ပြောသည်။

ပရီယာ ဗီဟီးယား၊ စတန်ထရန် စသည့် ကမ္ဘောဒီးယား အရှေ့မြောက်ပြည်နယ်များရှိ ကျေးလက်ဒေသမှ ဆင်းရဲသူများအကြား ကြံ့လှီမှုနှုန်းသည် ၄၀ ရာခိုင်နှုန်း အထက်ရှိကြောင်း၊ ယင်းစီမံကိန်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ လက်ရှိယန္တရားကို အသုံးပြု၍ ပြည်သူ့ကျန်းမာရေးဌာနများမှ ပံ့ပိုးပေးနေသည့် အမျိုးသမီးများနှင့် ကလေးများအတွက် ပံ့ပိုးပေးသည့် ကျန်းမာရေးနှင့် အာဟာရဝန်ဆောင်မှုကို တိုးတက်စေမည်ဟု ကမ္ဘာ့ဘဏ်၏ ဒေသမန်နေဂျာက ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# အိန္ဒိယမြောက်ပိုင်း၌ မိုးကြိုးမုန်တိုင်းပစ်မှုကြောင့် တစ်ရက်အတွင်း လူ ၃၀ သေဆုံး

**နယူးဒေလီ ဇူလိုင် ၂၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း မိုးကြိုးမုန်တိုင်းပစ်မှုကြောင့် လူ ၃၀ ကျော် သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရမီဒီယာများက ယနေ့ ဖော်ပြသည်။

မိုးကြိုးမုန်တိုင်းပစ်မှုကြောင့် ကန်ပူနှင့် ဖာတက်ပူခရိုင်တွင် လူခုနစ်ဦးစီ၊ ဂျန်စီခရိုင်တွင် ငါးဦး၊ ဂျာလွန်ခရိုင်တွင် လေးဦး၊ ဟမ်မီပူခရိုင်တွင် သုံးဦး၊ ဂါဇီပူခရိုင်တွင် နှစ်ဦးနှင့် အခြားခရိုင်လေးခုတွင် တစ်ဦးစီ စုစုပေါင်း ၃၀ သေဆုံးခဲ့သည်။ ပြည်နယ်အတွင်း အခြား ၁၃ ဦးလည်း ဒဏ်ရာရရှိခဲ့သည်။ ဥတ္တရပရာဒေ့ရှ် ပြည်နယ်ဝန်ကြီးချုပ် ယိုဂီအဒစ်ရာနတ်က သေဆုံးသူများအတွက် ဝမ်းနည်းကြောင်းပြောကြားခဲ့ပြီး သေဆုံးသူများ၏ မိသားစုများထံသို့ အမေရိကန်ဒေါ်လာ ၅၇၁၄ စီ ထောက်ပံ့မည်ဟု ကြေညာခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်၏ မီဒီယာအကြံပေးဖြစ်သူ မရစ်ယွန်ဂျေးကူးမားက ပြည်နယ်အတွင်း နေရာအနှံ့အပြား၌ မိုးကြိုးမုန်တိုင်းပစ်မှုများ ဖြစ်ပွားခဲ့သောကြောင့် အသေးစိတ်ဖြေကြားရန် စောလွန်းသေးကြောင်း၊ အသေးစိတ်အချက်အလက်များရရှိရန် မိုးကြိုးမုန်တိုင်းပစ်မှုများဖြစ်ပွားခဲ့ရာဒေသများရှိ တာဝန်ရှိသူများနှင့် ဆက်သွယ်နေကြောင်း ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့် ပြောကြားခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကမ္ဘောဒီးယားရှိ ရေတပ်အခြေစိုက်စခန်းကို တရုတ်တပ်ဖွဲ့အား အသုံးပြုရန် လျှို့ဝှက်သဘောတူသည်ဆိုသော သတင်းကို ဝန်ကြီးချုပ်ဟွန်ဆင် ငြင်းဆို

**ဖနောင်ပင် ဇူလိုင် ၂၂**

ကမ္ဘောဒီးယားနိုင်ငံက နိုင်ငံအနောက်တောင်ပိုင်း ဆီဟာနောက်ပြည်နယ်ရှိ ရီအမ်ရေတပ်အခြေစိုက်စခန်းကို တရုတ်လက်နက်ကိုင်တပ်ဖွဲ့အား အသုံးပြုခွင့်ပေးရန် တရုတ်နိုင်ငံနှင့် လျှို့ဝှက်သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်ဆိုသော ဝေါစထရီဂျာနယ်၏ သတင်းဖော်ပြမှုကို ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ငြင်းဆန်ခဲ့ပြီး သတင်းတုဟု ပြောကြားလိုက်သည်။

“ဒီသတင်းဟာ ကမ္ဘောဒီးယားနိုင်ငံနဲ့ပတ်သက်ပြီး အဆိုးရွားဆုံး လုပ်ဇာတ်ခင်းတဲ့သတင်းပါ။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံအတွင်း ပြည်ပစစ်ဘက်အခြေစိုက်စခန်းရှိမှုဟာ ကမ္ဘောဒီးယားနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို ဗီလာဆန့်ကျင်နေပါတယ်”ဟု Fresh News နှင့် သီးသန့်တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း ဟွန်ဆင်က ပြောကြားသည်။

“မိမိပိုင်နက်နယ်မြေမှာ ကမ္ဘောဒီးယားနိုင်ငံက ဘာကြောင့် တရုတ်တပ်ဖွဲ့ရှိနေဖို့ လိုအပ်မှာလဲ”ဟု ဟွန်ဆင်က ဆိုသည်။ ထိုကိစ္စကို တရုတ်ခေါင်းဆောင်များနှင့် မည်သည့်အခါမျှ ဆွေးနွေးခဲ့ခြင်းမရှိသလို သဘောတူညီချက် လက်မှတ်ရေးထိုးမှုနှင့်ပတ်သက်၍ ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ကမ္ဘောဒီးယားပိုင်နက်အတွင်း တရုတ်တပ်ဖွဲ့ရှိသည်ဆိုသော သတင်းတုများ အသုံးပြုမှုကို ရပ်တန့်သင့်ကြောင်း ဟွန်ဆင်က ပြောသည်။

တရုတ်နိုင်ငံက ကမ္ဘောဒီးယားနိုင်ငံရှိ ရေတပ်အခြေစိုက်စခန်းတစ်ခုကို အသုံးပြုခွင့်ရရှိစေမည့် လျှို့ဝှက်သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဝေါစထရီဂျာနယ်က အမည်မဖော်ပြသော အမေရိကန်နှင့် မဟာမိတ်တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့ပြီး တစ်ရက်အကြာတွင် ဟွန်ဆင်က အဆိုပါသတင်းများကို ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# တိုင်းဒေသကြီးသုံးခု၌ တရားမဝင်သစ် ၂၇ ဒသမ ၄၂၈၈ တန်နှင့် ပြည်နယ်တစ်ခု၌ ၁၄ ဒသမ ၂၄၆၀ တန် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၂**
သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီးခြင်းကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ၂၀ ရက်အထိ သစ်တောဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့အတွင်းမှ ကျွန်း၊ ပိတောက်၊ တမလန်းသစ်ခွဲသား၊ ခါးရွေ စုစုပေါင်း ၁၅ ဒသမ ၈၀၆၂ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိခဲ့ပြီး ၎င်းကိုဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရဘိနယ် ငါးခုံးမချောင်းရွာအတွင်းမှ ကျွန်းတံခါးရွက် ၃၆၇ ချပ် (၃ ဒသမ ၆၈၃၈)တန်၊ ကိုးပင်-သာဂရကားလမ်း မြောက်ဘက်ကိုက် ၁၀၀ ခန့်အကွာမှ သစ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ သာဂရမြို့ အင်ဒိုင်းရပ်အတွင်းမှ ထောက်ကြံ့ခွဲသား (သုည ဒသမ ၀၈၇၂)တန်၊ ကျွန်းတံခါးရွက်နှင့် ထောက်ကြံ့ခွဲသား စုစုပေါင်း (၃ ဒသမ ၇၇၁) တန်၊ သစ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် အလှော်ကျေးရွာ အနောက်တောင်ဘက်မှ ကညင်ခွဲသား ၇ ဒသမ ၈၅၁၆ တန်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ် ရွှေလီမြစ်အတွင်းမှ ကျွန်းသစ် ၁၄ ဒသမ ၂၄၆၀ တန်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သောသူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**





# ရန်ကုန်-မန္တလေးအမြန်လမ်း ယာဉ်တိုက်မှုကြောင့် တစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၂၂**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၄၃/၄)နှင့် (၁၄၃/၅) အကြားတွင် ယနေ့နံနက် ၁၁ နာရီခွဲက ယာဉ်မောင်းတင်ဦး ဘီးလင်းမြို့နယ် မောင်းနှင်လာသည့် Probox ယာဉ်သည် ရှေ့မှယာဉ်မောင်း အောင်မြင့်ထွန်း မောင်းနှင်နေသည့် Lifan ယာဉ်ကိုကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ နောက်မှဝင်တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့်Probox ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်းငါးဦးတွင် အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦး ဒဏ်ရာရရှိပြီး အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**သတင်း-ညီညီသန်း(နေပြည်တော်)၊ ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

# ရွှေပြည်သာ-လားရှိုး-ကွတ်ခိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၂**
မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီက ရွှေပြည်သာမြို့နယ် အမှတ်(၃) ရပ်ကွက်နေ ဇော်မင်းထိုက်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၉၂၉၈ ပြား၊ ငွေကျပ် ၂၀၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုသိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီခန့်က လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ကောင်းကြဲကျေးရွာအုပ်စု ခိုက်ချန်ကျေးရွာနေ လနန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မအေးပီးအား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွဆေးပြား ၄၁၈၀ ပြားနှင့် ငွေကျပ် ၁၀၀၀၀၀၀ တို့ကိုလည်းကောင်း။

ထို့အတူ ဇူလိုင် ၂၀ ရက် ည ၉နာရီခွဲက မုံးစီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် မုံးစီးကျေးရွာအုပ်စု တရုတ်မန်ပုံကျေးရွာနေ မအားမတ်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်ထွန်းကျော်အား တွေ့ရှိရပြီး နေအိမ်မှ ဘိန်းဖြူ ဂရမ် ၄၃၀ နှင့် စိတ်ကြွဆေးပြား ၆၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရွှေပြည်သာမြို့နယ်တွင် အကြွေးတောင်းရာမှ အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်တစ်ဦး ဓားထိုးခံရ

**ရန်ကုန် ဇူလိုင် ၂၂**
ရွှေပြည်သာမြို့နယ် အမှတ် (၈) ရပ်ကွက်တွင် အကြွေးတောင်းရင်း စကားများရာမှ အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်တစ်ဦး ဓားထိုးခံရကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထံမှသိရသည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ် အမှတ်(၈) ရပ်ကွက်၌ နေထိုင်သော လှမိုးဦး(ခ) အညာသားဆိုသူသည် မိမိရရှိမည့်အကြွေး ငွေကျပ် သိန်း ၃၀ ကို တောင်းယူရန် အမှတ်(၈) ရပ်ကွက် ရာဇဓိရာဇ်လမ်းတွင် နေထိုင်သူ ဒေါ်ဥမ္မာမြင့်နေအိမ်သို့ ဇူလိုင် ၂၁ ရက် ညနေ ၆ နာရီက သွားရောက်တောင်းယူရာ အချင်းများပြီး မိသားစုဝင်သုံးဦးအား လှမိုးဦးက ဓားဖြင့်ထိုးခဲ့ပြီး ထွက်ပြေးသွားသည်။

ဒေါ်ဥမ္မာမြင့်၏သမီးတွင် ရင်ညွှန့်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဒေါ်ဥမ္မာမြင့်၏မိခင်ဖြစ်သူ ဒေါ်အေးသန်းတွင် ရင်ညွှန့်ထိုးသွင်းဒဏ်ရာတစ်ချက် (စိုးရိမ်ရ) ရရှိခဲ့ကြသဖြင့် အင်းစိန်ဆေးရုံသို့တင်ပို့ထားပြီး ဒေါ်ဥမ္မာမြင့်မှာ ကျောကုန်းထိုးသွင်းဒဏ်ရာတစ်ချက်ဖြင့်နေရာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ပြစ်မှုကျူးလွန်သူ လှမိုးဦးကို ရွှေတောင်မြို့အဝင် တိုးဂိတ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေပြည်သာမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူ လှမိုးဦး(ခ) အညာသားအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရွှေမြင့်**

# ဆိုင်ကယ်ခိုးသူနှစ်ဦး ဖမ်းဆီးရမိ

**တာချီလိတ် ဇူလိုင် ၂၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ထွန်းလင်းအောင်လမ်းသွယ်ကြား၌ ဆိုင်ကယ်ခိုးသူနှစ်ဦးကို ယနေ့နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၂ ရက်နံနက် ၁၁ နာရီခန့်က တာချီလိတ်မြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်ဇေယျ ဦးစီးနယ်ထိန်းအဖွဲ့သည် လှည့်ကင်းဆောင်ရွက်နေစဉ် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်မေးရာ ဟိစတေ(ခ)လဝနှင့် မျိုးလှိုင်ကို(ခ) အငယ်ကောင် မယ်ခေါင်ရပ်ကွက်နေသူနှစ်ဦး စီးနင်းလာသော ဆိုင်ကယ်နှင့်ပတ်သက်၍ မေးမြန်းရာ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ၎င်းတို့နှစ်ဦးအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# အရက်ကြောင်ကြောင်နေသူက ဓားဖြင့်ခုတ်၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ရွှေဘို ဇူလိုင် ၂၂**
ရွှေဘိုမြို့နယ် ပလိုင်းကျေးရွာတွင် ယနေ့နံနက် ၄ နာရီခွဲက နေအိမ်အဖီတဲရှိ တန်းလျားပေါ်တွင် အိပ်နေသူအား တစ်ရွာတည်းနေသူက အရက်ကြောင်ကြောင်ကာ ဓားဖြင့်ခုတ်သတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပလိုင်းကျေးရွာနေ ဒေါ်ခင်အုန်းမြင့် ပလိုင်းကျေးရွာ ရွှေဘိုမြို့နယ်နေသူသည် သားဖြစ်သူ မောင်ဝဏ္ဏအောင်၊ မောင်သူရအောင်တို့နှင့် နေအိမ်အတွင်း အိပ်ရာဝင်ခဲ့ပြီး ခင်ပွန်းဖြစ်သူ ကိုတွတ် (ခ) ကိုခင်မောင်ဇင်မှာ နေအိမ်တန်းလျားပေါ်တွင် အိပ်ရာဝင်ခဲ့ရာမှ နံနက် ၄ နာရီခွဲခန့်တွင် ဆူညံသံများ ကြားရသဖြင့် ထွက်ကြည့်ရာ တစ်ရွာတည်းနေ ကိုလင်း (ခ) အောင်လင်းက အရက်ကြောင်ကြောင်ကာ ခင်ပွန်းဖြစ်သူအား ဓားဖြင့်ခုတ်နေသည်ကို တွေ့ရှိရသဖြင့် ကြောက်လန့်ပြီး သားနှစ်ယောက်အား ခေါ်ပြီးထွက်ပြေးရာ ကိုလင်း(ခ) အောင်လင်းက သားကြီးဖြစ်သူ မောင်ဝဏ္ဏအောင်အား ဓားဖြင့်လှမ်းခုတ်သဖြင့် ယာလက်မောင်း ပြတ်ရှဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် ရွှေဘိုပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေပြီး ခင်ပွန်းဖြစ်သူ ကိုတွတ် (ခ) ကိုခင်မောင်ဇင်မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# တာပိန်မြစ်အတွင်း ဓာတ်ပုံဆင်းရိုက်စဉ် ရေစီးနှင့်မျောပါသွားသူနှစ်ဦးအနက် တစ်ဦးသေဆုံး၊ တစ်ဦးအသက်ရှင်လျက် တွေ့ရှိ

**မိုးမောက် ဇူလိုင် ၂၂**
ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ ဇူလိုင် ၁၉ ရက်မွန်းလွဲပိုင်းက တာပိန်မြစ်အတွင်း ဓာတ်ပုံဆင်းရိုက်စဉ် ရေစီးနှင့်မျောပါသွားသူနှစ်ဦးအနက် တစ်ဦးအား အသက်ရှင်လျက်တွေ့ရှိပြီး ကျန်တစ်ဦးမှာ သေဆုံးလျက် ရှာဖွေတွေ့ရှိကြောင်း မိုးမောက်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၉ ရက် ညနေ ၄ နာရီခွဲတွင် မိုးမောက်မြို့နယ် နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်နေသည့် နယ်မြေခံတပ်စခန်းအနီး အမျိုးသားတစ်ဦး လမ်းလျှောက်လာသည်ကို တွေ့ရှိခဲ့ကြောင်းနှင့် ၎င်းမှာ တာပိန်မြစ်အတွင်း အထက်တန်းသူနာပြုဆရာမ မသက်သက်ဇင်နှင့်အတူ ရေစီးနှင့်မျောပါလာသည့် စွမ်းဆောင်နိုင်ဆိုသူဖြစ်ကြောင်း သိရသည်။

စွမ်းဆောင်နိုင်၏ ပြောပြချက်အရ ရေစီးနှင့်မျောပါသွားသူ မသက်သက်ဇင်အား လိုက်လံဆယ်ယူရာမှ နှစ်ဦးစလုံး ရေစီးနှင့်မျောပါသွားခြင်းဖြစ်ပြီး ၎င်းမှာ ကျောက်ဆောင်နှင့်ညပ်၍ ကျန်ခဲ့ကာ မသက်သက်ဇင်မှာ ဆက်လက်မျောပါသွားခဲ့သည်။ ၎င်းမှာ ရေစီးနှင့်မျောပါစဉ် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် တာဝန်ရှိသူများက မိုးမောက်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထို့နောက် ရွယ်ကထောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးယော်နန်က ဇူလိုင် ၂၀ ရက် ည ၁၁ နာရီခွဲတွင် အမျိုးသမီးအလောင်းတစ်လောင်း ရေစီးနှင့်မျောပါလာကြောင်း ဆက်သွယ်အကြောင်းကြားသဖြင့် မိုးမောက်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမျိုးသန်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးသူ မသက်သက်ဇင်မှာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိရဘဲ ရေနစ်သေဆုံးသည့် လက္ခဏာတွေ့ရှိခဲ့ပြီး မိုးမောက်မြို့မရဲစခန်းတွင် သေမှုသေခင်းရေးဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကင်ဆာရောဂါ ကုသပါ - ၁

ဒေါက်တာမော်

ကင်ဆာရောဂါကို ကုသနိုင်ပါသလား။

ကင်ဆာရောဂါအားလုံးကို ပျောက်ကင်းအောင် မကုသနိုင်ပါ။

သို့သော် ကုသနိုင်ပါသည်။

နားရှုပ်သွားပါသလား။

ကင်ဆာရောဂါအားလုံးကို လုံးဝပျောက်ကင်းအောင် မကုသနိုင်သော်လည်း ကြီးရာမှ သေးသွားစေရန်၊ တစ်နေရာမှ နောက်တစ်နေရာသို့ မပျံ့စေရန်၊ နှစ်နှစ် အသက်ရှည်မည့်အစား ငါးနှစ်အသက်ရှည်စေရန်၊ အိပ်ရာပေါ်မှာ အော်ဟစ်ညည်းတွားနေရမည့်အစား ပန်းခြံမှာ လမ်းလျှောက်စေနိုင်ရန်၊ ပြုလိုသော ကုသိုလ်များ ချမ်းချမ်းသာသာ ပြုသွားနိုင်စေရန်ကား ကုသနိုင်ပါသည်။

စောစောသိ၊ စောစောကုလျှင် ပျောက်သည် နီးပါးပျောက်ကင်းနိုင်သည့် ကင်ဆာရောဂါများပင် ရှိသေးသည်။ ယင်းတို့မှာ ရင်သားကင်ဆာ (Breast Cancer)၊ ဆီးကျိတ်ကင်ဆာ (Prostate Cancer)၊ သိုင်းရွိုက်ကင်ဆာ (Thyroid Cancer)၊ သားအိမ်ခေါင်းကင်ဆာ (Cervical Cancer) စသည်တို့ ဖြစ်သည်။

**သိပ္ပံနည်းကျကုသမှု**


ကုသသည်ဆိုရာတွင်လည်း သိပ္ပံနည်းကျ ဆေးပညာနည်းကျကျ ကုသခြင်းကို ဆိုလိုပါသည်။ ရပ်ထဲရွာထဲရှိ ပျောက်စေဆရာ၊ ဗေဒင်ဆရာများနှင့် မျှော်လင့်တကြီး ကုသခြင်းကို မဆိုလိုပါ။ သိပ္ပံနည်းကျ ဆေးပညာနည်းကျကျ ကုသနည်းများမှာ ကမ္ဘာအရပ်ရပ်တွင် "လူ" သိန်းပေါင်းများစွာကို "နှစ်" ဆယ်ပေါင်းများစွာ သုတေသနပြုကာ ကောင်းသည်ထက်ကောင်းသော လက်တွေ့ကုထုံးများကို ဆေးပညာရှင်များ ခေါင်းချင်းဆိုင် ဆွေးနွေးသဘောတူထားကြသော ကုထုံးများဖြစ်သဖြင့် ယခုခေတ် ကင်ဆာရောဂါသည်များသည် ယခင်ခေတ် ကင်ဆာရောဂါသည်များထက် ပို၍အသက်ရှည်ကြသည်။ ယခုခေတ် ကင်ဆာရောဂါသည်များသည် ယခင်ခေတ် ကင်ဆာရောဂါသည်များထက် ပို၍သက်သာရာရကြသည်။

ယေဘုယျအားဖြင့် ကင်ဆာရောဂါမှန်လျှင် သိပ္ပံဆေးပညာဖြင့် မကုသဘဲနှင့် မသက်သာ မပျောက်ကင်းနိုင်ပါ။ ထိုသို့မကုသဘဲ ပျောက်ကင်းသည်ဆိုပါက ထိုရောဂါမှာ ကင်ဆာမဟုတ်၍သာ ဖြစ်သည်။ ရောဂါဖြစ်သော အသားစကို (biopsy) ယူကာ ခတ်ခွဲခန်းမှာ စစ်ဆေးကြည့်ပြီးမှသာ ကင်ဆာရောဂါဟုတ်သည်၊ မဟုတ်သည်ကို သိနိုင်ပေသည်။

ကင်ဆာရောဂါဟုပြောတိုင်း ဆေးကျောင်းတက်စဉ်က အရိုးကင်ဆာ (Osteosarcoma) ဖြစ်သွားသော ဂျူနီယာ ညီမလေးတစ်ယောက်ကို သတိရမိပါသည်။

ထိုစဉ်က သူက တတိယနှစ် (3rd MB) ကျောင်းသူ ဖြူဖြူချောချောလေးဖြစ်သည်။ ထိုညီမလေးမှာ ဒူးအထက်၌ အဖုလေးတစ်ဖုကို စမ်းမိရာမှ အရိုးစကို (biopsy) ယူကာ စစ်ဆေးကြည့်သောအခါ အရိုးကင်ဆာဖြစ်ကြောင်း စိတ်မကောင်းစွာ သိလိုက်ရသည်။ ကင်ဆာဖြစ်ကြောင်း စောစီးစွာသိရကာ အခြားနေရာများသို့ ပျံ့နှံ့မှုမတွေ့ရသေးသဖြင့် ကင်ဆာဖြစ်နေသော

**"ကင်ဆာရောဂါအားလုံးကို လုံးဝပျောက်ကင်းအောင် မကုသနိုင်သော်လည်း ကြီးရာမှ သေးသွားစေရန်၊ တစ်နေရာမှ နောက်တစ်နေရာသို့ မပျံ့စေရန်၊ နှစ်နှစ် အသက်ရှည်မည့်အစား ငါးနှစ် အသက်ရှည်စေရန်၊ အိပ်ရာပေါ်မှာ အော်ဟစ်ညည်းတွားနေရမည့်အစား ပန်းခြံမှာ လမ်းလျှောက်စေနိုင်ရန်၊ ပြုလိုသော ကုသိုလ်များ ချမ်းချမ်းသာသာ ပြုသွားနိုင်စေရန်ကား ကုသနိုင်"**



Source: Chronicle research John Blanchard / The Chronicle

ခြေထောက်တစ်ဖက်ကို ဖြတ်ပြီး (amputation)၊ ဆေးသွင်းခြင်း (chemotherapy) ဖြင့် ကုသလျှင် အသက်ရှင်ဖို့ အလားအလာရှိပေသည်။ သို့သော် သူ၏ မိခင်က စမ်းကြည့်မှတွေ့နိုင်သော အဖုလေးတစ်ခုမှလွဲ၍ အကောင်းပကတိ သွားသွားလာလာ ဖြူဖြူချောချော ဆရာဝန်လောင်း သမီးငယ်ကို ကင်ဆာဖြစ်သဖြင့် ခြေထောက်ဖြတ်ရမည်ကို လုံးဝလက်မခံနိုင်ပါ။ ဗေဒင်ကလည်း ဒီသမီးမှာ ခြေတစ်ဖက်မရှိတဲ့ ဒုက္ခိတဇာတာ မပါဘူးဆိုသဖြင့် ဆေးရုံမှဆင်းပြီး အရပ်ထဲမှာ သိပ္ပံမကျသောနည်းများဖြင့် ကုသနေခဲ့သည်။ တစ်နှစ်ကျော်ကာလအတွင်း ခြေထောက်ကြီးမှာ သူ့ကိုယ်လုံးခန့်ကြီးလာပြီး အဆုတ်သို့လည်းပျံ့ကာ ခြေလက်အင်္ဂါစုံလင်စွာဖြင့် အသက်ဆုံးရှုံးခဲ့ပေသည်။ ဗေဒင်ဆရာမှန်လေလုစွာတကား။ ဗေဒင်မတွက်ဘဲ ထိုစဉ်က သိပ္ပံနည်းကျ ကုထုံးအတိုင်း ခြေတစ်ဖက်ဖြတ်ကာ chemotherapy ဟုခေါ်သော ဆေးသွင်းကုသမည်ဆိုပါက နောက်ထပ် ငါးနှစ်တာခန့် အသက်ရှင်နှုန်း ၅၀ ရာခိုင်နှုန်းအထိပင် ရှိနိုင်ပေသည်။ ယနေ့ခေတ်မှာကား သုတေသနများပြု၍ ကုထုံးများ တိုးတက်လာပြီဖြစ်ရာ ထိုထက်ပင် အသက်ရှင်နှုန်းများနေပြီဖြစ်သည်။ reconstructive surgery များကြောင့် ခြေထောက်ဖြတ်စရာမလိုသည့် အခြေအနေများ ရှိနေပေသည်။

ဆိုလိုသည်မှာ ကင်ဆာရောဂါဖြစ်လာပြီဆိုပါက အချိန်မဆွဲဘဲ စနစ်တကျ သိပ္ပံနည်းကျ ခေတ်မီဆေးပညာဖြင့် ကုသသင့်ပါသည်။

**စောစောသိ စောစောကု**

ရင်သားကင်ဆာ (Breast Cancer)၊ ဆီးကျိတ်ကင်ဆာ (Prostate Cancer)၊ သိုင်းရွိုက်ကင်ဆာ (Thyroid Cancer) တို့မှာ စောစောသိ စောစောကုလျှင် ပျောက်ကင်းသည့်နီးပါးပျောက်ကင်းအောင် ကုသနိုင်ပြီး ကင်ဆာရောဂါသည်များ၏ ယေဘုယျ အသက်ရှင်ခြင်းအတိုင်းအတာကိုပြသည့် ငါးနှစ်တာ အသက်ရှင်နှုန်း (5 Year survival rate) မှာ (၉၉ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်း) အထိရှိသည်။ ဆိုလိုသည်မှာ ထိုကင်ဆာမျိုးများဖြစ်သောသူတို့တွင် အနည်းဆုံး နောက်ထပ် ငါးနှစ် အသက်ရှည်ရန်မှာ (၉၉ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်း) အထိ သေချာသည်။ အချို့မှာကား ၁၀ နှစ်၊ အနှစ် ၂၀ ပင် အသက်ရှည်ကြသေးသည်။

စောစောမသိ၍ စောစောမကုမိပါကလည်း သိသိချင်းကုသလျှင် ရောဂါသက်သာခြင်း (Quality of Life) ရှိခြင်း၊ မကုသသည်နှင့်စာလျှင် အသက်ပိုရှည်ခြင်း ဟူသော အကျိုးကျေးဇူးများ ရနိုင်ပေသည်။

ဤတွင် တွေးစရာတစ်ခု ရှိလာပါသည်။

ကင်ဆာရောဂါဟူသော သေဒဏ်ကျသကဲ့သို့ ရောဂါဖြစ်သော်လည်း အသက်ရှင်ခွင့် တစ်နှစ်ပိုရလျှင်၊ နှစ်နှစ်ပိုရလျှင်၊ ငါးနှစ်ပိုရလျှင်၊ ၁၀ နှစ်ပိုရလျှင် ဘာလုပ်ကြမည်နည်း။

ပိုနေရမည့် တိုတောင်းလှသည့် ကာလလေးမှာ အိပ်၊ စား၊ ကာမ ဤသုံးဝနှင့်သာ ကျင်လည်နေသည်ထက်တော့ အဓိပ္ပာယ်ပိုရှိသင့်ပေသည်။

❖ သားသမီးတွေ အရွယ်မရောက်သေး၍၊ ပညာမပြည့်စုံသေး၍ မိသားစုရှေ့ရေးကို စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် အဓိပ္ပာယ်ရှိပေသည်။

❖ သေမည့်ရက်ကို ကြိုသိနေသကဲ့သို့ ဆင်ခြင်ပြီး ဘဝကူးကောင်းအောင်၊ ဘဝတွေမှ လွတ်မြောက်အောင် ကုသိုလ်ကောင်းမှု ပြုသွားလျှင်လည်း အဓိပ္ပာယ်ရှိပေသည်။


ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေး ရှေ့ဆောင်လုပ်ငန်းတွေကို အောင်မြင်စွာ လုပ်နေရင်း အခြေအနေဆိုးသော အဆုတ်ကင်ဆာ ရုတ်တရက်ဖြစ်သည့် ညီမလေးတစ်ယောက်ကို သတိရမိပြန်သည်။ သူ့အခြေအနေ သူသိသည်နှင့်တစ်ပြိုင်နက် အထုပ်ဆွဲကာ တရားရှာခဲ့ရာ နဂိုကတည်းက ဉာဏ်ကလည်းကောင်း၊ ဇွဲကလည်းရှိသူလေးမို့ ဗုဒ္ဓရဲ့တရားတော်တွေကို ကိုယ်တွေ့သဘောပေါက်သွားကာ အေးချမ်းချုပ်ငြိမ်းဇာတ်သိမ်းသွားတဲ့အတွက် သူ့အတွက် အမြတ်တွေရ အဓိပ္ပာယ်တွေ ရှိသွားခဲ့သည်။

❖ သေမှာကိုသိပြီး မသေခင် အများကောင်းကျိုး၊ လူသားကောင်းကျိုးတွေ လုပ်သွားမည်ဆိုလျှင်လည်း အဓိပ္ပာယ်ရှိပေမည်။

ကင်ဆာရောဂါကြောင့် အသက်ကို ဆုံးရှုံးရတော့မည်ကိုသိပြီး မသေခင် လူ့လောက၌ နေလိုက်ရသော နှစ်အနည်းငယ်အတွင်းဝယ် လူသားကောင်းကျိုးများ ဆောင်ရွက်သွားသော တယ်ရီဖောက်(စ်) (Terry Fox) ဟူသည့် ကနေဒါနိုင်ငံက အသက် ၂၀ ကျော်အရွယ် လူငယ်လေးအကြောင်း သိစေချင်ပါသည်။

သူသည်အထက်မှာပြောပြခဲ့သော ဆေးကျောင်းသူ ညီမလေးကဲ့သို့ပင် ငယ်ငယ်ရွယ်ရွယ်မှာဖြစ်တဲ့ Osteosarcoma အရိုးကင်ဆာရောဂါခံစားခဲ့ရသူ ဖြစ်ပါသည်။ ဖြစ်ချိန်ကလည်း မတိမ်းမယိမ်း... ၁၉၈၀ ပြည့်နှစ် ပတ်ဝန်းကျင်မှာပါပဲ။ ။

( ဆက်လက်ဖော်ပြပါမည်)





## စွမ်းအားမြင့်မျိုးစေ့များ ဖြန့်ဖြူးခြင်းစီမံကိန်းစတင်ခြင်း အလုပ်ရုံဆွေးနွေး

**တောင်ကြီး ဇူလိုင် ၂၂**
စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် ရာသီဥတုပြောင်းလဲမှုဗဟိုဌာန Korea Climate Change Center တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံတွင် စွမ်းအားမြင့်မျိုးစေ့များ ဖြန့်ဖြူးခြင်း စီမံကိန်းစတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (Inception Workshop) နှင့် စီမံကိန်းအကောင်အထည်ဖော်မည့်သူများ ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က စွမ်းအားမြင့်မျိုးစေ့များ ဖြန့်ဖြူးခြင်းစီမံကိန်းကို ရှမ်းပြည်နယ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတွင် ဆောင်ရွက်သွားမည်ကို သိရှိရပါကြောင်း၊ ခရိုင်၊ မြို့နယ် တာဝန်ရှိသူများက မရှင်းလင်းသည့်အချက်များအား သိရှိလိုသည်များကို လွတ်လပ်ပွင့်လင်းစွာ ပါဝင်ဆွေးနွေးကြရန်နှင့် ခုနစ်နှစ်စီမံကိန်းဖြစ်ပြီး ကြီးမားသည့် စီမံကိန်းဖြစ်သည်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများကလည်း စီမံကိန်းအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ထိထိရောက်ရောက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းဒါရိုက်တာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက စိုက်ပျိုးရေးဦးစီးဌာနမှ စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကိုရီးယားရာသီဥတု ပြောင်းလဲမှုဗဟိုဌာန Team Manager Ms. Seohee Sun က နှုတ်ခွန်းဆက်စကားပြောကြား၍ စွမ်းအားမြင့်မျိုးစေ့၏ အသုံးဝင်ပုံအား မြန်မာနိုင်ငံ စဥ့်အသင်း ဦးမြင့်အောင်က ရှင်းလင်းဆွေးနွေးကာ စွမ်းအားမြင့်မျိုးစေ့ လက်တွေ့သရုပ်ပြသခြင်းနှင့် မျိုးစေ့များဖြန့်ဖြူးရေးနှင့် ပတ်သက်၍ ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်နှင့် စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မုံရွာတွင် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**မုံရွာ ဇူလိုင် ၂၂**
လက်ရှိအချိန်သည် အမျိုးသားရေးအန္တရာယ်အဖြစ် ခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးကို ကျောင်းသားကျောင်းသူများအနေဖြင့် အထူးကင်းစင်အောင် သတိထားနေကြရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဇူလိုင် ၂၂ ရက်တွင် မုံရွာမြို့ မြို့တော်ခန်းမတွင်ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ပြောကြားသည်။

"အခုချိန်မှာ မူးယစ်ဆေးဟာ အမျိုးသားရေးအန္တရာယ်ဖြစ်လို့နေပါပြီ။ ဒါကြောင့် ဘယ်နေရာသွားသွား ကျောင်းသူကျောင်းသားတွေအနေနဲ့ စားသတိ၊ သွားသတိ၊ နေသတိထားပေးကြပါလို့ အထူးမှာကြားလိုပါတယ်။ သူငယ်ချင်းကောင်းကိုလည်းကြည့်ပြီး တတ်နိုင်သလောက် မူးယစ်ဆေးဝါးကင်းစင်အောင် လုပ်ပေးကြပါ" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က မှာကြားသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုများချီးမြှင့်ရာတွင် နိုင်ငံတော်အဆင့် (Top Ten) သုံးဦး၊ တိုင်းဒေသကြီးအဆင့် (ဘာသာတွဲအလိုက်) (Top Five) ၁၃ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၇၃ ဦး၊ အောင်ချက်အကောင်းဆုံးကျောင်း ၁၄ ကျောင်း၊ အောင်ချက်အကောင်းဆုံး ကိုယ်ပိုင်ကျောင်းသုံးကျောင်းနှင့် အောင်ချက်အကောင်းဆုံး မြို့နယ်သုံးမြို့နယ်တို့ကို ဂုဏ်ပြုချီးမြှင့်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၁၁၅၁၀၂ ဦးတွင် ၃၉၃၁၂ ဦး အောင်မြင်ရာ အောင်မြင်မှုရာခိုင်နှုန်းသည် ၃၄ ဒသမ ၁၅ ရာခိုင်နှုန်းရှိခဲ့ပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၆၅၁၇ ဦးရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း**



## သာယာဝတီတွင် တောင်သူလယ်သမားသင်တန်းကျောင်း ဖွင့်ပွဲကျင်းပ



**သာယာဝတီ ဇူလိုင် ၂၂**
သာယာဝတီမြို့နယ် အင်းရွာတွင် တောင်သူလယ်သမား သင်တန်းကျောင်းဖွင့်ပွဲနှင့် ၂၀၁၈-၂၀၁၉ ခုနှစ် အကျိုးဆောင်တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်း (၄/၂၀၁၉) ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တောင်သူလယ်သမား သင်တန်းကျောင်းအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်နှင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက သင်တန်းကျောင်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက တောင်သူလယ်သမား သင်တန်း၌ တက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် တောင်သူလယ်သမားထုအတွင်း မိမိတို့သိရှိလာသည့် ဗဟုသုတများကို ပြန်လည်ဖြန့်ဝေပေးကြရန်နှင့် လယ်ယာဏ္ဍာဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့စွမ်းအားရှိသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က သင်တန်းကျောင်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တောင်သူများ၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိများက သင်တန်းကျောင်းရှေ့ရှိ ငါးကန်အတွင်း ရွှေဝါငါးကြင်း၊ ငါးခုံးမ၊ တီလားပီးယားစသည့်ငါးမျိုး ၂၀၀၀၀ အား စိုက်ထည့်ပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကျောင်း၌ မိုမွေးမြူ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာသင်တန်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဂျီအေပီသင်တန်းများ၊ လယ်ယာသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းသင်တန်း၊ အကျိုးဆောင်တောင်သူ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများအပြင် လစဉ်နည်းပညာဆွေးနွေးပွဲများ၊ လယ်ယာကဏ္ဍဆိုင်ရာ လိုအပ်ချက်များကို တွေ့ဆုံညှိနှိုင်းမှုဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိသည်။

**တင်စိုး(ပဲခူး)**

## မယ်စဲ့မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဇူလိုင် ၂၂**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက မယ်စဲ့မြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အထက (မယ်စဲ့) ကျောင်းရှေ့ရှိ အရှိန်လျှော့ကုန်းဆောင်ရွက်ထားမှုနှင့် ကျောင်းဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး မြေသားရေမြောင်းဖောက်လုပ်ထားမှုအခြေအနေ၊ မယ်စဲ့-ဟိုစဲ့ လမ်းဘေးဝဲ၊ ယာတစ်လျှောက် ပလက်ဖောင်းတည်ဆောက်ခြင်းနှင့် ကျောက်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း၊ နယ်စပ်ဈေးရှေ့ ကျောက်စီရေမြောင်း ပြန်လည်ဖောက်လုပ်မည့် အခြေအနေ၊ တောင်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်နေမှုအခြေအနေ၊ မြို့နယ်အားကစားကွင်းအတက်လမ်း ဖောက်လုပ်ထားမှုနှင့် အားကစားကွင်းအတွင်း မြေကျွံနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်ပြည်သူ့ဆေးရုံအတက်၊ အဆင်းလမ်းအားအများပြည်သူများ အဆင်ပြေချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ရေး ဆောင်ရွက်မည့်အခြေအနေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအဆောက်အအုံ ဆောက်လုပ်နေမှု၊ မန်းဘခိုင်လမ်းတွင် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နိုင်မည့်အခြေအနေနှင့် မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံးရှေ့ ရေတိုက်စားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



## မိုဘိုင်းဖုန်းအရောင်းဆိုင်များအား အခွန်ပညာပေးရှင်းလင်း



**မုံရွာ ဇူလိုင် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ဒေါနခြံရပ်ကွက်ရှိ Glorious Hotel အစည်းအဝေးခန်းတွင် တိုင်းဒေသကြီးအတွင်းရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်များအား အခွန်ပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက အမှာစကားပြောကြားသည်။ တိုင်းဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးထိုက်က မိုဘိုင်းဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

"ဝယ်ယူသူတွေကို အခွန်တံဆိပ်တွေ ကပ်နှိပ်ထားတယ်ဆိုတာကို ရှင်းပြပေးနေရတယ်၊ ပစ္စည်းတင်သွင်းသူတွေနဲ့လည်း တင်သွင်းစဉ်ကတည်းက အခွန်အခတွေကို တစ်ခါတည်းဈေးပေါ်မှာ တင်ပြီးတော့ ကပ်ပေးထားတယ်၊ တင်သွင်းစဉ်ကတည်းက အခွန်တံဆိပ်ကို ကပ်နှိပ်ပြီးသားဖြစ်တဲ့အတွက် ဈေးနှုန်းကလည်း တစ်ပြေးညီ အားလုံးဖြစ်သွားတယ်"ဟု မုံရွာမြို့ ကျောက္ကာလမ်းရှိ မိုဘိုင်းဖုန်း အရောင်းဆိုင်ပိုင်ရှင် ကိုနေလင်းအောင်က ပြောသည်။

မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းအရောင်းဆိုင်များ၌ မိုဘိုင်းဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများအပေါ် အခွန်တံဆိပ်ကပ်နှိပ်ရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အပေါ် အခွန်တံဆိပ်ကပ်နှိပ်ရောင်းချခြင်းတို့နှင့် ပတ်သက်၍ လုပ်ငန်းရှင် အခွန်ထမ်းပြည်သူများကို ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်လှစ်

**ပဲခူး ဇူလိုင် ၂၂**
ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအတွက် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်းအမှတ်စဉ်(၁)ကို ဇူလိုင် ၂၂ ရက်မှ ၂၇ ရက်ထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



## ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၃၅ လုံး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့



**ပွင့်ဖြူ ဇူလိုင် ၂၂**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြင်းခြံစုကျေးရွာ ဂါတ်ကုန်းကျေးရွာ၊ ထူးကျေးရွာ၊ ဘီးဇပ်ခုံကျေးရွာ၊ သိမ်ကုန်းကျေးရွာတို့တွင် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ရေဝတီမြစ်ကမ်းပါး ပြိုကျမှုကြောင့် လူနေအိမ် ၃၅ လုံး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့ရကြောင်း ပွင့်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ ကျေးရွာများသည် ရေဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည့် ကျေးရွာများဖြစ်သည့်အတွက် ဒေသခံကျေးလက်နေပြည်သူများအနေဖြင့် ယခုလို မြစ်ကမ်းပါးပြိုကျမှုဒဏ်ကို နှစ်စဉ်ကြုံတွေ့နေရကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက မြစ်ကမ်းပါးပြိုကျမှုမှာကျေးရွာများနှင့် အလွန်နီးကပ်လာသဖြင့် ဒေသခံပြည်သူများ အန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများနှင့် ကျေးရွာရှိ လူမှုကူညီရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပူးပေါင်းကာ မြင်းခြံစုကျေးရွာတွင် လူနေအိမ် ၂၁ လုံး၊ ဂါတ်ကုန်းကျေးရွာတွင် လူနေအိမ် ခုနစ်လုံး၊ ထူးကျေးရွာတွင် လူနေအိမ် လေးလုံး၊ ဘီးဇပ်ခုံကျေးရွာတွင် လူနေအိမ် တစ်လုံး၊ သိမ်ကုန်းကျေးရွာတွင် လူနေအိမ် နှစ်လုံး စုစုပေါင်း လူနေအိမ် ၃၅ လုံးအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကူညီပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ငရုတ်မျိုးစေ့ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းသုံးဆကျော်မြင့်တက်

**စစ်ကိုင်း ဇူလိုင် ၂၂**
ယခုနှစ်တွင် ငရုတ်စိုက်သူများလာသောကြောင့် ငရုတ်မျိုးစေ့ဝယ်လိုအားမှာ သိသိသာသာများလာပြီး လိုသလောက်ဝယ်မရဘဲ ဈေးနှုန်းမှာလည်း ငရုတ်မျိုးစေ့တစ်ထုပ်ကျပ် ၈၀၀၀ မှ ကျပ် ၃၀၀၀၀ ခန့်အထိဖြစ်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟင်းသီးဟင်းရွက် သစ်သီးဝလံနှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်ထံမှ သိရသည်။



"စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ဧက ၁၄၀၀၀ လောက် ငရုတ်စိုက်ပြီးအထွက်နှုန်းက ပိဿာသိန်းပေါင်း ၄၀ ကျော်လောက်ထွက်တယ်။ မုံရွာခရိုင်ထဲမှာ ငရုတ်သီးစိမ်းသာမို ၁၁ တွေ အစိုက်များတယ်။ သာမို ၁၁ မျိုးက ဝယ်မရတဲ့အထိဖြစ်နေတယ်။ မောင်တိန် ငရုတ်မျိုးနဲ့သာမို ၁၁ ပုံစံတူ ငရုတ်မျိုးတွေ အစားထိုးစိုက်လာကြပြီ။ ပြီးခဲ့တဲ့နှစ်က မုံရွာခရိုင်ထဲ ငရုတ်စိုက်ဧကနှစ်ထောင်ကျော် စိုက်ပါတယ်" ဟု ဦးစိုးလွင်က ရှင်းပြသည်။

မုံရွာခရိုင်တွင် နှစ်စဉ် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ငရုတ်စိုက်ရာ ယခုနှစ်တွင် ငရုတ်သီးဈေးမြင့်လာသောကြောင့် ငရုတ်စိုက်ဧက တိုးချဲ့သူပိုများလာသည်။

"စစ်ကိုင်းတိုင်းဒေသကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိုးရာသီနဲ့ ဆောင်းရာသီစိုက် ငရုတ်အစိုနဲ့ ငရုတ်အခြောက် ထွက်တဲ့ ပိဿာက သိန်း ၁၀၀ ကျော်တယ်။ စိုက်တဲ့ဧကက ၁၃၀၀၀ ကျော်တယ်"ဟု ဦးစိုးလွင်က ပြောသည်။

ပြည်တွင်းပြည်ပဝယ်လိုအားများလာ၍ ငရုတ်သီးဈေးကွက် မြင့်တက်နေသောကြောင့် မုံရွာခရိုင်အတွင်း ငရုတ်စိုက်ဧကမှာ နှစ်ဆခန့်မြင့်တက်လာဖွယ်ရှိကြောင်း ငရုတ်စိုက်တောင်သူများက သုံးသပ်ထားသည်။ **မျိုးဝင်းထွန်း**

## သန်လျင်၌ စက်မှုလယ်ယာမြေဖော်ထုတ်ရေးသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၂**
စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေဖော်ထုတ်ရေး အခြေခံသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့ရှိ စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့(အောက်မြန်မာပြည်) ရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသောင်းထိုက်တို့က သင်တန်းဖွင့်အမှာစကားပြောကြားပြီး Family United Power Group Co.,Ltd မှ Product Director ဦးကျော်ကျော်နိုင်က စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုဆွေးနွေးသည်။

ထို့နောက် စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့(အောက်မြန်မာပြည်) တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

## မိုးရာသီ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ကော့သောင်း ဇူလိုင် ၂၂**
ရေစီးရေလာကောင်းမွန်ရေး ရပ်ကွက်အတွင်းရှိ လမ်းဘေးဝဲ / ယာ ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များရှင်းလင်းဖယ်ရှားခြင်းနှင့် ရေနုတ်မြောင်းများချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် မြေနီလမ်းတစ်လျှောက် စုပေါင်းဆောင်ရွက်သည်။

ရပ်ကွက်အတွင်း လမ်းဘေးဝဲ / ယာ ရေနုတ်မြောင်းအရှည် ပေ ၅၀၀ ခန့် တစ်လျှောက် ပိတ်ဆို့နေသည့် အမှိုက်သရိုက်များဖယ်ရှားရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများချဲ့တွင် တူးဖော်ခြင်းလုပ်ငန်းများအား စုပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

**ကျော်စိုး (ကော့သောင်း )**

## တိုတိုထွာထွာဖတ်စရာ

### သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

**ကော့သောင်း**

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြေစိုက်နံ့ရံကပ်ဘုတ်များတွင် ဇူလိုင် ၂၂ ရက်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးသတင်းအချက်အလက်များ ခင်းကျင်းပြသထားသည်။

သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ကြုံတွေ့လာပါက ပြည်သူများ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် အခြားမီဒီယာများမှ သတင်းအချက်အလက်များ ကြိုတင်သိရှိရယူနိုင်မှု သိကောင်းစရာများ၊ ဘေးအန္တရာယ်ကျရောက်စဉ် ဆောင်ရန်ရှောင်ရန်နှင့် အန္တရာယ်ကျရောက်ပြီး လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ပိုစတာများ၊ ပညာပေးရုပ်ပုံကားချပ်များ၊ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

### ရေဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**စေတုတ္တရာ**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်သူများ ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ သိရှိနိုင်စေရန် ရေဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို စေတုတ္တရာမြို့ မြို့လယ်ဓမ္မာရုံ၌ ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီကပြုလုပ်ခဲ့သည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမြင့်သန်းက မိမိတို့ဌာနမှ ရေဘေးအန္တရာယ် ကြိုတင်သတိပေးချက်လုပ်ငန်း လုပ်ဆောင်နေမှုများ၊ ရေဘေးအန္တရာယ်အကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**စည်သူလွင်(ပြန်/ဆက်)**

### ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲကျင်းပ

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မီးသတ်ဦးစီးဌာနတွင် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက သဘာဝဘေးအန္တရာယ်ဖြစ်သော မြေပြိုခြင်း၊ မြေစာပြိုခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက သန္နေ့အရန်မီးသတ်တပ်ဖွဲ့သည် အသက်ကိုပဓာနမထားဘဲ သဘာဝဘေးအန္တရာယ်ကျရောက်သည့် ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းစနစ်မှန်ကန်ပြီး လျင်မြန်စွာလုပ်ရသောလုပ်ငန်းဖြစ်သောကြောင့် စနစ်တကျ ကျွမ်းကျင်မှုရှိစေရန် သင်တန်းပို့ချခြင်းဖြစ်ကြောင်း ပြောကြားသည်။

**တင်မြင့် (နတ်တလင်း)**

### ဂန့်ဂေါတွင် အမယ်သစ်သီးနှံများစိုက်ပျိုး

**ဂန့်ဂေါ**

ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးကျော်မင်းသန့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဇော်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာ၊ ချောင်းနက်ကျေးရွာနှင့် စင်ပုံကျေးရွာတို့ရှိ အမယ်သစ်သီးနှံ နဂါးမောက်၊ လျှော်ဖြူ၊ စိန်တလုံးသရက်နှင့် စပျစ်သီးနှံ စိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုပြီး တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဆွေးနွေးအကြံပြုခဲ့ကြသည်။

ဂန့်ဂေါမြို့နယ်အတွင်း အမယ်သစ်သီးနှံများဖြစ်သည့် လျှော်ဖြူကို စိုက်ဧက ၁၃၀ ကျော်နှင့် နဂါးမောက်သီးနှံကို စိုက်ဧက ၂၀ ကျော် စိုက်ပျိုးထားပြီး စပျစ်သီးနှံ ၀ ဒသမ ၅၀ ဧကကို မင်းရွာကျေးရွာတွင် စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

**စိန်ကျော်**

### ရာသီတုပ်ကွေးရောဂါအကြောင်းအသိပညာပေး

**ပင်လည်ဘူး**

ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းကုသခြင်းကို ဇူလိုင် ၂၁ ရက်က ပင်လည်ဘူးမြို့နယ် မံစီလေးကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် ရာသီတုပ်ကွေး H1N1 ရောဂါအကြောင်း အသိပညာပေး ဟောပြောခဲ့ကြပြီး ကျေးရွာနေပြည်သူများအား ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

## ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်

**ပြည် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်မီ စနစ်တကျ ပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့် ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက ပြည်မြို့ ဖောင်တော်ဦးဘုရားအနောက်ဘက် နဝင်းရပ်ကွက်၌ ကျင်းပသည်။



တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးဆွေက အမှာစကားပြောကြားပြီး ပြည်ခရိုင် မီးသတ်ဦးစီးမှူး ဦးအေးကျော်ဦးဆောင်သော သန္နေ့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက ရေပြင်မီးငြိမ်းသတ်ရေး၊ ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ရေပြင်ကူညီကယ်ဆယ်ရေး ဆောင်ရွက်ခြင်းတို့ကို သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့် လက်တွေ့သရုပ်ပြခဲ့ကြသည်။

**မျိုးကျော်ကြီး၊ မင်းမင်းစိုး(ပြည်)**



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

**မော်လမြိုင် ဇူလိုင် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ယခုသင်တန်းကို သွင်းကုန်အစားထိုး လူသုံးကုန်ပစ္စည်းများ တစ်ပိုင်တစ်နိုင်ထုတ်လုပ်၍ ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနိုင်စေခြင်းဖြင့် လူမှုစီးပွားဘဝတိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းတွင် (အဝတ်လျှော်၊ ပန်းကန်ဆေး၊ လက်ဆေး၊ ဘက်စုံသုံး) ဆပ်ပြာဆီ၊ ရေချိုးဆပ်ပြာ၊ ဆပ်ပြာခရင်မ်၊ ဆပ်ပြာခဲနှင့် သဘာဝသစ်ရွက်သစ်ဖုများကို အခြေခံ၍ ခေါင်းလျှော်ရည်အမျိုးမျိုး၊ မျက်နှာသစ်ဆပ်ပြာအမျိုးမျိုး ထုတ်လုပ်နည်းတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို သင်တန်းနည်းပြများဖြစ်သည့် လက်ထောက်အင်ဂျင်နီယာ ဒေါ်နှင်းနန္ဒာလှိုင်နှင့် ဦးစီးမှူး ဒေါ်သူသူစံတို့က သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



## သုံးခွမြို့နယ် သောက်သုံးရေကန်တွင် ပြည်သူများအပန်းဖြေ

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၁)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ သောက်သုံးရေကန်ကြီးကောင်းမွန်စေရန်နှင့် လမ်းလျှောက်ရာတွင် အဆင်ပြေစေရန် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည်။

၎င်းအပြင် ကန်ပေါင်ရှေ့တွင် ပြည်သူများ စိတ်အပန်းဖြေနိုင်စေရန် မြေယာရှုခင်းပြုပြင်ခြင်း၊ မြက်ပင်၊ အရိပ်ရပင်၊ ပန်းအလှပုံဖော်စိုက်ပျိုးခြင်း ပြုလုပ်လျက်ရှိပြီး ပန်းခြံနှင့် ကလေးကစားကွင်းပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ကန်ပေါင်မျက်နှာစာတွင် သံပန်းခြံစည်းရိုး၊ အုတ်ရေမြောင်းပြုလုပ်ခြင်း၊ အလှအုတ်များခင်းခြင်းလုပ်ငန်းပြီးစီးခဲ့ပြီး မီးတိုင်များစိုက်ထူကာ မီးအလှဆင်ထားသဖြင့် ညနေစောင်း၊ ညတို့တွင် အများပြည်သူ လမ်းလျှောက်ခြင်း၊အပန်းဖြေခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



## သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေးပညာပေး

**ကျောင်းကုန်း ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရုံးတောအုပ်စု ရုံးတောကျေးရွာ ဓမ္မသုခကျောင်းတိုက်တွင် မှုခင်းလျော့နည်းကျဆင်းစေရေးနှင့် သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအေးကျော်က မိမိတို့ကျေးရွာတွင် လူစိမ်းရောက်ရှိလာပါက ရာအိမ်မှူးတို့မှတစ်ဆင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ အသိပေးစေလိုကြောင်း၊ တယ်လီဖုန်းမှတစ်ဆင့် လိမ်လည်လှည့်ဖြားမှုများ ဖြစ်ပွားနေကြောင်း အသိပညာပေးဟောပြောပြီး ဒေါင့်ကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်ခင်မောင်ဦးက မိမိတို့၏ သားငယ်သမီးငယ်များ လိုက်နာရမည့်အချက် ၁၀ ချက်နှင့် မိဘများလိုက်နာရမည့်အချက် ၁၀ ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအေးကျော်က ဒေါင့်ကြီးနယ်မြေရဲစခန်းသို့ ရုံးလုပ်ငန်းစစ်ဆေးခြင်း၊ အချုပ်ခန်းစစ်ဆေးခြင်းနှင့် ဆောက်လုပ်ဆဲဝန်ထမ်းအိမ်ရာ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း မန္တလေးတွင်ဖွင့်

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် အကွက်အမှတ်(၅၂) ၇၃လမ်း၊ ၁၂လမ်းထောင့်ရှိ မန္တလေးလူငယ်သင်တန်းကျောင်း အစည်းအဝေးခန်းမတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန မန္တလေးပြန်လည်ထူထောင်ရေးစခန်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း အမှတ်စဉ် (၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းရီက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းကို ဇူလိုင် ၂၂ ရက်မှ ၂၆ ရက်ထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ကရင်ပြည်နယ်အတွင်း ရင်ခွင်မဲ့ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေး စာပေဟောပြော

**ဘားအံ ဇူလိုင် ၂၂**

ကရင်ပြည်နယ်တွင် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းအနေဖြင့် ရင်ခွင်မဲ့ကလေးငယ်များဖြစ်ခြင်းကို လျှော့ချရန်၊ ရင်ခွင်မဲ့ကလေးငယ်များအား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အခြေခံအခွင့်အရေးများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါရည်ရွယ်ချက်များနှင့် ပတ်သက်၍ စာပေဟောပြောပွဲကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက ဘားအံမြို့ဇွဲကပင်ခန်းမတွင် စာရေးဆရာကြီးများဖြစ်သော ဆရာအရိုး၊ ဆရာမသန်းမြင့်အောင်တို့က တက်ရောက်ဟောပြောခဲ့ကြသည်။

စာရေးဆရာအရိုးက ကွက်လပ်ဖြည့်ပါခေါင်းစဉ်ဖြင့် အိန္ဒိယဝတ္ထုကို ပြန်လည်ရှင်းလင်းဟောပြောပြီး ဆရာမသန်းမြင့်အောင်က လူငယ်နှင့် အနာဂတ်နိုင်ငံ ခေါင်းစဉ်ဖြင့် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများကို အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မြင်းခြံမြို့တွင် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်လှစ်

**မြင်းခြံ ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက စာအုပ်ဈေးရောင်းပွဲတော် ဖွင့်လှစ်သည်။

မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများသည် စာအုပ်များရောင်းချနေသောနေရာသို့ သွားရောက်ကြည့်ရှုအားပေးသည်။



ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် စာအုပ်ဈေးပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာဂိမ်းများကစားခြင်းကို ကြည့်ရှုအားပေးခဲ့ကြသည်။

စာအုပ်ဈေးရောင်းပွဲတော်တွင် သုတ၊ ရသ စာအုပ်များ၊ ကလေးများအတွက် သင်ထောက်ကူစာအုပ်များ၊ ကြီးပွား တိုးတက်ရေးစာအုပ်များ၊ ဝတ္ထု စာအုပ်များ၊ ပုံပြင်စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ကြည့်ရှုလေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကျေးရွာလေးရွာ သောက်သုံးရေရရှိရေးဆောင်ရွက်

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၂**

နွေရာသီ သောက်သုံးရေရှားပါးသော မော်လမြိုင်ကျွန်းမြို့နယ် သုံးခွချွန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မွမ်းမံရန်ပုံငွေဖြင့် သာယာကုန်းကျေးရွာ ပေ ၁၀၀ ပတ်လည်ကန်ဟောင်းကြီးကို တစ်ပေအနက်ထိ တူးဖော်ခဲ့ကြသည်။

အဆိုပါ သာယာကုန်းကျေးရွာ ကန်ဟောင်းကြီးတူးဖော်ပြီးစီးမှုအခြေအနေကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကို၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**မော်ကျွန်း - မြင့်အောင်**

# ဒေးဒရဲမြို့နယ်တွင် မြန်မာစကားပုံဆက် ပြိုင်ပွဲကျင်းပ

**ဒေးဒရဲ ဇူလိုင် ၂၂**

ကလေးငယ်များ ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန်၊ မြန်မာစကားပုံများနှင့် အကျွမ်းတဝင်ရှိစေရန်၊ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် မြန်မာစကားပုံဆက်ပြိုင်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က ပြိုင်ပွဲများကျင်းပပေးရခြင်း ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ပြိုင်ပွဲသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ကျောက်ထုဒေသတွင် မိုးစပါးစတင်စိုက်ပျိုး

**ကျောက်ထု**

မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့၌ မိုးစပါးများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်းနှင့် အထွက်ကောင်း ဆင်းသုခစပါးမျိုးစံပြကွက် ၁၀ ဧက စိုက်ပျိုးမည့် တောခလွန်ရွာတွင် ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်းတို့ကို ဇူလိုင် ၂၁ ရက်တွင် စတင်ဆောင်ရွက်ကြပြီဖြစ်ကြောင်း ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် ပျိုးပင်များနှင့် မြေနေရာ လေလွင့်မှုမရှိစေရေး သုံးလက်မ၊ လေးလက်မတန်းကြားစနစ်ဖြင့် စိုက်ပျိုးရန်နှင့် ရေသွင်းရေထုတ်လွယ်ကူစေရန်၊ သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းဆွေးနွေးကြသည်။

**ကျော်သန်းဆွေ(ဂန့်ဂေါ)**

### မူခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန်အသိပညာပေး

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်တင်ထွန်းနိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မူခင်းလျော့နည်းကျဆင်းရေးအသိပညာပေး ဟောပြောခဲ့သည်။

လယ်ကိုင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်တင်ထွန်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ယာဉ်အချက်ပြမီးအသုံးပြုပုံနည်းစနစ်များ၊ သက်ငယ်မုဒိမ်းမှုမဖြစ်စေရေး အုပ်ထိန်းသူမိဘများလိုက်နာရမည့်အချက်များ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ လူကုန်ကူးမှုအန္တရာယ်ကြိုတင်ကာကွယ်ရန်နည်းလမ်းများကို ဆွေးနွေးဟောပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ပေးအပ်

**ကျောက်မဲ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကျောက်မဲမြို့နယ်အတွင်းရှိ ခိုမုန်းကျေးရွာအုပ်စုအတွင်းမှ ဒေသခံတောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ခိုမုန်းကျေးရွာ ထမ်းလင်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကျောက်မဲမြို့နယ် ခိုမုန်းကျေးရွာအုပ်စုအတွင်းမှ တောင်သူ ၃၅၇ ဦး၊ ခိုမုန်းကျေးရွာအုပ်စုအတွင်းမှ တောင်သူ ၃၀ တို့အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များအား တောင်သူတစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင် (ပြန်/ဆက်)**



# မြောက်ဥက္ကလာပ(၂)ရပ်ကွက်၌ စုပေါင်းကွန်ကရစ်လမ်းသစ်ဖွင့်

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက်ရှိ သုမာလာ ၈ လမ်း၊ သုမာလာ ၉ လမ်း၊ သုမလာ ၁၀ လမ်း၊ သုမာလာ ၁၁ လမ်း၊ သုမာလာ ၁၄ လမ်းတို့အား လမ်းသူလမ်းသားများက စုပေါင်းထည့်ဝင်ထားသည့် ကွန်ကရစ် လမ်းသစ်များကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ခရမ်းကျောင်းဆရာတော်ကြီးမှူး၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဆွေနှင့်လမ်းသူလမ်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သုမာလာသား)**

# Avatar ရဲ့ ၁၀ နှစ်ကြာထိန်းသိမ်းလာတဲ့ စံချိန်ကို ချိုးဖျက်လိုက်တဲ့ Avengers: Endgame



မာဘယ်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ လူစွမ်းကောင်းရုပ်ရှင် “ Avengers: Endgame ” ဟာ လတ်တလောမှာ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် စံချိန်တင်လိုက်ပြီဖြစ်ပါတယ်။ ယခင်က ဒီစံချိန်ကို သိပ္ပံဇာတ်ကားတစ်ခုဖြစ်တဲ့ “ Avatar ” က ရယူထားခဲ့တာဖြစ်ပြီး ၁၀ နှစ်ကြာ ထိန်းသိမ်းလာခဲ့တဲ့ စံချိန်ကို လတ်တလောမှာ “ Avengers: Endgame ” က ချိုးဖျက်လိုက်တာဖြစ်ကြောင်း စကိုင်းနယူးစ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟောလိဝုဒ်ရဲ့ နာမည်ကျော်တွေဖြစ်ကြတဲ့ ရောဘတ်ဒေါင်နေ ဂျူနီယာ၊ ခရစ်ဟမ်းစ်ဝုဒ်သ်နဲ့ စကားလက်ဂျိုဟန်ဆန်တို့ ခေါင်းဆောင်ပါဝင်ထားတဲ့ “ Avengers: Endgame ” ဟာ ကမ္ဘာတစ်ဝန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၉ ဘီလီယံ ရရှိခဲ့တာဖြစ်ပြီး ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် စံချိန်သစ်တင်ခဲ့တာဖြစ်ပါတယ်။ အဆိုပါ ရုပ်ရှင်ကို ပြီးခဲ့တဲ့ ဧပြီလအတွင်း စတင်ရုံတင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုစတင်ရုံတင်ချိန်မှ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၉ ဘီလီယံရရှိခဲ့ကာ စံချိန်သစ်ဝင်ခဲ့တာ ဖြစ်ပါတယ်။ ယခင်က စံချိန်တင်ထားခဲ့တဲ့ ဂျိမ်းစ်ကမ်မရွန်း တာဝန်ယူရိုက်ကူးပေးထားတဲ့ “ Avatar ” ရုပ်ရှင်ကတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၉ ဘီလီယံ ရရှိခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။



## ရုပ်ရှင်သစ်မှာ သောအဖြစ် ပါဝင်သွားမယ့် နာတာလီပေါ့ထ်မန်း

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ နာတာလီပေါ့ထ်မန်းဟာ မာဘယ်က ရိုက်ကူးထုတ်လွှင့်လျက်ရှိတဲ့ လူစွမ်းကောင်းရုပ်ရှင်သစ်မှာတော့ လူစွမ်းကောင်းတစ်ဦးဖြစ်သူ သော နေရာမှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ နာတာလီပေါ့ထ်မန်းဟာ သောအဖြစ် ပါဝင်သရုပ်ဆောင်တဲ့ ပထမဆုံးသော အမျိုးသမီးသရုပ်ဆောင်လည်း ဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နာတာလီပေါ့ထ်မန်းဟာ ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့တဲ့ “Comic-Con International: San Diego 2019” အခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။ ဒီအခမ်းအနားမှာတော့ သူက လေးကားမြောက် Thor ရုပ်ရှင်ဖြစ်တဲ့ “ Thor: Love and Thunder” မှာ လူစွမ်းကောင်းတစ်ဦးဖြစ်တဲ့ သော အဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နာတာလီပေါ့ထ်မန်းဟာ ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ Thor ရုပ်ရှင်နှစ်ကားမှာ ပါဝင်ခဲ့ဖူးပါတယ်။ သူဟာ ယခင်က မင်းသားခရစ်ဟန်းစ်ဝုဒ်သ် သောအဖြစ် ပါဝင်ခဲ့ရာမှာတော့ မိုးကြိုးနတ်ဘုရား သောရဲ့ စိတ်ဝင်စားခြင်းခံရသူအဖြစ် ပါဝင်ထားတာပါ။ ရုပ်ရှင်သစ်မှာတော့ ခရစ်ဟန်းစ်ဝုဒ်သ်လည်း ပါဝင်မှာဖြစ်တယ်လို့သိရပါတယ်။

“ Thor: Love and Thunder ”ရုပ်ရှင်သစ်ကို လာမယ့် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၅ ရက်မှာ စတင်ရုံတင်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

## တရားဝင်ကွာရှင်းလိုက်ပြီဖြစ်တဲ့ ဆောင်းဂျွန်ကီနဲ့ ဆောင်းဟေကို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဆောင်းဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ဟာ လတ်တလောမှာ တရားဝင်ကွာရှင်းပြတ်စဲမှုတွေကို အပြီးသတ် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်းက တရားဝင် ကွာရှင်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ကြပြီး တစ်လမကြာမီမှာပင် အပြီးသတ်ကွာရှင်းနိုင်ခဲ့ကြတာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တစ်နှစ်ရှစ်လကြာ လက်တွဲခဲ့ပြီးနောက်မှာ ပြီးခဲ့တဲ့ ဇွန် ၂၆ ရက်မှာတော့ ဆောင်းဟေကိုနဲ့ ဆောင်းဂျွန်ကီတို့ လမ်းခွဲကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ တရားရုံးမှာ တရားဝင်ကွာရှင်းပြတ်စဲနိုင်ဖို့ရာ ဆောင်ရွက်ခဲ့ကြပြီး ဇူလိုင် ၂၆ ရက်မှာ အပြီးသတ်ကွာရှင်းခဲ့ကြတာဖြစ်ပါတယ်။ ဆိုးလ်မိသားစုတရားရုံးမှ တာဝန်ရှိသူတစ်ဦးက ဒီသတင်းကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး အသေးစိတ်ကိုတော့ ပြောကြားနိုင်ခြင်းမရှိဘူးလို့ ၎င်းက ဆိုပါတယ်။

ဒီလို တရားဝင်ကွာရှင်းလိုက်ပြီးနောက် ဆောင်းဟေကိုက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တဲ့ ဆောင်းဂျွန်ကီနဲ့ ဓာတ်ပုံတွေအားလုံးကို ဖျက်ပစ်ခဲ့ပါတယ်။ ဆောင်းဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ နှစ်ဦးစလုံးဟာ လတ်တလောမှာ အနုပညာလှုပ်ရှားမှုတွေကို ဆက်တိုက်လုပ်ဆောင်လာတာကိုလည်း တွေ့ရပါတယ်။ ဆောင်းဟေကိုဟာ ပြည်ပမှာ ပြုလုပ်ခဲ့တဲ့ အခမ်းအနားတွေကို တက်ရောက်ခဲ့ပြီး ရုပ်ရှင်သစ်တစ်ကားကိုလည်း လက်ခံရိုက်ကူးပေးဖို့ရာ ရှိနေပါတယ်။ ဆောင်းဂျွန်ကီကလည်း ရုပ်သံဇာတ်လမ်းတွဲနဲ့ ရုပ်ရှင်သစ်တွေကို လက်ခံရိုက်ကူးပေးနေတာ ဖြစ်ပါတယ်။

## Black Widow ရုပ်ရှင်သစ် ထုတ်လွှင့်မယ့်ရက် ကြေညာ



အောင်မြင်တဲ့ ဟောလိဝုဒ်ရုပ်ရှင်တစ်ကားဖြစ်တဲ့ “ Black Widow ” ရဲ့ စတင်ရုံတင်မယ့်ရက်ကိုတော့ လတ်တလောမှာ ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ပါတယ်။ အဆိုပါ ရုပ်ရှင်သစ်ကို လာမယ့် ၂၀၂၀ ပြည့်နှစ် မေ ၁ ရက်မှာ စတင်ရုံတင်သွားမှာ ဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပရိသတ်က စောင့်မျှော်နေတဲ့ “ Black Widow ” ရုပ်ရှင်သစ်ဟာ လူစွမ်းကောင်းရုပ်ရှင်အမျိုးအစားဖြစ်ပြီး ဒီရုပ်ရှင်မှာ ဟောလိဝုဒ်ရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ စကားလက်ဂျိုဟန်ဆန်က အဓိကပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ စကားလက်ဂျိုဟန်ဆန်ဟာ အဓိကဇာတ်ကောင်ဖြစ်တဲ့ နာတာရှာရိုမန်နော့ဖ်အဖြစ် ပါဝင်ထားတာလည်းဖြစ်ပါတယ်။

## အပိုင်းသစ်တွေ ထပ်မံရိုက်ကူးခဲ့ရတဲ့ Mother of Mine



လတ်တလော ထုတ်လွှင့်ပြသလျက်ရှိတဲ့ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ “ Mother of Mine” ဟာ အားပေးသူ များပြားခဲ့တာကြောင့် ဇာတ်လမ်းတွဲအတွက် အပိုင်းသစ်တွေကို ထပ်မံရိုက်ကူးခဲ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၂ ရက်မှာတော့ အဆိုပါ ရုပ်ရှင်အသိုက်အဝန်းမှ သတင်းရင်းမြစ်တစ်ဦးက KBS ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိတဲ့ အဆိုပါဇာတ်လမ်းတွဲကို နောက်ထပ် သီတင်းပတ်နှစ်ပတ် ထပ်တိုးပြသသွားမှာဖြစ်ကြောင်း ပြောကြားလာတာဖြစ်ပါတယ်။ သီတင်းပတ်နှစ်ပတ်စာ အပိုင်းသစ်ကို ထပ်မံရိုက်ကူးထုတ်လွှင့်သွားမှာပါ။

KBS ရုပ်သံလိုင်းမှ တာဝန်ရှိသူတစ်ဦးကလည်း အဆိုပါ ဇာတ်လမ်းတွဲအတွက် အပိုင်းသစ်တွေ ထပ်မံရိုက်ကူးသွားမှာဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့ပါတယ်။ ယခင်က အပိုင်း ၁၀၀ ပြသဖို့ရာ စီစဉ်ထားတဲ့ အဆိုပါဇာတ်လမ်းတွဲမှာ သီတင်းပတ်နှစ်ပတ်စာ တိုးကာ ရိုက်ကူးပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒါကြောင့် အပိုင်း ၁၀၈ ပိုင်း ရှိလာမှာဖြစ်ပြီး အပိုင်းတစ်ပိုင်းစီဟာ မိနစ် ၃၀ ခန့် ကြာမြင့်တာဖြစ်တယ်လို့လည်း သိရပါတယ်။

“ Mother of Mine ” ဟာ မိသားစုဇာတ်လမ်းမျိုးဖြစ်ပြီး လက်ရှိမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူအများဆုံးဖြစ်ကာ နောက်ဆုံးအပိုင်းကိုတော့ နိုဝင်ဘာ ၂၂ ရက်မှာ ထုတ်လွှင့်သွားမှာပါ။ ဒီဇာတ်လမ်းတွဲ ရုပ်ရှင်မှာတော့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ ကမ်ဟေဆွတ်၊ ကမ်ဆိုးယွန်၊ ဟောင်ဂျွန်ယန်း၊ ကီတေးယောင်းတို့ ပါဝင်ထားပြီး အခြားသော သရုပ်ဆောင်များစွာလည်း ပါဝင်ပါတယ်။

**အေးပြည့်-စုစည်းသည်**

# မိုင်းဆတ်မြို့၌ သစ်တောပြုစုထိန်းသိမ်းခြင်း သင်တန်းဖွင့်

**မိုင်းဆတ် ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ သစ်တောပြုစုထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပသည်။

**ဖွင့်လှစ်ပို့ချ**

ခရိုင်သစ်တောဦးစီးမှူး ဦးထန်ရှင်းမုန်က သစ်တောဦးစီးဌာနမှ သဘာဝတောများကို ထိန်းသိမ်းခြင်း၊ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန် စီမံဆောင်ရွက်ခြင်းနှင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို မူဝါဒခြောက်ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်ဦးစီးမှူး ဦးသန်းနိုင်က ပြည်သူများ သစ်တောပြုစုထိန်းသိမ်းမှုဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် သင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း ပြောကြားကြသည်။

**သင်ကြားပေးမည်**

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၃ ဦး တက်ရောက်ပြီး သင်တန်းကာလတွင် ဒိုချက်ကင်မြေဩဇာပြုလုပ်ခြင်း၊ စိုက်ခင်းတည်ထောင်ခြင်း၊ ပေါင်းရှင်းမီးကာကွယ်ခြင်း၊ ပျိုးဥယျာဉ်တည်ထောင်ခြင်း၊ သစ်တောပြုစုထိန်းသိမ်းခြင်း၊ စိုက်ခင်းမှတ်တမ်းရေးသွင်းခြင်း၊ သစ်ပင်များ ခံနိုင်ရည်ပြည့်ဝစေရန် စီမံခြင်း၊ ပိုးမွှားကာကွယ်ခြင်း၊ အပင်များမှတ်ပုံတင်ခြင်း၊ မြေဆီလွှာခွဲခြားခြင်း၊ အပင်မျိုးပွားခြင်းနည်းစနစ်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် သစ်စေ့ထုတ်ဇရိယာတည်ထောင်ခြင်း စသည့် ဘာသာရပ်များကို သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**



# ခြေလျင်တောင်တက်အဖွဲ့ဝင် ၅၃၅ ဦး မိုးရာသီ ခရီးကြမ်းထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၂**

တက္ကသိုလ်ခြေလျင်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်၍ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(ရန်ကုန်)၊ တောင်ဥက္ကလာပနည်း ပညာတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ သူနာပြုတက္ကသိုလ် သန်လျင်၊ သမဝါယမ တက္ကသိုလ်၊ သန်လျင်နည်းပညာတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မှော်ဘီနည်းပညာတက္ကသိုလ်တို့မှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၃၅ ဦးပါဝင်သော ခြေလျင်ခရီးကြမ်းအဖွဲ့သည် ဇူလိုင် ၁၈ ရက်မှ ၂၁ ရက်အထိ ဘီးလင်းမြို့နယ် ဝေပုလ္လ-ကေလာသကျိုက်တလန်းတောင်တန်းတစ်လျှောက် မိုးရာသီ လေ့ကျင့်ရေးခရီးထွက်ခွာကြသည်။

ခြေလျင်တောင်တက်ခရီးကြမ်းအဖွဲ့သည် လေ့ကျင့်ရေးခရီးထွက်ခွာရာ တောင်စဉ်တောင်တန်းတစ်လျှောက်ရှိ တောရကျောင်းများသို့ ကုသိုလ်ကောင်းမှုပြုခြင်း၊ ဆေးဝါးကုသခြင်း၊ သန့်ရှင်းရေးနှင့်ဝေယျာဝစ္စလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် ကုသိုလ်ယူခဲ့ကြသည်။

**သတင်း - ကျော်နိုင်၊ ဓာတ်ပုံ - အောင်မျိုး**

# သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ်ကင်းဝေးရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**သီပေါ ဇူလိုင် ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မီးသတ်တပ်ဖွဲ့နှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမဆောင်၌ ကျင်းပခဲ့သည်။

လက်တွေ့ သရုပ်ပြသပွဲတွင် ကျောက်မဲခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်းဦး ကြီးကြပ်ကွပ်ကဲသော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၂ ဦးတို့က မီးဘေး၊ ရေဘေး၊ ငလျင်ဘေး စသည့် အခြားသော အန္တရာယ်များကျရောက်လာပါက လျင်မြန်စွာတုံ့ပြန် ဆောင်ရွက်နိုင်ရန် ကျောင်းသား ကျောင်းသူ ၁၀၀၀ ခန့်ကို စာစောင်များ ဖြန့်ဝေခြင်း၊ ဆွေးနွေးဟောပြောပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အသိပေးရှင်းလင်း

**လှိုင်ကော် ဇူလိုင် ၂၂**

ပြည်သူများ ကျန်းမာရေးအသိပညာများရရှိရေးအတွက် သွေးလွန်တုပ်ကွေးနှင့် ရာသီတုပ်ကွေး A(H1N1) ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အသိပေးရှင်းလင်းခြင်းအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ မြို့နယ်ခန်းမတွင် ကျင်းပသည်။



ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဌေးလွင်က သွေးလွန်တုပ်ကွေးနှင့် ရာသီတုပ်ကွေး A(H1N1) ရောဂါအကြောင်းကို ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာသောင်းလင်းက ရောဂါမဖြစ်ပွားစေရန်နှင့် မကူးစက်စေရန် ဆင်ခြင်နေထိုင်ရမည့်အချက်များ၊ ရောဂါမဖြစ်ပွားခင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ခြင်၊ ပိုးလောက်လမ်းအန္တရာယ်များ၊ ဆင်တုပ်ကွေးရောဂါလက္ခဏာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သွေးလွန်တုပ်ကွေးနှင့် ရာသီတုပ်ကွေးရောဂါအကြောင်း ပညာပေး ဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်သူထက်က သွေးလွန်တုပ်ကွေးနှင့် ရာသီတုပ်ကွေး A(H1N1) ရောဂါ တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေမှုအခြေအနေများနှင့် ကယားပြည်နယ်တွင် ဖြစ်ပွားနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ ခန်းမတွင်း ပြသထားသော ကျန်းမာရေး အသိပညာပေးပြဘုတ်များကို ကြည့်ရှုကြသည်။

**လှိုင်ကော်သား**

# မတ္တရာမြို့နယ်တွင် ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်း ၅၈ ကျောင်း ယာယီပိတ်ထား

**မတ္တရာ ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း ရေဝတီမြစ်ရေဝင်ရောက်လာမှုကြောင့် အခြေခံပညာကျောင်းပေါင်း ၁၃ ကျောင်းမှာ ယာယီပိတ်ထားရာမှ ဇူလိုင် ၂၀ ရက်မှစ၍ ၄၅ ကျောင်း ထပ်မံပိတ်ခဲ့ရသဖြင့် စုစုပေါင်း ၅၈ ကျောင်း ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြစ်ရေဝင်ရောက်မှုကြောင့် ထပ်တိုး၍ပိတ်ထားရသောကျောင်းမှာ အမက (ဆောက်ခြံပေါက်)၊ အလက (ရွှေဘိုးကြီး)၊ အမက (မွေ့မြစ်ရိုး)၊ အလက(ခွဲ)(ပျဉ်ကာ) ၊ အထက(ခွဲ) ပေါက်ဝဲ၊ အထက(ခွဲ) ငယ်တိုး၊ အထက(ခွဲ)နန်းတော်ကျွန်း၊ အထက(ခွဲ)အောက်တောင်ကိုင်း၊ အမက (ဆင်ကုန်း)၊ အမက(စုပေါင်းကျွန်း)၊ အမက (မြွေပုသိမ်)၊ အမက(ပိုဝတောင်)၊ မူလွန်(စိန်းပန်းကုန်း)၊ မူလွန်(မြစ်တစ်ဖက်)၊ မူလွန်(မြွေထိန်ပင်)၊ မူလွန်(ဘိုးကြီးကျွန်း)၊ မူလွန်(မြွေကုတို့ဆိပ်)၊ မူလွန်(မြေစွန်း)၊ အထက(ခွဲ)မြွေတလိုင်း၊ အထက(ခွဲ)(ပိုဝမြောက်)၊ မူလွန်(မြွေပုံကန်အရှေ့)၊ မူလတန်းကျောင်း(ခွဲ) မြွေဟသ်ာ၊ အလက(ခွဲ) မာရဘင်၊ အလက (ဆင်ကျွန်းမြောက်)၊ အမက (ရှင်လှတောင်)၊ အမက(ရှင်လှမြောက်)၊ အလက(ခွဲ)ကုန်းတန်း၊ အလက(ခွဲ)ကောက်ရိုးပုံ၊ အလက(သူရဲဇက်)၊ အလက(ခွဲ) ဘူမိန္ဒရ၊ မူလွန်(ဆယ်ပယ်)၊ အမက(မြစ်ကောက်)၊ အလက (ဆူးလေကုန်း)၊ မူလွန်(ရွာတော်ကြီး)၊ အမက (ဒေါင်းကျွန်း-တောင်)၊ အမက (ရောက်မဆုတ်)၊ မူလွန်(မွေရေယာဉ်)၊ အမက (ချောင်းပေါက်-အောက်)၊ အမက (ဆင်ကျွန်း-တောင်)၊ အမက(သနပ်ကုန်း)၊ အမက(နေပူကုန်း)၊ အမက(တောင်ပြုံးလေး)၊ အမက (ရွာသာအေး)၊ အလက(ခွဲ) ရွှေချောင်းနှင့် မူလွန်(အလယ်ရွာ) ကျောင်းတို့မှာ ယာယီပိတ်ထားရကြောင်း သိရသည်။

**စိုးကျော်သူထွေး**
**(မတ္တရာ)**

## တိုတိုထွာထွာဖတ်စရာ

### ကလေးငယ်များ ပြုစုစောင့်ရှောက်ခြင်းသင်တန်းဖွင့်

**ကျောက်မဲ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမတွင် ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက လူထုအတွင်း နှစ်နှစ်အောက်ကလေးငယ်များ အစာအာဟာရကျွေးမွေးစောင့်ရှောက်ခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်း သင်တန်းဖွင့်လှစ်သည်။

ပြည်နယ်ကျန်းမာရေးဦးစီးဌာန (လားရှိုး) မှ ဒေါက်တာရန်နိုင်အောင်၊ ဒေါက်တာနန်းဟွမ်ခမ်းတို့က ကျောက်မဲမြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်း ၅၀ တို့အား ဇူလိုင် ၂၆ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျောက်မဲခရိုင် (ပြန်/ဆက်)**

### အခြေခံမဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်နိုင်ရေး အချက်အလက်များ ကောက်ယူ

**လိုင်လင်းပီ**

လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ပြည်သူတိုင်း မဲပေးနိုင်ရေး၊ တိကျပြည့်စုံခိုင်မာသည့် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာနိုင်ရေးအတွက် လူဦးရေစာရင်းအချက်အလက်များဆိုင်ရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ချင်းပြည်နယ် လိုင်လင်းပီမြို့၌ ဇူလိုင် ၂၀ ရက်မှ စတင်ကောက်ယူလျက်ရှိသည်။

အဆိုပါ စာရင်းများကောက်ယူနိုင်ရန်အတွက် လိုင်လင်းပီမြို့ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပြီးခဲ့သည့်ဇွန်လတွင် မတူပီမြို့၌ပြုလုပ်သည့် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း၌ တက်ရောက်ခဲ့ကြပြီး ယခုကဲ့သို့ ပြုလုပ်ပေးခြင်းဖြစ်သည်။ **လိုင်လင်းပီ(ပြန်/ဆက်)**

### မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ကျိုက်မရော**

၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအား တောင်သူလယ်သမားများလက်ဝယ်သို့ စိုက်ပျိုးချိန်အမီ ရောက်ရှိရေးအတွက် ကျိုက်မရောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီက ထုတ်ချေးပေးလျက်ရှိသည်။

ကျိုက်မရောမြို့နယ်တွင် ၂၀၁၉ ခုနှစ် မိုးရာသီတွင် ကျေးရွာပေါင်း ၃၁ ရွာရှိ မိုးစပါးစိုက်ဧကပေါင်း ၆၈၀၄ ဧကအတွက် ချေးငွေပေါင်း ၁၀၂၀၆ သိန်းကို စိုက်ပျိုးချိန်အမီ လယ်သမားများ၏လက်ဝယ်အရောက် ထုတ်ချေးပေးနိုင်ခဲ့ကြောင်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**



## နေပြည်တော်စာကြည့်တိုက်များဖောင်ဒေးရှင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်စာကြည့်တိုက်များဖောင်ဒေးရှင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုနယ်မြေ နေပြည်တော် တာဝန်ခံ ဆရာဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် မြို့နယ်ရှစ်မြို့နယ်တို့မှ ဖောင်ဒေးရှင်းအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် စာကြည့်တိုက်များဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်ခြင်းနှင့် အတည်ပြုဆုံးဖြတ်ခြင်းတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**



## မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းဖွဲ့စည်း

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း ဖွဲ့စည်းခြင်းကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဘဏ္ဍာရေးမှူး ဦးနေထွန်းကတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း ဖွဲ့စည်းရွေးကောက်မည့်အကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် အလုပ်အမှုဆောင် ဦးညွန့်မောင်က မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း ရွေးကောက်ပွဲပြုလုပ်ရာတွင် ချမှတ်ထားသည့် စည်းကမ်းချက်များနှင့် မဲပေးပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရွေးကောက်ပွဲကော်မရှင်များ၊ ရွေးကောက်ပွဲတွင် ပါဝင်ရွေးချယ်ခံမည့် ခရိုင်အသီးသီးမှ ကိုယ်စားလှယ်လောင်းများ၊ တိုင်းဒေသကြီး မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကော်မတီဝင်များနှင့် အပြန်လှန်မိတ်ဆက်ပြီး မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်း ရွေးကောက်ပွဲအတွက် မဲပေးရွေးချယ်ခဲ့ကြသည်။

**(ပြန်/ဆက်)**

## စစ်ကိုင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူ ၈၀၀၀ ကျော်အား ထောက်ပံ့ငွေပေးအပ်

**စစ်ကိုင်း ဇူလိုင် ၂၂**

စစ်ကိုင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၈၀၀၀ ကျော်အား ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းက ထောက်ပံ့ငွေကြေးများပေးအပ်ခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက စစ်ကိုင်းမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်းများသို့ လာရောက်ကာ ထောက်ပံ့ငွေကျပ်သိန်း ၁၈၀ ကျော်ကို ရေဘေးသင့်ပြည်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ပူးပေါင်းပြီးတော့ ရေဘေးဒုက္ခရောက်တဲ့ လူထုကိုထောက်ပံ့ငွေပေးတာပါ။ ရေဘေးရှောင်ရတဲ့ကာလ ဒီထက်ရက်ရှည်လာရင် ကျွန်တော်တို့ ဆက်ပြီးပံ့ပိုးပေးသွားပါမယ်" ဟု ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြောသည်။

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ဖြေဝတီရပ်ကွက်၊ ဒါးဝယ်ဈေးရပ်ကွက်၊ တဲကြီးကျေးရွာ၊ ပန်းဘဲတန်းရပ်ကွက်၊ ထုံးဘိုရပ်ကွက်၊ သောတာပန်ရပ်ကွက်၊ ပဲကတိုးရပ်ကွက်၊ စဉ့်ကိုင်ကျေးရွာ၊ ရွာမကျေးရွာ၊ မယ်ဇလီချောင်းကျေးရွာ၊ ဆင်တပ်ကျေးရွာ၊ ကင်းကျေးရွာ၊ ရွှေလှေကျေးရွာတို့ ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါကျေးရွာ၊ ရပ်ကွက်များမှ အိမ်ထောင်စု ၂၀၂၄ စု၊ လူဦးရေ ၈၈၃၀ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်နေရကြောင်း သိရသည်။

စစ်ကိုင်းမြို့၏ ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်သည် ၁၁၅၀ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၂၂ ရက် မွန်းတည့် ၁၂ နာရီခွဲအချိန်တိုင်းတာချက်အရ ၁၁၇၀ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်အထက် ၂၀ စင်တီမီတာ ကျော်လွန်နေကြောင်းသိရသည်။

**ခိုင်ဇေယျ**



## လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ပလောက် ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ အခြေခံပညာအထက်တန်းကျောင်း KG ခန်းမ၌ လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၂၂ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်လှိုင်၊ ပလောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဝေနှင့် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြရီတို့က လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးကြပြီး ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပညာရေးကဏ္ဍပြောင်းလဲမှုနှင့် ပတ်သက်၍ မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**နိုင်ဦး(ပလောက်ပြန်/ဆက်)**

## လှိုင်ကော်မြို့၌ သုတစုံလင်သိကြားစေချင်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ



**လှိုင်ကော် ဇူလိုင် ၂၂**

ပြည်သူများ အသိပညာဗဟုသုတတိုးပွားပြီး ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော "သုတစုံလင် သိကြားစေချင်" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစန်းနွယ်က ပြည်သူ့စကားဝိုင်း ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးဌေးလွင်က H1N1 နှင့် အခြားကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း၊ ခရိုင်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကျော်သူထက်က လျှပ်စစ်ဓာတ်အား ချွေတာအသုံးပြုခြင်းဆိုင်ရာများကိုလည်းကောင်း၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးလွင်က SME ချေးငွေကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီးနောက် တက်ရောက်လာသည့် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးကြသည့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**လှိုင်ကော်သား**

ကိုလင်းလင်း၊ ကိုအောင်ဇေမျိုး၊ ကိုအေးကို တို့ စီစဉ်သော

## ဗောဓိပလ္လင် ဗုဒ္ဓဂယာ ဘုရားဖူး အဖွဲ့

ဗောဓိပလ္လင် ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ရေး အဖွဲ့မှ ဘုရားဖူး သွားတော်စင်အပေါင်းတို့အား မှန်ကန်သော စျေးနှုန်း၊ အကောင်းမွန်ဆုံး ဝန်ဆောင်မှုတို့ဖြင့် ပို့ဆောင်ပေးနေပါပြီ…

၇ ညအိပ် ၈ ရက် ခရီးစဉ် – သံဝေဇနီယလေးဌာန (ဟိုတယ် ၃ ည) ၁၀ သိန်း ၅ သောင်း

၁၁ ညအိပ် ၁၂ ရက် ခရီးစဉ် – သံဝေဇနီယလေးဌာန + အဋ္ဌမဟာလေးဌာန (ဟိုတယ် ၄ ည) ၁၁ သိန်း ၅ သောင်း

၁၄ ညအိပ် ၁၅ ရက် ခရီးစဉ် – သံဝေဇနီယလေးဌာန + အဋ္ဌမဟာလေးဌာန + ဒေလီ + အာဂရာ(တာ့ဂျ်မဟာ) (ဟိုတယ် ၆ ည) ၁၂ သိန်း ၅ သောင်း

(၁၀) ဦး လျှင် (၁) ဦးအခမဲ့

ယခုနှစ်တွင် မဟာဗောဓိစေတီနှင့် ... တည်းခိုပါမည်၊ ခရီးစဉ်တိုင်းတွင်လည်း ... ကြိုတင် စာရင်းပေးသွင်းပါရန် နှစ်စဉ် အောက်တိုဘာလမှ စ၍ ... ခရီးစဉ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရန်ကုန်ရုံးချုပ် အမှတ် – ၅၊ ပထမထပ်၊ ဦးဝိစာရလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၉ ၈၉၇၄၄ ၅၁၅၁၊ ၀၉ ၈၉၇၄၄ ၆၂၆၂၊ ၀၉ ၈၉၇၄၄ ၅၇၅၇

## ဆိုးမံ(လင်း) ကုမ္ပဏီ

(open daily)(တနင်္ဂနွေ) မှ အခြမ်းရောင်း/ငှားမည်။

| | | | |
|---|---|---|---|
| ၁။မရမ်းကုန်း Junction-8အနီး | (8000Sqft) | 2RC | 12000L |
| ၂။ကမာရွတ်၊သံလွင်လမ်း | (80x85) | 2RC | 9500L |
| ၃။တာ/ဥ၊ရတနာလမ်း | (40x60) | မြေ | 8500L |
| ၄။စမ်းချောင်း၊ဗဟိုလမ်း | (35x50) | မြေ | 6950L |
| ၅။လှိုင်သာယာ၊VIP-I | (80x70) | 2RC | 6800L |
| ၆။ရန်ကင်း၊မိုးကောင်းလမ်းအနီး | (45x70) | မြေ | 4500L |
| ၇။မင်္ဂလာဒုံ၊ရွှေနံ့သာ၊သစ်ခွဲ | (4ဧက) | မြေ | 4000L |
| ၈။မိုးမြင့်ပြည့်လမ်းအနီး | (50x50) | 2RC | 3950L |
| ၉။မ/ဒုံ၊ရွှေပင်လုံ၊အိမ်ရာ | (70x90) | 2RC | 3800L |
| ၁၀။တာ/ဥ(၄)ရပ်ကွက်–လမ်းသန့် | (45x65) | 2RC | 2400L |
| ၁၁။ရွှေပြည်သာ Condo | (2150Sqft) | Lift | 3900L |
| ၁၂။တာမွေ၊ကန်တော်ကြီးမြောက်လမ်းအနီး | (70x200) | မြေ | 60L |
| ၁၃။စမ်းချောင်း၊ဦးဝိစာရလမ်း | (87x70) | 2RC | 50L |

Facebook Page – ဆိုးမံလင်းအကျိုးဆောင်ကုမ္ပဏီ ဟောင်းရုံး တွင်လည်း ဝင်ရောက် ကြည့်ရှု စုံစမ်းနိုင်ပါသည်။

01-552742, 09 5060938,09 450450977,09 5060940

## မင်္ဂလာပါ

အိမ်ပြောင်း၊အိမ်ရွှေ့ လုပ်ငန်း မြို့တွင်း/နယ်ဒေသများအတွက် စျေးနှုန်းချိုသာစွာဖြင့် Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-450042704
09-250095116
09-420096296

## ကိုမောင်ဇော်+မနီ

(အိမ်ခြံမြေ ရောင်း/ဝယ်ရေး)

ဒဂုံမြို့သစ်(တောင်ပိုင်း၊ အရှေ့ပိုင်း၊မြောက်ပိုင်း) မြေကွက်များဝယ်လိုသည်။ အိမ်အရောက် ငွေချေပေးပါသည်။ ပွဲခပေးရန်မလိုပါ။

၀၉–၄၀၀၅၀၀၀၇၄
၀၉–၄၅၀၄၅၀၀၇၄

ptt Lubricants

MPT ရွှေသို့လှမ်းချီမြန်မာပြည်

ဗလာမပါ ငွေဖြည့်လက်ဆောင် + ဖုန်းကောက်ခရီးစဉ်

ချောဆွဲ လဲရင်း ငွေဖြည့်ကြမယ်

၅၀၀၀ ၃၀၀၀ ၁၀၀၀ ၁၅၀၀ ၃၀၀၀




SMS

MPT SMS CENTER

1st July 2019

## VICTORIA UNIVERSITY COLLEGE

ISO 9001: 2015 CERTIFIED

အကောင်းဆုံးကိုရွေးချယ်အပ်နှံတတ်သောမိဘများကြောင့်

ကျောင်းသားအင်အား အများဆုံး | သင်ကြားမှု အကောင်းဆုံး နှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ် ရ – VICTORIA UNIVERSITY COLLEGE

မှ ၂၀၁၉ ကျောင်းသား၊ကျောင်းသူသစ်များကို ကြိုဆိုပါသည်။

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများအတွက် (၃)နှစ်အတွင်း BTEC HND နှင့် အင်္ဂလန်အစိုးရပိုင် University of Wolverhampton (UK) မှ

- BA (Hons) Business Management
- BSc (Hons) Computing & IT
- BE (Hons) Civil Engineering
- BE (Hons) Mechatronics Engineering
- BE (Hons) Electronics & Communications Engineering ဒီဂရီဘွဲ့ ရရှိမည့် အခွင့်အရေး



ရန်ကုန် နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်မည့် ၂၀၁၉ခုနှစ် ဩဂုတ်လ တန်းခွဲသစ် အတွက် သင်တန်းသားများ စတင်လက်ခံပြီ။

ကျောင်းသားရေးရာဌာန – ရန်ကုန် – အမှတ် ၁၆၆ (MMB Tower)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း ၀၁–၃၈၃၁၃၂၊ ၃၈၃၁၃၃
မန္တလေး – အမှတ် (၁၅၁)၊ ၂၈လမ်း၊ ၇၆ နှင့် ၇၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း ၀၂၄၀ – ၃၁၁၅၄၊ ၃၉၆၃၃

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**အရာခံဗိုလ်ဝင်းဇော်(ငြိမ်း) လေထီးစစ်သည်**

**(၂၃-၇-၂၀၁၈)-(၂၃-၇-၂၀၁၉)**

မမျှော်လင့်ပဲ မိသားစုနဲ့ ခွဲခွာသွားသော ချစ်မေမေရဲ့ခင်ပွန်း၊ ချစ်သားသမီးတို့ရဲ့ဖခင်ကြီးအားရည်စူး၍ ပြုသမျှသော ကောင်းမှုကုသိုလ် အစုစုတို့အတွက် အမျှပေးဝေပါ၏ မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ် -

| | |
|---|---|
| ချစ်ဇနီး | - ဒေါ်တင်မေ (ဝါယာလက်) |
| ချစ်သားများ | - အရာခံဗိုလ်ဇော်နိုင်ဦး-ဒေါ်မြင့်မြင့်ခိုင် |
| | - တပ်ကြပ်ကြီးဇော်ခိုင်ဦး-ဒေါ်အေးမြင့်ခိုင် |
| | - (ဦးဇော်ဝင်းခိုင်)-ဒေါ်ခင်မျိုးကြူ |
| | - ဦးဇော်ဝင်းလှိုင်-ဒေါ်မိုးမိုးခိုင် |
| ချစ်သမီး | - (ဒေါက်တာညီညီလွင်)-ဒေါ်မေဝင်းမော် |
| | မြေးမြစ်မိသားတစ်စု |

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှကြည်(ခ)ဒေါ်ကြည်ကြည်

**အသက်(၉၀)**

**(ပန်းတနော်မြို့)**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နေ (ဦးဘမောင်-ဒေါ်ထွေးမိ) တို့၏ သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နေ (ဦးမောင်လေး-ဒေါ်စိန်တင့်)တို့၏ သမီးချွေးမ၊ (အငြိမ်းစားဒု-ဗိုလ်မှူးကြီးထွန်းဝင်း)၏ ဇနီး၊ ဦးဝင်းလွင်ထွန်း၊ ဦးဝင်းတင်ထွန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ စ-စ-စ-ငြိမ်း)-ဒေါ်စန်းစန်းနွယ်၊ ဦးဝင်းရင်ထွန်း-ဒေါ်ဝေဝေမြင့်တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၆း၁၅ နာရီတွင် အမှတ်(၁၇)၊ ဇေယျသုခလမ်း၊ ရွှေပြည်သာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## (၁၅)နှစ်ပြည့်အလွမ်း

**ကိုတင်မောင်ဆွေ**

**အသက်(၃၃)နှစ်**

**M/T SETIA JAYA (CDC-51323)**

**(၂၃-၇-၂၀၀၄ မှ ၂၃-၇-၂၀၁၉)**

သားကြီး ကိုဆွေ မိသားစုကိုခွဲခွာသွားတာ ၂၃-၇-၂၀၁၉ရက်မှာ (၁၅)နှစ်တင်းတင်းပြည့်ပါပြီ။ သားကြီးအား ရည်စူး၍ နေ့စဉ် လစဉ် နှစ်စဉ် ပြုလုပ်သောကုသိုလ်ဒါနအားလုံးအတွက် ကောင်းရာသုဂတိ ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သားကြီးရေ အမျှ-အမျှ-အမျှ

| | |
|---|---|
| ဖေဖေ | ဦးချစ်ဆွေ |
| မေမေ | ဒေါ်တင်တင်ဝင်း |
| ညီမလေး | မမာလာဆွေ-ကိုကျော်ကျော်ခန့် |
| ချစ်တူမလေး | မခင်ထက်ခိုင်(a) SWEET |
| ချစ်တူလေး | မောင်ဘုဏ်လင်းထက် |

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဟာဂျီမ ဒေါ်ဖရီဒါဘေဂွန်**

**အသက်(၉၆)နှစ်**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၊ နောင်လုံရပ်ကွက်၊ အမှတ်(၆/၆၄)နေ ဟာဂျီဦးခင်မောင်လွင်(အတွင်းရေးမှူး၊ မ-အ-ဖ ဌာနချုပ်)၏ မိခင်ဖြစ်သူ ဟာဂျီမဒေါ်ဖရီဒါဘေဂွန်သည် ၁၂-၇-၂၀၁၉ ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်းသိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်**
**(မ-အ-ဖ)ဌာနချုပ်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရီရီသန်း**

**(LL.B) အထက်တန်းရှေ့နေ၊ လူမှုဝန်ထမ်း-၂ (ငြိမ်း)**

**လူမှုဝန်ထမ်းဦးစီးဌာန**

**အသက် (၇၄) နှစ်**

သူငယ်ချင်း ဦးသိန်းကြိုင် (ဒု/ပြည်နယ် ဥပဒေအရာရှိ-ငြိမ်း၊ ကချင်ပြည်နယ်)၏ဇနီး ဒေါ်ရီရီသန်း (LL.B) အထက်တန်းရှေ့နေ၊ လူမှုဝန်ထမ်း-၂ (ငြိမ်း)၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ၁၉-၇-၂၀၁၉ (သောကြာနေ့) ညနေတွင် သဃ်န်းကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်၊ အမှတ်(၇၀၁)နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဇေယျ (၆၃) ဥပဒေအရာရှိ သူငယ်ချင်းများမှ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဇေယျ(၆၃) ဥပဒေအရာရှိသူငယ်ချင်းများ**

---

## ဦးရဲထွန်းကျော်

**အသက် (၃၅) နှစ်**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ်၊ စံပြဖဆပလအိမ်ရာ၊ တိုက် (၅၃)၊ အခန်း(၁၄)နေ ဦးကျော်လွင်- ဒေါ်မြင့်မြင့်တို့၏သားကြီး၊ ဒေါ်ဥမ္မာညွန့်၊ ဦးအောင်မျိုးကျော်-ဒေါ်ဖြူဖြူအောင်တို့၏မောင်၊ မောင်မျိုးမင်းကျော်၏ အစ်ကို၊ မောင်ကျော်သီဟလွင်၏ ဖခင်သည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးမိမိစံ (သထုံ)**

**အသက် (၇၃) နှစ်**

ဦးခင်မောင်ရီ (လက်ထောက်အထွေထွေမန်နေဂျာ-ငြိမ်း၊ MICB)နှင့် (အထွေထွေမန်နေဂျာ-ငြိမ်း၊ CHID Bank)၏ဇနီး ဒေါ်အေးမိမိစံသည် ၁၉-၇-၂၀၁၉ (သောကြာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MICB အငြိမ်းစားဝန်ထမ်းဟောင်းများအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စိန်ရီ**

**အသက် (၈၀)**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်၏မိခင် ဒေါ်စိန်ရီသည် ၂၀-၇-၂၀၁၉ ရက် နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

အလက-၃၊ တာမွေ (စိန့်မိုက်ကယ်)ကျောင်း၏ ကန်တော့ခံဆရာကြီး ဦးထွေးအောင် အသက်(၇၁)နှစ်သည် ၂၀-၇-၂၀၁၉ ရက်တွင် အမှတ်(၇၉၉)၊ သုခိတာလမ်း၊ ကျိုက်တော်ရပ်ကွက်၊ သုဝဏ္ဏဝတီမြို့နယ်၊ သထုံမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**အလက(၃) တာမွေ**
**ဆရာ/ဆရာမများနှင့်**
**ချစ်တပည့်ကျောင်းသား/သူဟောင်းများ**

---

## ဦးသိန်းဇေ

**အသက်(၈၅)နှစ် (မုံရွာ)**

**အထွေထွေမန်နေဂျာ-ငြိမ်း**

**မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်း**

မုံရွာမြို့ ဆူးလေးကုန်းနေ (ဒေါ်ခင်မူ)၏ အစ်ကို၊ အမှတ်(၅၁)၊ အောင်ချမ်းသာ (၁)လမ်း၊ ကမာရွတ်(၁) ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာနေ ဒေါ်နှင်းဆီ၏ ခင်ပွန်း၊ ကိုဆန်နီ၊ မမိုးဦး(NAKANOKU)တို့၏ ဖခင်၊ INOUE ASHLEY (MEIJI UNIVERSITY)၏ အဘိုး၊ ကိုသာမွန်၊ ကိုသားစိုး(ဒုအကောက်ခွန်မှူး-ငြိမ်း)တို့၏ ဖခင်သည် ၂၀-၇-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ ရက်တွင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

စိုက်ပျိုးရေးရုံးချုပ်

ဝန်ထမ်းဟောင်းများအသင်း

## ဒေါ်မြင့်မြင့်

**အသက်(၈၀)**

**စာရင်းစစ်(၂)၊**

**လယ်/စိုက်/ရှင်း(ငြိမ်း)**

**အသင်းဝင်နံပါတ် (၁၀၂၁)**

စမ်းချောင်းမြို့နယ်၊ မင်းလမ်းနေ ဒေါ်မြင့်မြင့်သည် ၁၉-၇-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်စီးပါကြောင်း။

ဝန်ထမ်းဟောင်းများအသင်း

---

ရဟန်းဒါယိကာမကြီး

## ဒေါ်ပိန့် (ခ) ဒေါ်ငွေကြင်

**(မြောင်းမြမြို့)**

**အသက် (၇၈) နှစ်**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၃)လမ်း၊ အမှတ်(၄၂)၊ ရှစ်လွှာနေ (ဦးဘစိန်-ဒေါ်ပု)တို့၏သမီး၊ [ဦးပု (ခ) ဦးစစ်ရှိန်]၏ဇနီး၊ ဦးမြင့်လှိုင်-ဒေါ်သန်းသန်းမေ၊ ဦးမြင့်ခိုင်-ဒေါ်မေမေခင်၊ ဦးမြင့်လွင်-ဒေါ်နန်းခင်စော၊ ဒေါ်အေးအေးသွယ်၊ ဦးမြင့်အေး၊ ဦးမြင့်အောင်တို့၏ ကျေးဇူးရှင်မိခင်၊ မောင်ရဲထက်အောင်၊ မောင်အောင်သန့်စင်၊ မောင်ကောင်းထက်နိုင်၊ မောင်စိုးထွဋ်ရှိန်တို့၏ အဘွား ဒေါ်ပိန့် (ခ) ဒေါ်ငွေကြင်သည် ၂၂-၇-၂၀၁၉ ရက် နံနက် ၈း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးအောင်သိမ်း (ငြိမ်း)**

**ကြည်း/၆၆၉၁**

**ဗိုလ်သင်တန်းအပတ်စဉ်(၉)**

**အသက် (၉၁) နှစ်**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃) ရပ်ကွက်၊ သီရိရတနာရိပ်သာ၊ သီရိမြိုင်လမ်းနေ ဗိုလ်မှူး ဒေါ်တင်တင်ညို(ငြိမ်း)၏ခင်ပွန်း ဗိုလ်မှူးအောင်သိမ်း(ငြိမ်း)သည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ကြည် (ကျိုက်လတ်)

**(လ-ဝ-က)ငြိမ်း**

**အသက်(၈၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးမြတ်စံ-ဒေါ်အေးရင်)တို့၏ သမီးထွေး၊ (ဒေါ်ခင်ဆွေ)၊ ဒေါ်တင်တင်၊ ဒေါ်ခင်ခင်၊ ဒေါ်ရီရီတို့၏ ညီမ၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း(အထက်)၊ အမှတ်(၂၁၇/မြေညီ)နေ (ဦးလှသောင်း)၏ ဇနီး၊ (ဦးမင်းဦး)၊ ဒေါ်ခင်လှိုင်ဝင်း၊ ဒေါ်ခင်အေးလွင်(လှိုင်ရတနာ၊ ၃၈ လမ်း)၊ ဒေါ်ခင်မာဦး(အထက-၅၊ ဗိုလ်တထောင်)တို့၏ မွေးသမိခင်၊ ဒေါ်ဇာခြည်မင်းဦး၊ ဒေါ်ဟေမာမြတ်ကျော်(လ/ထ ကထိက၊ ပညာရေးစိတ်ပညာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ မောင်ဇေယျာမြတ်ကျော် (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ မချမ်းမြေ့မင်းဦးတို့၏အဘွား၊ မောင်ခန့်ညားအောင်၏ ဘွားဘွားကြီးသည် ၂၁-၇-၂၀၁၉ရက် နံနက် ၆း၅၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၉(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစောဝင်း

**အသက်(၇၅)နှစ်**

**စက်ရုံမှူး-ငြိမ်း၊ ပိုးသတ်ဆေးစက်ရုံ(မှော်ဘီ)**

**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၈၉)လမ်း၊ အမှတ်(၄၈)နေ (ဦးဘသောင်း-ဒေါ်အုန်းတင်)တို့၏ သားကြီး၊ (ဦးအောင်ကြင်-ဒေါ်မြရင်)တို့၏ သားသမက်၊ ဒေါ်ခင်မကြီး(မန်နေဂျာ-ငြိမ်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)၏ခင်ပွန်း၊ ကိုမျိုးသွင်(MD, Sweet Memory Travel)-မစောမြသန္တာဝင်း၊ ကိုကျော်မောင်မောင်-မစောမြနီလာဝင်းတို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာမောင်မောင်လှ-ဒေါ်ချိုချိုမာ၊ (ဦးခင်မောင်ဝင်း)-နော်စန္ဒာဝင်းတို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှရီ(ခ)ဒေါ်ဝိမာလာ

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့ သန်လျင်မြို့နယ်၊ ကံသာဓမ္မရိပ်သာနေ (ဦးတင်ရွှေ)၏ ဇနီး၊ ဦးသန်းဦး-ဒေါ်အေးအေးမာ၊ ဦးတင်ဝင်းကို-ဒေါ်နန်းအေးအေးချို၊ ဦးတင်အောင်မိုး - ဒေါ်ကြည်ကြည်စန်း၊ (မောင်သက်ခိုင်)၊ ဦးအောင်လွင်မိုး-ဒေါ်နှင်းဥမ္မာ တို့၏ မိခင်ကြီး၊ မြေးနှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၂-၇-၂၀၁၉(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါ ကံသာဓမ္မရိပ်သာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါက်တာကောင်းကင်စိုး**

**အသက် (၇၀)**

၁၀-၇-၂၀၁၉ ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါက်တာကောင်းကင်စိုးအား နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက်ကုသပေးခဲ့ကြသော ရွှေဂုံတိုင်အထူးကုဆေးရုံ၊ Grand Hantha International Hospital ၊ ဘန်ကောက်မြို့ Bumrungrad International Hospital၊ ဝိတိုရိယဆေးရုံများ၏ အထူးကြပ်မတ်ကုသဆောင်များမှ ဆရာဝန်ကြီးများ၊ သူနာပြုဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ Yangon International Medical Services မှ ဆရာဝန်များနှင့်အဖွဲ့အားလည်းကောင်း၊ သွေးလှူရှင်များအားလုံးကိုလည်းကောင်း၊ ဝမ်းနည်းကြောင်းနာရေးသတင်းမေးကူညီကြသော မုံရွာဒေသကောလိပ်၊ မုံရွာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ အမှတ်(၃) ဒေသကောလိပ်(ရန်ကုန်)၊ ဘားအံတက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ တောင်ငူတက္ကသိုလ်များမှ သူငယ်ချင်းများ၊ ဆရာ၊ ဆရာမများနှင့်တပည့်များ၊ ကျန်းမာရေးစောင့်ရှောက်မှုအသင်းများ၊ ALBA International School မှ ဒါရိုက်တာနှင့် ဆရာ၊ ဆရာမများ၊ တပည့်များ၊ ဝန်ထမ်းများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခွေပန်းခြင်းများပေးပို့ကြသူများ၊ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမျိုးခင် (B.A History)**

**အသက်(၅၉)နှစ်**

ဦးခင်မောင် ယခင် (MICB, MMB, ယခု AYA Bank)-ဒေါ်ယဉ်ယဉ်မေတို့၏သား ဦးမျိုးခင်သည် ၁၆-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MICB အငြိမ်းစား ဝန်ထမ်းဟောင်းများအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုရိုဇမ်လျမ်း (1994 Intake)**

**ခပေါင်းဆောင်ကျောင်းသားဟောင်း**

**အသက် (၄၃) နှစ်**

1994 Intake စီးပွားရေးတက္ကသိုလ်ကျောင်းသားဟောင်း ကိုရိုဇမ်လျမ်း (PU RO Zam Lian)သည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ဟားခါးမြို့ နေအိမ်၌ ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းများ အားလုံးမှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် သူငယ်ချင်း ကောင်းရာသုဂတိဘုံဘဝရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပေးပို့အပ်ပါတယ်။

**သူငယ်ချင်းများ**
**စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား/ကျောင်းသူများအသင်း**
**(၁၉၉၄ ခုနှစ်၊ ဆယ်တန်းအောင်၊ ၂၀၀၂ ခုနှစ်ဘွဲ့ရ)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ငွေ (ပြည်မြို့)**

**အသက် (၉၁) နှစ်**

သူငယ်ချင်း ဦးမျိုးခင် (ခိုင်ဆုသူ ကုမ္ပဏီလီမိတက်)-ဒေါ်သူဇာမင်းတို့၏ဖခင်ကြီး ဦးတင်ငွေ အသက်(၉၁)နှစ်သည် ၂၁-၇-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ SSC အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၈၆) သစ်တောတက္ကသိုလ်**
**သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးစိုးသူရ (စတသ-၃၀)**

**အသက် (၅၂) နှစ်**

မော်လမြိုင်မြို့နေ ဒေါ်နုနုထွေး၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးစိုးသူရ(စတသ-၃၀)သည် ၂၁-၇-၂၀၁၉ ရက် ည ၁၁း၀၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆက်သွယ်ရေးတပ်ဖွဲ့မှ လုပ်ဖော်ကိုင်ဖက်တပ်ရင်းမှူး/တပ်မှူးများ**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
# နန့်ခင်ဌေးရီခိုင်
## အသက်(၇၉)နှစ်

ဟင်္သာတမြို့နယ်၊ ယုန်သလင်းကျေးရွာနေ အာဇာနည်ခေါင်းဆောင်၊ ဝန်ကြီးမန်းဘခိုင်-ဂျိုအေးလှုံ(ခ)ဂျိုစိန်ကြည်တို့၏ သမီးထွေး၊ ဦးဝင်းလွင်(ခ) ဦးစစ်ကြိုင်၏ ဇနီး၊ နန့်လွင်ဝါဝါခိုင် (ဒု/မန်နေဂျာ၊ ကမ္ဘောဇဘဏ်၊ ဘဏ်ခွဲ-၂၊ ဟင်္သာတ)၊ စလွင်သူရခိုင်-မိုင်မေရီတို့၏ မိခင်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း-နန့်ကြင်ကြည်တို့၏အဒေါ် နန့်ခင်ဌေးရီခိုင်သည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) တွင် ယုန်သလင်းရွာ မိသားစုသချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### နန့်ခင်ဌေးရီခိုင်
### အသက်(၇၉)နှစ်

ဟင်္သာတမြို့နယ်၊ ယုန်သလင်းကျေးရွာနေ အာဇာနည် ခေါင်းဆောင်၊ ဝန်ကြီး မန်းဘခိုင်-ဂျိုအေးလှုံ(ခ)ဂျိုစိန်ကြည်တို့၏ သမီးထွေးဖြစ်သူ နန့်ခင်ဌေးရီခိုင်သည် ၂၂-၇-၂၀၁၉ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း-ဇနီး နန့်ကြင်ကြည် နှင့် မိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးကျော်သိန်း (ဘီလူးကျွန်း)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့ သဃ်္န်းကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်၊ မြဝတ်ရည်လမ်း၊ အမှတ်(၆၇၃)နေ (ဦးထွန်းရှင်-ဒေါ်လွန်းမေ)တို့၏ သား၊ ဒေါ်လှဝင်း ၏ ချစ်လှစွာသောခင်ပွန်း သည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးရဲထွဋ်
အလက-ကျောင်းအုပ်-ငြိမ်း၊ ကျုံမငေးမြို့
### အသက်(၇၇)နှစ်

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ အဆင့်မြင့် (၅)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ် (၃၄၀/၃၄၁)နေ (ဦးဘသန်း-ဒေါ်လှတင်)တို့၏ သား၊ ဦးသက်ကိုကို-မအေးသန္တာကျော်၊ ဦးသက်မောင်မောင်၊ ဦးဝင်းထွဋ်၊ ဦးသက်ခိုင်-မခင်သီတာထွဋ်၊ ကိုမျိုး-မမေရီထွဋ်၊ ဦးသန်းထိုက်စိုး-မခင်အေမီထွဋ်တို့၏ ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်တူး၏ခင်ပွန်းသည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးအောင်မြင့်
**ကပအမ-၁၁၆၅၅၊ အရာခံဗိုလ်/၇၁ (ငြိမ်း)၊ တပ်မတော် (ရေ) အဏ္ဏဝါ (ရန်ကုန်)၊ နာရေးကူညီမှုအသင်း၊ အသင်းဝင်အမှတ်(၁၃၄)**
### အသက် (၇၅) နှစ်

သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(ခ/၂၇၁)နေ ဒေါ်ခင်ရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၇-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေအပေါင်းအသင်းနှင့် အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အဏ္ဏဝါ(ရန်ကုန်)နာရေးကူညီမှုအသင်း

---

ဘုရား၊ ကျောင်း ဒါယကာကြီး
### ဦးစည်သူထွန်း
### အသက်(၄၃)နှစ်

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ အခန်း(၅၀၃)၊ လိပ်ကန်တာဝါနေ (ဦးလှထွန်း)-ဒေါ်ခင်ခင်လှတို့၏ သားကြီး၊ ဦးသက်ဝင်းထွန်း-ဒေါ်ဆုမွန်ဇော်၊ ဦးဝင်းလွင်ထွန်း-ဒေါ်ဖြူယမင်းကျော်၊ ဦးယဉ်ကျော်သက်-ဒေါ်သီရိထွန်း တို့၏ အစ်ကိုကြီး၊ ဒေါ်အေးမြသူ၏ခင်ပွန်း၊ မရှင်မင်းသူ၏ ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ ဘဘကြီး ဦးစည်သူထွန်းသည် ၂၂-၇-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၆၄၃)၊ အင်းဝ (၁၉/ခ)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ဒေါ်ခင်ညိမ်း (ဖျာပုံမြို့)
### အသက် (၉၅) နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ တိုက်(၂၅၉/၈)၊ ရန်အောင်လမ်းသွယ်(၆)နေ (ဦးဘလွင်-ဒေါ်သန်း)တို့၏ တစ်ဦးတည်းသောသမီး၊ [ဗိုလ်မှူးမောင်မောင်လှိုင်(ငြိမ်း)]၏ ဇနီး၊ (ဦးခင်မောင်လှိုင်)၊ ဦးကျော်သူရ-ဒေါ်ဝင်းလဲ့နွယ်တို့၏ ကျေးဇူးရှင်မိခင်၊ မဆုလာဘ်ရွှေရည်ဦး၏ အဘွားသည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၉ (စနေနေ့) နံနက် ၇နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

စိုက်ပျိုးရေးရုံးချုပ်
ဝန်ထမ်းဟောင်းများအသင်း
### ဦးစောသတ်ဂေး
### အသက်(၇၁)နှစ်
**လ/ထ မန်နေဂျာ(ငြိမ်း) CARTC အသင်းဝင်နံပါတ် (၀၃၄၆)**

ဒဂုံမြို့သစ်၊ အရှေ့ပိုင်း (၁၃) ရပ်ကွက်၊ စိုက်ပျိုးရေး (၁)လမ်း၊ အမှတ်(၅၉၁)နေ ဦးစောသတ်ဂေး သည် ၁၉-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးပါကြောင်း။

ဝန်ထမ်းဟောင်းများအသင်း

---

ခရစ်တော်၌ အိပ်ပျော်ခြင်း
### နော်သင်းသင်းညွန့်
### အသက်(၆၅)နှစ်
**အထက်တန်းသူနာပြု (ငြိမ်း)**
**ဒေါ်ပုံ၊ သဘော်ကျင်း**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ အမှတ်(၂၀၄/ဘီ)၊ ကျိုက္ကဆံလမ်းနေ (ဦးစံညွန့်-နော်ဂျူးလီယာတင်မေ)တို့၏ သမီးကြီး၊ စောဂျိမ်းစံညွန့်၊ (နော်ခဲရိုလိုင်း)၊ နော်ကက်သရင်း၊ စောဂျွန်သောင်းဒန်၊ စောလှဟန်၊ စောအောင်ခိုင်ညွန့်တို့၏ အစ်မကြီး၊ စောစိုင်းမွန်ဝင်း-မအင်ကြင်းမာလ်တို့၏ မွေးသမိခင်၊ ဦးစောမောင်ဝင်း၏ ချစ်လှစွာသော ဇနီး နော်သင်းသင်းညွန့်သည် ၂၂-၇-၂၀၁၉ ရက် နံနက် ၈း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၇-၂၀၁၉ ရက် နံနက် ၉း၃၀ နာရီတွင် သန့်ရှင်းသော တြိနတိကသီဒြယ်ဘုရားကျောင်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း)၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ နတ်လမ်း၊ တံတား၊ စာကြည့်တိုက် ဒါယိကာမကြီး
### ဒေါ်ခင်သန်းဝင်း
### အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့ (၇)ရပ်ကွက်၊ သပြေကုန်းမဟာစည်သာသနာ့ ရိပ်သာကျောင်းတိုက်ဆရာတော် ဦးတေဇနိယ၏ ရဟန်းအစ်မ၊ အမှတ် (၂)ရပ်ကွက်၊ ပြည်တော်သာလမ်းနေ (ဦးလှမောင်-ဒေါ်သန်းနု)တို့၏ သမီး၊ (ဦးစိန်မြ-ဒေါ်ကျင်မြ) တို့၏ သမီးချွေးမ၊ (ဦးမြသောင်း)-ဒေါ်ခင်စိန်၊ ဦးမြင့်အောင်-ဒေါ်စန်းဌေး၊ ဦးအေးလွင်-ဒေါ်အေးကြူတို့၏ ညီမ၊ ဦးတင်မောင်ဝင်း-ဒေါ်စန်းနွဲ့၊ ဦးခင်မောင်ဦး-ဒေါ်အေးကြည်၊ ဦးကျော်စိုးဝင်း-ဒေါ်အေးအေးမော်၊ (ဦးခင်မောင်ဌေး)-ဒေါ်သီတာ၊ ဦးကိုကို-ဒေါ်သန်းသန်းစိန်တို့၏ အစ်ကို၊ ကိုကျော်ကျော်ဦး-မဝင်းမာမြင့်၊ ကိုပြည့်ဖြိုး-မဟန်စုဝင်း၊ ကိုအောင်အောင်-မနှင်းဝတ်ရည်၊ ကိုနန္ဒဝင်းဆွေ-မနှင်းအိမွန်၊ မသဲဆုအောင်တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား၊ အင်ဂျင်နီယာ ဦးမြင့်ဆွေ၏ ချစ်လှစွာသောဇနီး ဒေါ်ခင်သန်းဝင်းသည် ၂၂-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အသုဘကမ္မဋ္ဌာန်းစီးဖြန်းရင်း သုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါ၍ ခရမ်းမြို့ အမှတ် (၂)ရပ်ကွက်၊ ပြည်တော်သာလမ်းနေ ဦးမြင့်ဆွေ-(ဒေါ်ခင်သန်းဝင်း)တို့၏နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်မာစီ
### အသက် (၅၈) နှစ်

ဓနုဖြူမြို့နေ (ဦးထွန်းကြည်-ဒေါ်စောရီ)တို့၏သမီးထွေး၊ (ဦးကြည်အောင်)-ဒေါ်မြလေး၊ ဦးလှထွေး-ဒေါ်တင်စန်း၊ ဦးမြင့်နိုင်-ဒေါ်သန်းရွှေတို့၏ညီမ၊ (ဦးသက်နိုင်)-ဒေါ်ဥမ္မာတို့၏အစ်မ၊ ရန်ကုန်မြို့ တိုက်(၁၀၄/၆)၊ ငါးလွှာ၊ ဦးဝိစာရလမ်းသွယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်နေ ဦးညီညီလေး-ဒေါ်ထိုက်ထိုက်ထွေးတို့၏အဒေါ် ဒေါ်ခင်မာစီသည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဟာဂျီဦးထွန်းအောင်မြင့်(ခ)ဟာဒွန်ဘိုင်
(ဟေမာပုလဲ မိတ်ကပ်)
### အသက်(၅၅)နှစ်

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ (၄၂)လမ်းနေ ဟာဂျီ ဦးမောင်မောင်ကြီး(စတားလိုက်ဆေးတိုက်)-ဟာဂျီမ ဒေါ်သန်းသန်းအေးတို့၏ သား၊ ဒေါ်နန့်အေးကြည်(ခ) Glory (Thai Airway)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမင်းအောင် (YIS)၊ မဖူးပွင့်မို(ILBC)တို့၏ ဖခင်၊ ဒေါ်စန်းစန်းရီ၊ ဒေါ်အေးအေးသန်းတို့၏ မောင်၊ (ဦးမျိုးသိန်း)၊ ဦးမျိုးထွန်း၊ ဟာဂျီဦးကျော်ဝင်းသိန်း၊ ဦးအောင်ကျော်လင်းတို့၏ အစ်ကိုသည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) ည ၇း၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၂-၇-၂၀၁၉ ရက်တွင် အဆွရ်အပြီး ရေဝေးဥယျာဉ်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးစိုးသူရ (ကြည်း-၂၁၃၈၄)၊ (စတသ-၃၀)
### အသက် (၅၂) နှစ်

ဘားအံမြို့ (၉)ရပ်ကွက်၊ ရတနာဒီပမင်းရဲကျော်စွာလမ်းနေ ဦးစိုးတင့်-ဒေါ်မြင့်မြင့်ကြည်တို့၏သားကြီး၊ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)၊ အ.ထ.ကကျောင်းလမ်း၊ အမှတ်(၃၇၅)နေ ဦးဝင်းရွှေ (ခ) ဦးကော်ကျင်ဆိုက်-ဒေါ်လျူစီလန်းတို့၏ သားသမက်၊ ဒေါ်စိုးကေခိုင်၊ ဒေါက်တာ စိုးဟေမာ၊ ကိုစိုးကျော်စွာတို့၏အစ်ကို၊ ဒေါ်နုနုထွေး ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိုးတေဇ-မခိုင်လွင်ဦး၊ မစိုးမခ၊ မစိုးမလိခတို့၏ချစ်လှစွာသောဖခင် ဗိုလ်မှူး စိုးသူရသည် ၂၁-၇-၂၀၁၉ ရက် ည ၁၁း၀၃ နာရီတွင် အမှတ်(၅) တပ်မတော်ဆေးရုံ၊ (ခုတင်-၃၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ဖားအောက်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ရေတွင်း၊ ရေကန် အလှူရှင် ဒါယကာကြီး
### ဦးကျော်စိုးမိုး (C/E) အသက်(၅၀)
**CDC-25201**

ရန်ကုန်မြို့ အမှတ်(၁၇၈)၊ မဟာဗန္ဓုလလမ်း၊ ခြောက်လွှာ၊ ပုဇွန်တောင်မြို့နယ်နေ (ဦးစိုးမြင့်)-ဒေါ်မြမေတို့၏ သားကြီး၊ (ဦးတင်ချို)-ဒေါ်သန်းသန်းမြင့်တို့၏ သားသမက်၊ ဦးမောင်မောင်မိုး-ဒေါ်နှင်းယုမော်၊ ဦးမြင့်ဦး-ဒေါ်မြမြစိုး၊ ဦးမျိုးသီဟန်-ဒေါ်အေးဇာနည်စိုးမြင့်တို့၏ အစ်ကိုကြီး၊ မောင်ကျော်ကိုကို၊ မရွှန်းလဲ့ကျော်စိုး၊ မောင်စိုးကိုကိုတို့၏ ဖခင်၊ ဒေါ်မျိုးမမ၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမခုနစ်ယောက် တို့၏ ဘကြီးသည် ၂၁-၇-၂၀၁၉ ရက် မွန်းလွဲ ၂း၄၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ရက် ညနေ ၄နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၉ ရက်တွင် အမှတ်(၁၇၈)၊ မဟာဗန္ဓုလလမ်း၊ ခြောက်လွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအောင်ဇော် (ခ) ဦးမြင့်မော်ဦး
(ရုပ်ရှင်သရုပ်ဆောင်)
### အသက် (၄၉) နှစ်

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)၊ (၆၂)လမ်း၊ မင်္ဂလာလမ်း၊ GG (၉/၂)နေ (ဦးမော်သန်း-ဒေါ်ခင်စန်းမြင့်)တို့၏ သားကြီး၊ ဒေါက်တာစိန်မြင့်-(ဒေါ်ဖြူဖြူ)တို့၏ သားသမက်၊ ဒေါ်ဖြူစင်မြင့်၏ ခင်ပွန်း၊ ရုပ်ရှင်သရုပ်ဆောင် စူးရှ(ခ)မိုးဖြူ၏ချစ်လှစွာသောဖခင် ဦးအောင်ဇော်(ခ)ဦးမြင့်မော်ဦးသည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဦးသုမနသာမိ (ခ) ဦးသိန်းတန် (မြိတ်)
**M.A (Phil)**
### အသက် (၅၀)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း၊ ပေ (၅၀)လမ်း၊ အမှတ်(၃၁)နေ (ဦးစိုးမြင့်-ဒေါ်အစ်ကြည်)တို့၏သား၊ (ဦးစွမ်ဟို-ဒေါ်ရုအင်)တို့၏ သားသမက်၊ (ဦးကျော်ဝင်း)-ဒေါ်သန်းသန်းဝေ၊ ဒေါ်ယုခင်(ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန)၊ ဦးလွန်းကြည်-ဒေါ်နုယဉ်၊ ဒေါက်တာအောင်ကျော်(ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်)-ဒေါ်ခိုင်သဉ္ဇာစိုးတို့၏ညီ/မောင်၊ ဦးကျော်လွင်-ဒေါ်တင်အုန်းတို့၏ အစ်ကို၊ မြိတ်မြို့ မြစ်ငယ်ရပ်၊ မြစ်ငယ်ကျောင်းလမ်း၊ အမှတ်(၅၃)နေ ဒေါ်သင်းသင်းဟိန်၏ ခင်ပွန်း၊ မောင်စံထွန်း(ဆဋ္ဌမတန်း၊ အထက-၁၊ မြိတ်မြို့)၏ဖခင် ဦးသုမနသာမိ (ခ)ဦးသိန်းတန်သည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) ည ၉း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (စော်ဘွားကြီးကုန်း၊ (၁၀) မိုင်၊ အနန္တသူရိယလမ်း၊ အမှတ်-၄/၁၁၄နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဦးသုမနသာမိ (ခ) ဦးသိန်းတန် (မြိတ်)
**M.A (Phil)**
### အသက် (၅၀)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း၊ ပေ (၅၀)လမ်း၊ အမှတ် (၃၁) နေ (ဦးစိုးမြင့်-ဒေါ်အစ်ကြည်)တို့၏သား၊ (ဦးစွမ်ဟို-ဒေါ်ရုအင်)တို့၏ သားသမက်၊ မြိတ်မြို့ မြစ်ငယ်ရပ်၊ မြစ်ငယ်ကျောင်းလမ်း၊ အမှတ်(၅၃)နေ ဒေါ်စောမှီ (ကိုကင် ကားပစ္စည်းဆိုင်မိသားစု )၊ (ဦးရှင်ပေါ)-ဒေါ်စောလိုက်၊ ဒေါ်စောရီ၊ ဒေါ်စောတင်၊ ဦးဖြိုးလျှံလင်း-ဒေါ်ဖြူဖြူလွင်၊ ဦးကျော်ကျော်ထွန်း-ဒေါ်ဂင်မွန်တို့၏ညီ/မောင်၊ ဦးဇော်မင်းထွန်း(ကိုကင်)၊ ဦးမျိုးဆက်၊ မချိုချိုအေးတို့၏အစ်ကို၊ ဒေါ်သင်းသင်းဟိန်၏ ခင်ပွန်း၊ မောင်စံထွန်း(ဆဋ္ဌမတန်း၊ အထက-၁၊ မြိတ်မြို့)၏ဖခင် ဦးသုမနသာမိ (ခ) ဦးသိန်းတန်သည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) ည ၉း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (စော်ဘွားကြီးကုန်း၊ ၁၀မိုင်၊ အနန္တသူရိယလမ်း၊ အမှတ်-၄/၁၁၄နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### (ကြည်း/၆၆၉၁) ဗိုလ်မှူးအောင်သိမ်း (ငြိမ်း)
**ဗိုလ်သင်တန်းအမှတ်စဉ်(၉)၊ စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)၊ ကုန်းလမ်းပို့ဆောင်ရေး**
### အသက် (၉၁) နှစ်

ရန်ကုန်မြို့နေ ထောင်ပိုင်ဝန်(ဦးလှအောင်-ဒေါ်ကျော့)တို့၏သားကြီး၊ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)ရပ်ကွက်၊ သီရိရတနာရိပ်သာ၊ သီရိမြိုင်လမ်း၊ အမှတ်(၅၄)နေ ဗိုလ်မှူးဒေါ်တင်တင်ညို(ငြိမ်း)၏ ခင်ပွန်း၊ (ဒေါ်လှရင်-ဦးအောင်ကျော်ခိုင်)၊ [ဗိုလ်မှူးအောင်မင်း(ငြိမ်း)]-ဗိုလ်ကြီး ဒေါ်မိမိလေး(ငြိမ်း)၊ (ဦးကျော်သိန်း)၊ ဒေါ်လှကြူ၊ အရာခံဗိုလ်ကျော်ဇံ(ငြိမ်း)-ဒေါ်ယုယုစော၊ ဒေါ်လှမူ၊ ဦးလှမောင်-ဒေါ်တင်မြင့်၊ (ဒေါက်တာလှမြင့်မောင်) တို့၏အစ်ကိုကြီး၊ ဒေါ်မြတ်မိုးသိမ်း-ဦးကိုကိုဦး(တွဲဖက်ပါမောက္ခ၊ YTU-Maths)၊ ဦးမျိုးမင်းသိမ်း-ဒေါ်ကစ်တွဲလ်၊ ဦးကျော်မျိုးသိမ်း(Head of Government Relations, Save the Children)-ဒေါ်နန်းနွယ်နီဝင်းတို့၏ ဖခင်၊ Dr.ဆုမြတ်ကိုကို၊ မသက်မြတ်ကိုကို၊ (စင်ဒီကစ်သိမ်း)၊ မဟေမာန်သိမ်း၊ မရူပါသိမ်း၊ ဘင်ဂျီမင်စိုးမိုးသိမ်း၊ မဝင်းမို့မို့သိမ်း၊ မောင်ဝင်းဇေယျာညိုတို့၏ အဘိုး ဗိုလ်မှူးအောင်သိမ်း(ငြိမ်း)သည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးခင်ထွန်း (ဟင်္သာတမြို့)
**ရေသန့်အင်ဂျင်နီယာ(ငြိမ်း)**
### အသက် (၇၈) နှစ်

ဟင်္သာတမြို့ အမှတ် (၁၈၁)၊ မြစ်ကွေ့ကျောင်းလမ်းနေ [ဒေါ်ဌေးဌေး(စည်ပင်သာယာ-ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဇော်ထွန်း-ဒေါ်ချိုလေး၊ ဒေါ်ခင်ဇာနည်ထွန်း (Super High၊ မုန့်မျိုးစုံရောင်းဝယ်ရေး)၊ ဗိုလ်ကြီးအောင်ကြည်စိုး-ဒေါ်ခင်ဥမ္မာထွန်း၊ ဦးမျိုးမင်း-ဒေါ်ခင်အဏ္ဏဝါထွန်း(မေတ္တာရှင်ဆိုင်ကယ်၊ ကားအပိုပစ္စည်းရောင်းဝယ်ရေး)တို့၏ဖခင်၊ မောင်ဇေယျာဖြိုး-မတုံးတုံးဝေ(i-tech ဖုန်းရောင်းဝယ်ရေး)၊ မဆုဆုသွယ်၊ မောင်လပြည့်ဖြိုး၊ မပွင့်သရဖီ၊ မောင်အောင်ခန့်မင်း၊ မလင်းလဲ့ချို၊ မောင်ဟိန်းသစ်အောင်တို့၏ချစ်လှစွာသော ဘဘကြီး၊ မောင်ဝေယံလင်း၏အဘိုးသည် ၂၁-၇-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်ဝင်းဝင်း(ခ)ဒေါ်ပို
### အသက်(၅၈)နှစ်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ (၃၅)လမ်း၊ အမှတ်(၂၅၆)၊ ပထမထပ်(ဝဲ)နေ (ဦးလှမင်း)-ဒေါ်လှတင် (ကသ-လယ-ငြိမ်း)တို့၏ ဒုတိယသမီး၊ ဦးမြင့်နွယ်(ဘီလပ်မြေစက်ရုံ၊ ကြံခင်း)-Dr.ဒေါ်မင်းမင်း (လူမှုဖူလုံရေးဆေးခန်း-ကြံခင်း)တို့၏ ညီမ၊ ဒေါ်စုစု (တီချယ်ပေါက်)၏ အစ်မ၊ မဆွေလင်းနန္ဒာ (အလုပ်သင်ဆရာဝန်-သင်္ဃန်းကျွန်းဆေးရုံ)၏အဒေါ် ဒေါ်ဝင်းဝင်း(ခ)ဒေါ်ပို(BVS)သည် ၂၂-၇-၂၀၁၉ ရက် နံနက် ၆း၂၄ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၁၉ ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း စာသင်ကျောင်း ၁၇၈ ကျောင်း ယာယီပိတ်ထားရ

**မန္တလေး ဇူလိုင် ၂၂**

ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၇၈ ကျောင်းကို ယာယီပိတ်ထားရပြီး ၎င်းတို့အနက် စဉ့်ကူးမြို့နယ်တွင် အများဆုံးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးခင်မောင်တိုးက ပြောသည်။

**ဆက်လက်ပိတ်ခဲ့ရ**

ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအချို့ကို ဇူလိုင် ၁၅ ရက်မှစတင်၍ ယာယီပိတ်ထားခဲ့ရပြီး ဇူလိုင် ၁၇ ရက်တွင် စဉ့်ကူး၊ မတ္တရာ၊ သပိတ်ကျင်းမြို့နယ်များရှိ အခြေခံပညာကျောင်းများကို ဆက်လက်ပိတ်ခဲ့ရသည့်အပြင် ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် မြင်းခြံ၊ အမရပူရ၊ တံတားဦး၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ကျောင်းများကို ထပ်မံပိတ်ခဲ့ရကြောင်း သိရသည်။

"မြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကြားလို့မရဘဲ ယာယီပိတ်ထားရတဲ့ အခြေခံပညာကျောင်းပေါင်းကတော့ လက်ရှိ ဇူလိုင် ၂၁ ရက်အထိ ၁၇၀ ကျော်ရှိပါပြီ။ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းသွားရင်တော့ ကျောင်းတွေကို ပြန်လည်ဖွင့်လှစ်ပေးသွားမှာပါ။ အခုပိတ်ထားရတဲ့ ကျောင်းတွေကလည်း နှစ်စဉ်ရေဝင်ရောက်လေ့ရှိတဲ့ ကျောင်းတွေပဲ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐**



ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ရေများဝင်ရောက်နေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-စိုးကျော်သူထွေး (မတ္တရာ)

# ဥရောပနှင့် အာရှအသင်းများပါဝင်မည့် လေးနိုင်ငံ ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲ မန္တလေး၌ ကျင်းပမည်

**မန္တလေး ဇူလိုင် ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) သည် ဥရောပဘောလုံးအဖွဲ့ချုပ် (UEFA)၏ AFC-UEFA Assist Program ဖြင့် ဥရောပနှင့် အာရှအသင်းများပါဝင်သည့် ယူ-၁၆ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ပထမဆုံးကျင်းပသည့်ပြိုင်ပွဲဖြစ်**

ယင်းပြိုင်ပွဲကို ဥရောပဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဒေသတွင်း လူငယ်ဘောလုံးလောက ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**



မြန်မာ ယူ-၁၅ အသင်း လေ့ကျင့်နေစဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**


ချန်ဒရာယန်း-၂ လစူးစမ်းလေ့လာရေးယာဉ် အိန္ဒိယလွှတ်တင် — စာမျက်နှာ » ၁၂

၁၉၆၈ ခုနှစ်က ပျောက်ဆုံးသွားသည့် ပြင်သစ်ရေငုပ်သင်္ဘော မြေထဲပင်လယ်၌ ရှာဖွေတွေ့ရှိ — စာမျက်နှာ » ၁၃

တာပိန်မြစ်အတွင်း ဓာတ်ပုံဆင်းရိုက်စဉ် ရေစီးနှင့် မျောပါသွားသူနှစ်ဦးအနက် တစ်ဦးသေဆုံး၊ တစ်ဦး အသက်ရှင်လျက် ရှာဖွေတွေ့ရှိ — စာမျက်နှာ » ၁၄



